မြဝတီ နေ့စဉ်

အများအမှန် ပိုင်းခြားသိမြင် မြဝတီနေ့စဉ်

www.myawady.net.mm
E-mail:mwddailynewspapergroup@gmail.com

အတွဲ(၁၄)၊ အမှတ်(၁၄၇)

၁၃၈၆ ခုနှစ်၊ တော်သလင်းလဆန်း ၁၀ ရက်
၂၀၂၄ ခုနှစ်၊ စက်တင်ဘာ ၁၂ ရက်၊ ကြာသပတေးနေ့


**မြတ်ဗုဒ္ဓ၏အဆုံးအမတရား**

မိမိထက် အသက်သိက္ခာဝါကြီးသောသူတို့ကို အမြဲအရိုအသေပြုလေ့ ရှိခိုးလေ့ရှိသောသူမှာ အသက်ရှည်ခြင်း၊ အဆင်းလှခြင်း၊ ချမ်းသာခြင်း၊ ခွန်အားကြီးခြင်းဟူသော အကျိုးထူးတရားလေးပါးတို့သည် တိုးပွားကုန်၏။ **ဓမ္မပဒ**

**ဒို့တာဝန်အရေးသုံးပါး**

- ♦ ပြည်ထောင်စုမပြိုကွဲရေး။
- ♦ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- ♦ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ်(၅)ရပ်**

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေးပြည်ထောင်စု တစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေးအပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများ အားမြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏လူမှုစီးပွားဘဝ မြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA)ပါသဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေး လုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့်အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေးဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# မိုးသည်းထန်စွာ အဆက်မပြတ်ရွာသွန်းမှုကြောင့် နေပြည်တော်ကောင်စီနယ်မြေနှင့် ကျိုက်ထိုမြို့နယ်၊ ပျော်ဘွယ်မြို့နယ်၊ ဟိုပုံးမြို့နယ်တို့တွင် ရေဝင်ရောက်မှုများဖြစ်ပေါ်၊ ကူညီကယ်ဆယ်ရေးလုပ်ငန်းများ အချိန်နှင့်တစ်ပြေးညီ အင်တိုက်အားတိုက် ဆောင်ရွက်ပေးလျက်ရှိ



နယ်မြေခံတပ်မတော်သားများက နေပြည်တော်ကောင်စီနယ်မြေ ပုဗ္ဗသီရိမြို့နယ် ဥယျာဉ်စုကျေးရွာအုပ်စု ဆင်တဲကြီးရွာနှင့် ဇေယျာသီရိမြို့နယ် သိုက်ချောင်းကျေးရွာသို့ ဆက်သွယ်ထားသော ကွန်ကရစ်လမ်း(မြို့ပတ်လမ်း)ရေကျော်သဖြင့် ကူညီကယ်ဆယ်ရေးလုပ်ငန်းများဆောင်ရွက်ပေးစဉ်။

နေပြည်တော် စက်တင်ဘာ ၁၁

တောင်တရုတ်ပင်လယ်ပြင်တွင် ဖြစ်ပေါ်ခဲ့သော တိုင်ဖွန်းမုန်တိုင်း ရာဂိ၏အရှိန်နှင့် ဘင်္ဂလားပင်လယ်အော် အနောက်အလယ်ပိုင်းနှင့် အနောက်မြောက်ပိုင်းတို့တွင် ဖြစ်ပေါ်နေသော မုန်တိုင်းငယ်၏ အရှိန်ကြောင့် နေပြည်တော်ဝန်းကျင်တွင် ၈ ရက်နေ့တွင် နေရာကျဲကျဲ၊ ၉ ရက်နေ့တွင် နေရာစိပ်စိပ်၊ ၁၀ ရက်နေ့နှင့် ၁၁ ရက်နေ့တို့တွင် နေရာအနှံ့အပြား မိုးအဆက်မပြတ်ရွာသွန်းခဲ့ပြီး ယနေ့တွင် မိုးရေချိန်

**စာမျက်နှာ ၁၁ ကော်လံ ၁** ❖

**ဆောင်းပါး** နိုင်ငံတော်ကာကွယ်ခုခံပိုင်ခွင့် (National Self Defence) စာ - ၁၃ သို့

ပြည်လုံးကျွတ်သန်းခေါင်စာရင်းကောက်ယူရန် **၁၈** ရက်သာ လိုတော့သည်။




## အယ်ဒီတာ့အာဘော်

(၂၀၂၄ ခုနှစ်၊ စက်တင်ဘာ ၁၂ ရက်)

# ကြည်ဖြူဝမ်းမြောက် သန်းခေါင်စာရင်းကောက်ကြစို့

၂၀၂၄ ခုနှစ် လူဦးရေနှင့်အိမ်အကြောင်းအရာသန်းခေါင်စာရင်းကောက်ယူခြင်းကို အောက်တိုဘာလ ၁ ရက်နေ့တွင် စတင်ကောက်ယူတော့မည်ဖြစ်သည်။ သန်းခေါင်စာရင်းကောက်ယူရေးအတွက် ကြိုတင်ပြင်ဆင်ရေးလုပ်ငန်းများအားလုံး ဆောင်ရွက်ထားပြီးဖြစ်သည်။ ကြိုတင်ပြင်ဆင်ခြင်းလုပ်ငန်းများဆောင်ရွက်ပြီးစီးမှုကို ကြည့်မည်ဆိုပါက **GIS** နည်းပညာနှင့်စာရင်းကောက်ကွက်များဖွဲ့စည်းခြင်း၊ **CAPI** စနစ်တည်ဆောက်ခြင်းနှင့် **Application** ရေးသားခြင်း၊ စာရင်းစစ်၊ စာရင်းကောက်များခန့်ထားခြင်း၊ **Mobile Tablet** နှင့် ဆက်စပ်ပစ္စည်းများ၊ စာရင်းစစ်၊ စာရင်းကောက်အသုံးအဆောင်ပစ္စည်းများကို တိုင်းဒေသကြီး၊ ပြည်နယ်အသီးသီးသို့ပေးပို့ခြင်း စသည့်ပြင်ဆင်ရေးလုပ်ငန်းများ ဆောင်ရွက်ပြီးဖြစ်ကြောင်းတွေ့ရှိရသည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်အနေဖြင့် ၂၀၂၄ ခုနှစ် စက်တင်ဘာလ ၁ ရက်နေ့တွင် ၂၀၂၄ ခုနှစ် လူဦးရေနှင့်အိမ်အကြောင်းအရာသန်းခေါင်စာရင်းကောက်ယူခြင်း အထိမ်းအမှတ်အဖြစ် ပြည်သူများသို့မိန့်ခွန်းပြောကြားခဲ့ရာတွင် **“နိုင်ငံတော်ရဲ့အနာဂတ်၊ ပြည်သူတွေရဲ့ မျှော်လင့်ချက်၊ လိုအပ်ချက်တွေကိုပုံဖော်ပေးနိုင်ဖို့ အခုဆောင်ရွက်မယ့်ပြည်လုံးကျွတ်သန်းခေါင်စာရင်းကောက်ယူခြင်းလုပ်ငန်းကြီးမှာ မှန်မှန်ကန်ကန်ဖြေကြားခြင်းဖြင့် ပူးပေါင်းပါဝင်ကြရန်”** တိုက်တွန်းနှိုးဆော်ထားပါသည်။ ဤသည်မှာ အရေးကြီးသည့်အချက်တစ်ချက်ကို မီးမောင်းထိုးပြခြင်းဖြစ်သည်။ လူဦးရေနှင့်အိမ်အကြောင်းအရာသန်းခေါင်စာရင်းကောက်ယူခြင်းလုပ်ငန်းမှာ နိုင်ငံတော်နှင့်နိုင်ငံသားများကောင်းကျိုးအတွက်ပင်ဖြစ်သည်။ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးနှင့် ပြည်သူများ၏လူမှုစီးပွားဘဝမြင့်မားရေးကိုဆောင်ရွက်ပေးရာတွင် လူဦးရေနှင့်အိမ်အကြောင်းအရာသန်းခေါင်စာရင်းမှရရှိသောအချက်အလက်များက အထောက်အကူပြုမည်ဖြစ်သည်။

တိကျမှန်ကန်ပြီးအရည်အသွေးပြည့်ဝသည့် သန်းခေါင်စာရင်းအချက်အလက်များရရှိစေရန် သန်းခေါင်စာရင်းကောက်ယူမည့်ကာလအတွင်းတွင် နေပြည်တော်၊ တိုင်းဒေသကြီး၊ ပြည်နယ်သန်းခေါင်စာရင်း ကြီးကြပ်မှုကော်မတီအဆင့်ဆင့်၏ အနီးကပ်ကြီးကြပ်မှု၊ စာရင်းစစ်၊ စာရင်းကောက်များ၏ကြိုးစားအားထုတ်မှုများအပေါ်တွင် ရာခိုင်နှုန်းပြည့်မူတည်နေပြီး ပြည်သူများကလည်း တစ်တပ်တစ်အားပါဝင်ဆောင်ရွက်ကြရန်ဖြစ်သည်။ ၂၀၂၄ ခုနှစ် လူဦးရေနှင့်အိမ်အကြောင်းအရာသန်းခေါင်စာရင်းကောက်ယူရမည့်ကာလကို ၁၅ ရက်သတ်မှတ်ထားသော်လည်း လုံခြုံရေးနှင့်လမ်းပန်းဆက်သွယ်ရေးအခြေအနေများအရ ရက်တိုးမြှင့်ကောက်ယူရန်လိုအပ်ပါက သက်ဆိုင်ရာနေပြည်တော်၊ တိုင်းဒေသကြီး၊ ပြည်နယ်သန်းခေါင်စာရင်းကြီးကြပ်မှုကော်မတီများက တင်ပြဆောင်ရွက်ရန် ညွှန်ကြားထားပြီးဖြစ်သည်။

သန်းခေါင်စာရင်းလုပ်ငန်းသည် လုပ်ငန်းပမာဏကြီးမားကျယ်ပြန့်ပြီး ပြည်သူလူထု၏ပူးပေါင်းပါဝင်မှုကလည်း မဖြစ်မနေလိုအပ်လှသည်။ လုပ်ငန်းစီမံချက်ပါအတိုင်း တစ်နိုင်ငံလုံးအတိုင်းအတာနှင့် လွှမ်းခြုံနိုင်ရန်၊ တစ်ယောက်မကျန် စာရင်းကောက်ယူနိုင်ရန်၊ မေးမြန်းသမျှအပေါ်တွင်လည်း မှန်ကန်စွာဖြေကြားကြရန်နှင့် လိုအပ်သည့်ကိန်းဂဏန်းအချက်အလက်များရရှိစေရန် ပါဝင်ဆောင်ရွက်ကြမည့် တာဝန်ရှိသူများ၊ ပြည်သူများအနေဖြင့် ကြုံတွေ့ရမည့်အခက်အခဲနှင့်စိန်ခေါ်မှုများကို ဝိုင်းဝန်းဖြေရှင်းဆောင်ရွက်ကြရမည်ဖြစ်သည်။

ဗဟိုသန်းခေါင်စာရင်းကော်မရှင်နာယက နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းက စက်တင်ဘာလ ၆ ရက်တွင်ကျင်းပသော ဗဟိုသန်းခေါင်စာရင်းကော်မရှင်၏ ပဉ္စမအကြိမ်လုပ်ငန်းညှိနှိုင်းအစည်းအဝေးအမှာစကားတွင် **“နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် နိုင်ငံတော်တာဝန်ကိုယူထားသည့်ကာလအတွင်းတွင် အမျိုးသားအကျိုးစီးပွားကို ဦးထိပ်ပန်ဆင်စိတ်နှင့် အခက်အခဲတိုင်းကို မဖြစ်မနေဖြတ်သန်းကျော်လွှားပြီး အောင်မြင်အောင်ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ကြိုတင်မြော်တွေးနိုင်မှု၊ ဝိုင်းဝန်းပေါင်းစပ်ညှိနှိုင်းအဖြေရှာမှုများနှင့်ပင် ပြဿနာကိုကျော်လွှားသွားရမည်ဖြစ်ကြောင်း၊ ထို့ပြင်တိကျမှန်ကန်သည့်သန်းခေါင်စာရင်းရလဒ်များသည် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ အနှိမရည်မှန်းချက်ဖြစ်သည့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲအောင်မြင်စွာကျင်းပနိုင်ရန် တစ်ဖက်တစ်လမ်းကအထောက်အကူဖြစ်စေမည်ဖြစ်ကြောင်း”** ပြောကြားခဲ့သည်။

မြန်မာနိုင်ငံတွင်ဆောင်ရွက်မည့် ၂၀၂၄ ခုနှစ် လူဦးရေနှင့်အိမ်အကြောင်းအရာသန်းခေါင်စာရင်းကောက်ယူခြင်းလုပ်ငန်းသည် နိုင်ငံတကာအကူအညီမပါဘဲ မိမိတို့၏ကိုယ်ပိုင်အင်အားနှင့်စွမ်းဆောင်သည့် သမိုင်းမှတ်တိုင်တစ်ခုအဖြစ် မှတ်ကျောက်တင်နိုင်မည်ဖြစ်သည်။ အဆိုပါလုပ်ငန်းကြီးသည် ငွေအင်အား၊ လူအင်အား၊ ကျွမ်းကျင်မှုအားများလိုအပ်သကဲ့သို့ စေတနာအား၊ စိတ်ဓာတ်ခွန်အားများလည်းလိုအပ်သည်။ ကြိုတင်ပြင်ဆင်လုပ်ငန်းအများစုသည် လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာနတစ်ခုတည်းဖြင့် ဆောင်ရွက်၍ရသည့်လုပ်ငန်းများဖြစ်သော်လည်း ရှေ့ဆက်ပြီးဆောင်ရွက်ရမည့် လုပ်ငန်းအများစုသည် ဆက်စပ်ဝန်ကြီးဌာနများ၊ တိုင်းဒေသကြီး၊ ပြည်နယ်တာဝန်ခံများ၊ ဌာနဆိုင်ရာများသာမက လူမှုအဖွဲ့အစည်းများနှင့်ပြည်သူတစ်ရပ်လုံးကပါ ပူးပေါင်းပါဝင်ဆောင်ရွက်ကြရမည့်လုပ်ငန်းစဉ်များဖြစ်သည်။ ထို့ပြင် ပြည်သူလူထုအတွင်း ကွင်းဆင်းထိတွေ့ဆောင်ရွက်ရမည့်မြေပြင်လုပ်ငန်းများ ပိုမိုများပြားလာခြင်းကြောင့် အားလုံးပါဝင်ကူညီညှိနှိုင်း ပေါင်းစပ်ဆောင်ရွက်မှုများသည် ပိုမိုအရေးကြီးသည်။ အနှစ်ချုပ်ဆိုရသော် အစိုးရနှင့်ပြည်သူကြည်ဖြူဝမ်းမြောက် သန်းခေါင်စာရင်းကောက်ကြပါစို့ဟူ၍ တိုက်တွန်းရေးသားလိုက်ရပေသည်။ ။

## ပြည်သူ့စစ်မှုထမ်းဥပဒေပြဋ္ဌာန်းချက်ပါ

## ပြည်သူ့စစ်မှုထမ်းဆောင်ခြင်းတာဝန်မှ ကင်းလွတ်ခွင့်ရသူများ

**ကင်းလွတ်ခွင့်**

၁။ ပြည်သူ့စစ်မှုထမ်းဥပဒေပုဒ်မ-၂၂ တွင် အောက်ပါပုဂ္ဂိုလ်များသည် ပြည်သူ့စစ်မှုထမ်းတာဝန်မှ ကင်းလွတ်စေရမည်ဟု ပြဋ္ဌာန်းထားပါသည်-

(က) သာသနာ့ဝန်ထမ်းများ။

(ခ) အိမ်ထောင်သည်အမျိုးသမီးများ(အိမ်ထောင်ပျက်သော်လည်း သားသမီးရှိသူ အမျိုးသမီးလည်း ပါဝင်သည်)။

(ဂ) ကိုယ်လက်အင်္ဂါတစ်ခုခု အမြဲတမ်းမသန်စွမ်းသူများ။

(ဃ) တပ်မတော်ဆေးစစ်ဆေးရေးဘုတ်အဖွဲ့က ပြည်သူ့စစ်မှုထမ်းရန် အမြဲတမ်းမသင့်လျော်သူဖြစ်ကြောင်း သတ်မှတ်ထားသူများ။

(င) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့က အမိန့်ထုတ်ပြန်၍ ကင်းလွတ်ခွင့်ပြုထားသူများ။

၂။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့က ပြည်သူ့စစ်မှုထမ်းဆောင်ခြင်းတာဝန်မှ ကင်းလွတ်ခွင့်ပြုသူများ

(က) ဉာဏ်အရည်အသွေးမမီခြင်းနှင့်အကျင့်စာရိတ္တပျက်ပြားခြင်းတို့ကြောင့် စစ်မှုထမ်းရန်မသင့်လျော်သူများ။

(ခ) ဆေးစစ်ဆေးခြင်းသတ်မှတ်ချက်အရ စိတ်ပေါ့သွပ်သူဖြစ်ခြင်း (သို့မဟုတ်)စိတ်ပေါ့သွပ်နေသည်ဟု သက်ဆိုင်ရာဥပဒေက ပြဋ္ဌာန်းထားသည့်အတိုင်း သတ်မှတ်ခံရသူများ။

(ဂ) နိုင်ငံ့အတွက် တာဝန်ထမ်းဆောင်နေပြီး အစားထိုးရန်မဖြစ်နိုင်သေးသော အသိပညာရှင် (သို့မဟုတ်)အတတ်ပညာရှင်များ။

(ဃ) တိုက်ပွဲတွင်ကျဆုံးခဲ့သည့်တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ ပြည်သူ့စစ်အဖွဲ့ဝင်များ၏သားသမီးအရင်းအချာများ(ကိတ္တိမသားသမီးများ၊ မွေးစားသားသမီးများမပါ)။ မှတ်ချက်။ အကယ်၍ ၎င်းသားသမီးအရင်းများသည် ပြည်သူ့စစ်မှုထမ်းဆောင်ရန် သဘောဆန္ဒအလျောက်ဆန္ဒပြုပါက စစ်မှုထမ်းဆောင်ရန်ခွင့်ပြုနိုင်သည်။

(င) အာဆီယံအဆင့်၊ အာရှအဆင့်၊ ကမ္ဘာ့အဆင့် အားကစားပြိုင်ပွဲများတွင် နိုင်ငံ့ဂုဏ်ဆောင်ရွှေတံဆိပ်၊ ငွေတံဆိပ်၊ ကြေးတံဆိပ်တစ်ခုခုရရှိသော အားကစားသမားများ။

(စ) နိုင်ငံ့ဝန်ထမ်းတာဝန်ထမ်းဆောင်နေသော တစ်ဆက်စပ်တည်းလုပ်သက် ၂ နှစ်နှင့်အထက်ရှိသော ဆရာဝန်နှင့်သူနာပြုများ။

(ဆ) တစ်ဆက်စပ်တည်း လုပ်သက် ၂ နှစ်နှင့်အထက်ရှိသောတပ်မတော်စစ်သည်အစားခန့် အရပ်သားဝန်ထမ်းများ။

(ဇ) ကင်းလွတ်ခွင့်ပြုရန် မဖြစ်မနေလိုအပ်နေသူများအဖြစ် ကျိုးကြောင်းခိုင်လုံစွာ တင်ပြနိုင်သူများ။

# ယခုနှစ် မိုးသီးနှံစိုက်ပျိုးချိန်တွင် မြေပဲ ၂၉၁၅၂ ဧကစိုက်ပျိုးပြီးစီး

ယင်းမာပင် စက်တင်ဘာ ၁၁

စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်ခရိုင်၌ ယခုနှစ် မိုးသီးနှံစိုက်ပျိုးချိန်တွင် မြေပဲ ၂၉၁၅၂ ဧကစိုက်ပျိုးပြီးစီးနေပြီဖြစ်ကြောင်း ယင်းမာပင်ခရိုင်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

၂၀၂၄-၂၀၂၅ ခုနှစ် မိုးသီးနှံစိုက်ပျိုးချိန်တွင် ယင်းမာပင်ခရိုင်၌ မြေပဲ ၃၃၃၂၉ ဧကစိုက်ပျိုးရန်လျာထားပြီး ယခုနှစ် မေလမှစတင်၍ စိုက်ပျိုးခဲ့ကြရာ ၂၉၁၅၂ ဧက စိုက်ပျိုးပြီးစီးနေပြီဖြစ်သည်။

“ဒီနှစ် မိုးသီးနှံစိုက်ပျိုးချိန် ယင်းမာပင်ခရိုင်မှာ မြေပဲသီးနှံဧက ၃၀၀၀၀ ကျော် စိုက်ပျိုးဖို့အတွက် လျာထားပါတယ်။ ဒီနေ့အထိ ဧက ၂၉၀၀၀ ကျော် စိုက်ပျိုးပြီးစီးနေပြီဖြစ်ပါတယ်။ လျာထားချက်ဧကပြည့်မီစွာစိုက်ပျိုးနိုင်ရေးအတွက် ဆောင်ရွက်လျက်ရှိပါတယ်။ ဆီထွက်သီးနှံအနေနဲ့ကတော့ အောင်မြင်တဲ့အနေအထားမှာရှိတယ်။ မြေပဲစိုက်ပျိုးမှုအနေနဲ့ တစ်နှစ်နဲ့တစ်နှစ်တိုးတက်လာပါတယ်”ဟု ယင်းမာပင်ခရိုင်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူးဒေါ်မြတ်မိုးဝင်းကပြောသည်။

ယခုနှစ် ယင်းမာပင်ခရိုင်မြို့နယ်အလိုက် မြေပဲစိုက်ပျိုးပြီးစီးမှုအနေဖြင့် ယင်းမာပင်မြို့နယ်၌ ၁၈၇၆ ဧက၊ ကနီမြို့နယ်၌ ၂၆၅၈၉ ဧက၊ ဆားလင်းကြီးမြို့နယ်၌ ၆၁၉ ဧကနှင့်ပုလဲမြို့နယ်၌ ၆၈ ဧက စုစုပေါင်း ၂၉၁၅၂ ဧက ဖြစ်ကြောင်းသိရသည်။ (၄၀၉)

## မှတ်သားဖွယ်ရာမိုးရေချိန်များ

၁၁-၉-၂၀၂၄

| | | | | | | | | | |
|---|---|---|---|---|---|---|---|---|---|
| သာစည် (လှိုင်းတက်) | ၁၁ | ဒသမ | ၈၉ | လက်မ | ကြာအင်းဆိပ်ကြီး | ၇ | ဒသမ | ၉၆ | လက်မ |
| ရမည်းသင်း | ၁၁ | ဒသမ | ၂၂ | လက်မ | ဘားအံ | ၇ | ဒသမ | ၃၆ | လက်မ |
| ပျော်ဘွယ် | ၁၀ | ဒသမ | ၅၆ | လက်မ | လှိုင်လင် | ၆ | ဒသမ | ၅၀ | လက်မ |
| ပင်လောင်း | ၈ | ဒသမ | ၅၈ | လက်မ | တောင်ကြီး | ၆ | ဒသမ | ၁၁ | လက်မ |
| | | | | | ကျိုက်မရော | ၅ | ဒသမ | ၆၃ | လက်မ |

မြဝတီ နေ့စဉ် the Myawady Daily

စာတည်းမှူးချုပ် - ဦးမျိုးဝင်းရှိန်
စာတည်းမှူး(မြန်မာ) - ဦးရာဇာအောင်
စာတည်းမှူး(အင်္ဂလိပ်) - ဦးရဲမင်းတင်
စာတည်း(ကျွမ်းကျင်)အင်္ဂလိပ် - ဦးတင်မောင်သန်း

စာတည်းအဖွဲ့(မြန်မာ) - ဦးနေမင်းဦး၊ ဦးထွန်းထွန်းနိုင်၊ ဒေါ်နီလာအောင်၊ ဒေါ်ဖြူဖြူမောင်
စာတည်းအဖွဲ့(အင်္ဂလိပ်) - ဦးထက်မြတ်၊ ဒေါ်သီရိမွန်
သတင်းအဖွဲ့(နေပြည်တော်) - ဦးဇော်မင်းပိုင်၊ ဒေါ်ခိုင်ဝါဝါကျော်
သတင်းအဖွဲ့(ရန်ကုန်) - ဦးစံမင်းသူ

**နေပြည်တော်**
စာတည်းအဖွဲ့ ၀၃၁-၇၃၉၉၈၊ ဖက်စ် ၀၃၁-၇၃၉၉၉/၀၃၂-၃၀၂၆၂၊
ဖြန့်ချိရေး/ကြော်ငြာ ၀၃၁-၇၄၀၀၆၊ ၀၃၁-၇၄၀၀၈၊
ဘုရင့်နောင်ရပ်ကွက်၊ ပုဗ္ဗသီရိမြို့နယ်၊ နေပြည်တော်။
**ရန်ကုန်(ရုံးခွဲ)**
စာတည်းအဖွဲ့ ၀၁-၇၄၀၂၁၊ ဖြန့်ချိရေး ၀၁၈-၄၀၀၆၉၇၊
ကြော်ငြာ ၀၁-၇၄၀၂၂၊ အမှတ်(၁၅)၊ မိုးကောင်းလမ်း၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့။

**မန္တလေး(ရုံးခွဲ)**
တာဝန်ခံ ၀၉-၆၈၈၈၃၅၅၈၊ ၈၄ လမ်း၊
၂၉x၃၀ လမ်းကြား၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။

**ကျိုင်းတုံ(ရုံးခွဲ)**
တာဝန်ခံ ၀၉-၂၅၀၅၅၆၆၃၈၊ ၀၃၄-၇၃၆၀၁
လှိုင်မွေလမ်း၊ အမှတ်(၂)ရပ်ကွက်၊ ကျိုင်းတုံမြို့။

**ပုံနှိပ်ခြင်း/ထုတ်ဝေခြင်းအမှတ်** - ၀၀၃၇၈/၀၀၄၉၄
**စတင်ထုတ်ဝေသည့်ရက်** - ၂၀၁၁ ခုနှစ် ဧပြီလ ၁ ရက်
E-mail: mwddailynewspapergroup @ gmail.com
Website - www.myawady.net.mm

# ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ် ငါးလတာကာလအတွင်း ပြည်ပသို့ ပျားရည်တင်ပို့မှုမှ အမေရိကန်ဒေါ်လာ ၁ ဒသမ ၁၁၉ သန်းရရှိထား



ရန်ကုန် စက်တင်ဘာ ၁၁

၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ် ငါးလတာကာလအတွင်း ပြည်ပသို့ ပျားရည်တင်ပို့မှုမှ အမေရိကန်ဒေါ်လာ ၁ ဒသမ ၁၁၉ သန်းရရှိထားကြောင်း မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန ပျားလုပ်ငန်းဌာန ပျားမွေးမြူမှုဖွံ့ဖြိုးရေးဌာနခွဲ ဒုတိယ ညွှန်ကြားရေးမှူး ဦးမျိုးတင့်၏ပြောကြားချက်အရ သိရသည်။

"၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ် ဩဂုတ်လကုန်အထိ ပြည်ပကို ပုဂ္ဂလိကကဏ္ဍကနေ ပျားရည်မက်ထရစ်တန် ၇၄၅ ဒသမ ၈၂ တန်တင်ပို့ခဲ့ပြီး အမေရိကန်ဒေါ်လာ ၁ ဒသမ ၁၁၉ သန်းရရှိထားပါတယ်" ဟု ဦးမျိုးတင့်ကပြောသည်။

၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ် ဩဂုတ်လကုန်အထိ ပြည်ပသို့ ပုဂ္ဂလိကကဏ္ဍမှ ပျားရည်တင်ပို့မှုအနေဖြင့် ပုံမှန်ကုန်သွယ်ရေးမှ မက်ထရစ်တန် ၆၉၈ ဒသမ ၁၂ တန်တင်ပို့ပြီး နယ်စပ်ကုန်သွယ်ရေးမှ ၄၇ ဒသမ ၈ တန်တင်ပို့ခဲ့ရာ စုစုပေါင်းပျားရည်မက်ထရစ်တန် ၇၄၅ ဒသမ ၈၂ တန်တင်ပို့ပြီး အမေရိကန်ဒေါ်လာ ၁ ဒသမ ၁၁၉ သန်းရရှိထားသည်။

ထိုသို့တင်ပို့ရာတွင် ဂျပန်နိုင်ငံသို့ ပျားရည်မက်ထရစ်တန် ၅၁၆ ဒသမ ၁၂ တန်ဖြင့် အများဆုံးတင်ပို့နိုင်ခဲ့ပြီး အမေရိကန်ဒေါ်လာ ၇၇၄၁၈၀၊ တောင်ကိုရီးယားနိုင်ငံသို့ ပျားရည်မက်ထရစ်တန် သုည ဒသမ ၅ တန်တင်ပို့ခဲ့ပြီး အမေရိကန်ဒေါ်လာ ၇၅၀၊ ထိုင်းနိုင်ငံသို့ ပျားရည်မက်ထရစ်တန် ၁၈၁ ဒသမ ၅ တန် တင်ပို့ပြီး အမေရိကန်ဒေါ်လာ ၂၇၂၂၅၀၊ တရုတ်နိုင်ငံသို့ ပျားရည်မက်ထရစ်တန် ၄၅ ဒသမ ၇၉၇ တန်တင်ပို့ပြီး အမေရိကန်ဒေါ်လာ ၆၈၆၉၆ ဒေါ်လာ၊ တရုတ် (တိုင်ပေ) သို့ ပျားရည်မက်ထရစ်တန် ၂ ဒသမ ၀၁၂ တန်တင်ပို့ပြီး အမေရိကန်ဒေါ်လာ ၃၀၀၃ ဒေါ်လာ ရရှိခဲ့ကြောင်း သိရသည်။

ပြည်တွင်း၌ ပျားရည်ထုတ်လုပ်မှုအနေဖြင့် နှမ်းပျားရည်၊ ဆီးပျားရည်၊ ပန်းနှမ်းပျားရည်၊ နေကြာပျားရည်၊ ရော်ဘာပျားရည်၊ လိုက်ချီးပျားရည်ဟူ၍ ထုတ်လုပ်လျက်ရှိသည်။ ပျားရည်ကို ပြည်တွင်း၌ ဆေးဝါးအဖြစ် အသုံးပြုမှုများသကဲ့သို့ ပြည်ပနိုင်ငံများဖြစ်သည့် ဂျပန်၊ တောင်ကိုရီးယား၊ ထိုင်း၊ တရုတ်နှင့် တရုတ် (တိုင်ပေ) တို့သို့တင်ပို့ကာ နိုင်ငံခြားငွေရရှိကြောင်း သိရသည်။

**စောယု**

---

# ညောင်တုန်းမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဩဂုတ်လအတွင်း ငရုတ်သီးစိမ်းပိဿာချိန် ၈၅၀၀၀ အထိ တင်ပို့ရောင်းချနိုင်ခဲ့

ညောင်တုန်း စက်တင်ဘာ ၁၁

ဧရာဝတီတိုင်းဒေသကြီး ညောင်တုန်းမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဩဂုတ်လအတွင်း ငရုတ်သီးစိမ်းပိဿာချိန် ၈၅၀၀၀ အထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း ညောင်တုန်းမြို့နယ်မှ စားသောက်ကုန်ရောင်းဝယ်ရေးပွဲရုံလုပ်ငန်း လုပ်ကိုင်သူ ဒေါ်ငွေးငွေး၏ပြောပြချက်အရ သိရသည်။

ညောင်တုန်းမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇူလိုင်လအတွင်းက ငရုတ်သီးစိမ်းပိဿာချိန် ၆၅၀၀၀ သာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး ဩဂုတ်လ ၁ ရက်မှ ၃၁ ရက်အထိ တစ်လတာကာလအတွင်း ငရုတ်သီးစိမ်းပိဿာချိန် ၈၅၀၀၀ အထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း သိရသည်။

''ညောင်တုန်းမြို့နယ်ကနေ ရန်ကုန်ဈေးကွက်ကို ဩဂုတ်လအတွင်း ငရုတ်သီးစိမ်းပိဿာချိန် ၈၅၀၀၀ အထိ တင်ပို့ရောင်းချခဲ့ရပါတယ်။ ညောင်တုန်းမြို့နယ်ကထွက်တဲ့ ငရုတ်သီးစိမ်းတွေက အရည်အသွေးကောင်းတယ်။ အဲဒီလိုငရုတ်သီးအရည်အသွေးကောင်းတော့ မှာယူတဲ့သူလည်းများတယ်" ဟု ဒေါ်ငွေးငွေးကပြောသည်။

ညောင်တုန်းမြို့နယ်မှဒေသခံတောင်သူများသည် စပါးစိုက်ပျိုးရေးလုပ်ငန်းနှင့် ယှဉ်တွဲပြီး ငရုတ်စိုက်ပျိုးသည့်လုပ်ငန်းကို လုပ်ကိုင်လျက်ရှိကြောင်း၊ အဆိုပါဒေသမှထွက်ရှိသော ငရုတ်သီးများသည် အရည်အသွေးကောင်းမွန်သည့်အပြင် အရောင်းအဝယ်လည်းကောင်းလာခြင်းကြောင့် ငရုတ်စိုက်တောင်သူများ၊ လုပ်သားများ၊ ကုန်သည်များ၊ ပွဲရုံလုပ်ငန်းလုပ်ကိုင်သူများ အဆင်ပြေလျက်ရှိကြောင်း သိရသည်။

**သုတကျော်**

---

# ကချင်ပြည်နယ်အတွင်း ရေကြီးနစ်မြုပ်ပျက်စီးမှုများကြောင့် အချိန်မီပြန်လည်စိုက်ပျိုးရန်ကျန်ရှိနေသောစိုက်ကေများကို ယခုလအတွင်း အပြီးစိုက်ပျိုးမည်

မြစ်ကြီးနား စက်တင်ဘာ ၁၁

ကချင်ပြည်နယ်အတွင်း ယခုနှစ်မိုးရာသီတွင် မိုးသည်းထန်စွာရွာသွန်းမှုကြောင့် မိုးသီးနှံဧက ၁၀၀၀၀ ကျော် ရေကြီးနစ်မြုပ်ပျက်စီးဆုံးရှုံးခဲ့သည့်အနက် စိုက်ကေအများစုကို အချိန်မီပြန်လည်စိုက်ပျိုးနိုင်ခဲ့ပြီး ကျန်ရှိနေသောစိုက်ကေများကို ယခုလအတွင်း အပြီးစိုက်ပျိုးမည်ဖြစ်ကြောင်း ကချင်ပြည်နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ကချင်ပြည်နယ်အတွင်း ဇွန်လကုန်ပိုင်းက မိုးသည်းထန်စွာရွာသွန်းမှုများကြောင့် ရေကြီးရေလျှံမှုများဖြစ်ပေါ်ကာ မိုးစပါး ၁၉၇၆၃ ဧက၊ အစေ့ထုတ်ပြောင်း ၃၂၆၆ ဧကနှင့် တခြားသီးနှံ ၁၀၉၇ ဧက စုစုပေါင်း ၂၄၁၂၆ ဧက ရေကြီးနစ်မြုပ်ခဲ့ကြောင်း၊ အဆိုပါရေကြီးနစ်မြုပ်ခဲ့သော မိုးသီးနှံစိုက်ကေများအနက် မိုးစပါး ၆၃၈၈ ဧက၊ အစေ့ထုတ်ပြောင်း ၃၂၆၆ ဧကနှင့် တခြားသီးနှံများ ၄၃၄ ဧက စုစုပေါင်း ၁၀၀၈၈ ဧက ပျက်စီးဆုံးရှုံးခဲ့ကြောင်း သိရသည်။

"ကချင်ပြည်နယ်မှာ ဇွန်လ ၃၀ ရက်က မိုးသည်းထန်စွာရွာသွန်းမှုကြောင့် မိုးစပါး၊ အစေ့ထုတ်ပြောင်းနဲ့ တခြားသီးနှံအပါအဝင် စုစုပေါင်းမိုးသီးနှံ ၁၀၀၈၈ ဧက ပျက်စီးဆုံးရှုံးခဲ့ပါတယ်။ အဲဒီလိုပျက်စီးဆုံးရှုံးသွားတဲ့အထဲမှာ လက်ရှိအချိန်ထိ စုစုပေါင်းမိုးသီးနှံ ၇၂၃၉ ဧကကို ပြန်လည်စိုက်ပျိုးပြီးဖြစ်ပါတယ်။ ကျန်ရှိတဲ့ ၂၈၄၉ ဧကကို ယခုလအတွင်းပြီးစီးအောင် အစားထိုးပြန်လည်စိုက်ပျိုးသွားပါမယ်" ဟု ကချင်ပြည်နယ် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးဌေးလွင်ကပြောသည်။

အဆိုပါစိုက်ပျိုးရန်ကျန်ရှိသော မိုးသီးနှံ ၂၈၄၉ ဧကတွင် မိုးစပါး ဧက ၁၁၀၊ အစေ့ထုတ်ပြောင်း ၂၆၃၁ ဧကနှင့် တခြားသီးနှံ ၁၀၈ ဧကပါဝင်ပြီး ယခုလအတွင်း အပြီးစိုက်ပျိုးမည်ဖြစ်သည်။

ထို့ပြင် ယခုနှစ်မိုးသီးနှံစိုက်ပျိုးရာသီတွင် ထွက်ရှိလာသော သီးနှံအားလုံးကို ဒေသအတွင်းနှင့် နီးစပ်ရာဒေသများသို့ ဖြန့်ဖြူးရောင်းချနိုင်စေရန် ကချင်ပြည်နယ်အစိုးရအဖွဲ့၏ဦးဆောင်မှုဖြင့် သက်ဆိုင်ရာစိုက်ပျိုးရေးဦးစီးဌာန၊ စားသုံးသူရေးရာဦးစီးဌာနနှင့် ကုန်သွယ်ရေးဦးစီးဌာနတို့ ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ဆောင်းဦး**



# မြစ်ကိုအလျှားစုန်ကူးခဲ့သည်

ကျွန်းစဉ်မြေစောခက်

**ယမန်နေ့မှအဆက်**

ကျွန်တော် ကျောင်းစတင်တက်ရောက်သည့်နေ့ကဖြစ်သည်။ ကျောင်းအုပ်ဆရာကြီးဦးဘခင် ကျွန်တော့်ကိုခေါ်ပြီး စကားပြောသည်။

"နွေတုန်းက မောင်ဘညွန့် ဒီကျောင်းမှာ လုပ်အားပေးစာပြဖို့ လျှောက်လိုက်သေးလား"

"ဟုတ်တယ်ဗျ ကျွန်တော် ဒီရွာကိုပဲရွေးလျှောက်လိုက်တာ၊ နောက်ပြီး ရုံးကလည်း ဘာမှအကြောင်းမပြန်တာနဲ့ ရွာပြန်လာခဲ့တာ"

"ဟုတ်တယ် တို့မြေပုံမြို့နယ်ပညာရေးမှူးရုံးက အဲဒီကိစ္စနဲ့ ဆရာကြီးကိုခေါ်ပြီးပြောတယ်။ ငပသုန်ရွာကျောင်းကို လုပ်အားပေးတစ်ယောက်စာလာပြမယ်တဲ့၊ အဲဒါ ကျောင်းကိုသွားပြီး ကြီးကြပ်ပေးဖို့ပြောတယ်။ တို့မှာလည်းကွာ ဒီနှစ်လလေးပဲ နားချိန်ရတာဆိုတော့ အဆင်မပြေဘူးလေ"

"ကျွန်တော်လည်း ကျောင်းဆရာအဖြစ်နဲ့ ကလေးတွေ စာပြကြည့်ချင်တာလေ ဆရာကြီး"

"မောင်ဘညွန့် ခုလို အကူအညီပေးတာ ဆရာကြီးအရမ်းအားရတယ်ကွယ်၊ နို့မဟုတ်ရင် ဆရာကြီးမြို့သွားရင် ကလေးတွေ ကျောင်းမတက်ရ၊ စာမသင်ရဖြစ်နေကြတာကွဲ့"

"ရပါတယ်ဆရာကြီး။ ကျွန်တော် စာသင်စာပြ ဝါသနာပါတာနဲ့အတော်ပဲ၊ ကျွန်တော် ကြိုးစားပြီးစာသင်ပြပေးပါ့မယ်"

ကျွန်တော်တို့ ဆရာတပည့်နှစ်ယောက် ပြောနေရင်းပင် ညနေ ၄ နာရီထိုးပြီး၍ ကလေးများကို ကျောင်းလွှတ်ပေးလိုက်ကြသည်။

"မိုးရာသီဆိုတော့ နေစောင်းတာနဲ့ မှောင်သွားတာပဲ၊ မောင်ဘညွန့်က တဲထိဆင်းရမှာဆိုတော့ လှမ်းတယ်၊ ကဲ ပြန်ကြစို့"

ကျွန်တော်တို့နှစ်ယောက် လူချင်းခွဲပြီး လမ်းလျှောက်လာကြသည်။ စာသင်ကျောင်းအဖြစ် သတ်မှတ်ပေးထားသည့် ဥပုသ်ဇရပ်မှာ ရွာနဲ့တော်တော်လှမ်းသည်။ ဆရာကြီးဦးဘခင်က ရွာမှာကျန်ခဲ့ပြီး ကျွန်တော်က မြစ်ဆိပ်ကမ်းဘက်သို့ ဆင်းလာခဲ့သည်။ လောင်းထားချိုင်လွန်သွားသည်ဟုဆိုလျှင်ပဲ တောင်ပြန်လေသည် ရှေ့ကအတင်းဝင်တိုးသည်။ ကျွန်တော် လေကိုရင်ဆိုင်ပြီး ရှေ့သို့ လှမ်းမြဲလှမ်းသည်။ ရွာကနေတဲသို့ နှစ်မိုင်ခန့်လျှောက်လိုက်မှ ရေနံဆီမီးခွက် မှိတ်တုတ်မှိတ်တုတ် လင်းလက်နေသောတဲကို လှမ်းမြင်လိုက်ရသည်။ ကျွန်တော် တဲထဲသို့ ငုံ့ဝင်လိုက်၏။

"ဟင် အမေ ရောက်နေပြီလား"

"ဟုတ်တယ် သား၊ နေ့ခင်းကတည်းက ရောက်တာလေ။ ထုံးကျီဆိပ်က ကူးတို့သည်ကို ပို့ခိုင်းတာ"

"အမေ နေကောင်းလာပြီနော်"

"ဟုတ်တယ် သားရယ်၊ ဆရာဝန်က ပြန်လို့ရပြီပြောလို့ ပြန်လာခဲ့တာ"

"အားရလိုက်တာ အမေ၊ အမေကျန်းမာဖို့က အရေးကြီးတယ်"

အမေသည် ရှေ့တစ်ပတ်လောက်ကပင် သွားကိုက်လာလို့ ထုံးကျီသင်္ဘောဆိပ်ကနေ မြေပုံမြို့သို့ ဆရာဝန်နဲ့ပြဖို့အတွက် အဖေကြီးကိုယ်တိုင် သင်္ဘောဆိပ်သို့ လိုက်ပို့ခဲ့သည်။ ခု အမေပြန်ရောက်လာတော့ ကျွန်တော် တော်တော်ပျော်သွားသည်။

"မြို့တွေမှာ သားတို့စာမေးပွဲတွေလည်း အောင်စာရင်းသိရပြီ"

"ဟုတ်လား အမေ၊ သား အောင်တယ်မဟုတ်လားဟင် အမေ"

ကျွန်တော် အားရပါးရမေးဖြစ်လိုက်သည်။ သို့သော် အမေ့ဆီက အဖြေစကားထွက်မလာ။ အဖေ့ကို လှမ်းကြည့်တာတော့ တွေ့လိုက်ရသည်။

**''အနှစ်နှစ်အလလ မျှော်လင့်ထားခဲ့သော ကျောင်းဆရာဘဝရည်မှန်းချက်တာရိုး ကျိုးပေါက်ခဲ့ပါပြီ။ ပညာရေးရည်မှန်းချက်ပန်းတိုင်ကြီး ပြိုလဲခဲ့ရပါပြီ။ တန်းမြင့်ကျောင်းထွက်လက်မှတ်ရ စာမေးပွဲအောင်လျှင် ကျေးလက်နေတောင်သူလယ်သမား၊ ရေလုပ်သားတို့၏ ရင်သွေးငယ်များ ပညာရေးမိုးနည်းရပ်ဝန်းအတွက် စေတနာမိုး၊ အကြင်နာမိုး၊ မေတ္တာမိုးများ ရွာသွန်းဖြိုးရန် အားစိုက်ထားသမျှ သဲရေကျဖြစ်ခဲ့ရလေပြီ. . .''**

"သတင်းစာထဲမှာ အောင်စာရင်းပါလာတာတဲ့ အမေတည်းနေတဲ့အိမ်က ကလေးတွေကပြောတယ်၊ အမေက သားနာမည်ကိုပြောတော့ သူတို့တွေ တစ်ခေါက်ပြန်သွားကြည့်ကြတယ်"

"သား အောင်တယ်မဟုတ်လားဟင် အမေ"

"ကျောက်ဖြူစာစစ်ဌာနက မြေပုံမြို့သွားဖြေကြတဲ့ထဲက မောင်ဖေခင်၊ မောင်သိန်းဖေ၊ မောင်မြသိန်းနဲ့ မအေးမြိုင်တို့ပဲ အောင်စာရင်းမှာ တွေ့တယ်လို့ပြောတယ်"

အမေ ဆက်မပြောဘဲ ရပ်သွားသည်။ ကျွန်တော့်ရင်တွေ အရမ်းခုန်နေသည်။ အတော်လေးကြာမှ ကျွန်တော် ထပ်မေးဖြစ်လိုက်သည်။

"သားရော အမေ"

"သားနာမည်တော့ မတွေ့ဘူးတဲ့ကွယ်"

"ဟင်"

အနှစ်နှစ်အလလ မျှော်လင့်ထားခဲ့သော ကျောင်းဆရာဘဝရည်မှန်းချက်တာရိုး ကျိုးပေါက်ခဲ့ပါပြီ။ ပညာရေးရည်မှန်းချက်ပန်းတိုင်ကြီး ပြိုလဲခဲ့ရပါပြီ။ တန်းမြင့်ကျောင်းထွက်လက်မှတ်ရ စာမေးပွဲအောင်လျှင် ကျေးလက်နေတောင်သူလယ်သမား၊ ရေလုပ်သားတို့၏ ရင်သွေးငယ်များ ပညာရေးမိုးနည်းရပ်ဝန်းအတွက် စေတနာမိုး၊ အကြင်နာမိုး၊ မေတ္တာမိုးများ ရွာသွန်းဖြိုးရန် အားစိုက်ထားသမျှ သဲရေကျဖြစ်ခဲ့ရလေပြီ။

"သိပ်လည်း စိတ်ညစ်မနေပါနဲ့သားရယ်။ ဖြစ်လာတဲ့ဘဝမှာ စိတ်ညစ်နေလို့ရော ဘာထူးမှာလဲ"

အဖေသည် ခေါင်းရင်းခန်းမှာထိုင်ရင်း ရေနွေးသောက်နေရာက လှမ်းပြောသည်။

ကျွန်တော် ဘယ်ပုံ ရှေ့သို့ဆက်ရပ့်။ အိမ်သားများ ထမင်းစားပြီးထားကြလေပြီ။ ကျွန်တော် တဲမီးဖိုချောင်လေးသို့ဝင်ပြီး ပန်းကန်ပြားတစ်ချပ်မှာ ထမင်း၊ ဟင်းစုထည့်ပြီး ဖြစ်သလိုစားလိုက်သည်။ ဘုရားရှိခိုးပြီး ဘုရားစင်အောက်မှာထိုင်လျက် ကဗျာတစ်ပုဒ်ကောက်ရေးလိုက်တော့သည်။ ဖျက်လိုက်ပြင်လိုက်နဲ့ ညသန်းခေါင်ကျော်လောက်မှ အချောရေးပြီးသွား၍ ရေနံဆီမီးခွက်လေးလည်း အနားရသွားတော့သည်။

**ယုံကြည်ချက်**

စံပယ်ပွင့်အား
လက်ဖြင့် ပွတ်ခြေ၊ ညက်ညက်ကြေလည်း
မပြယ်မွှေးနံ့၊ သင်းထုံပျံ့သို့
ဆင်ငိုမြက်အား
ချေဖျက်နင်းခြေ၊ ညက်ညက်ကြေလည်း
မသေမပျောက်၊ ပြန်လည်ပေါက်သို့
ငှက်ပျောပင်အား၊ ဓားတင်ပိုင်းဖြတ်
သေအောင်သတ်လည်း
ထပ်မံဝေဆာ၊ ရွက်လက်ဖြာသို့
ချိန်ခါသင့်မြတ်၊ ကျရောက်လတ်က
ငါ့ဘဝနွေ၊ ကန္တာတွေလည်း
ရွှေပိတောက်ခိုင်၊ ငုပန်းလှိုင်လို့
မြိုင်ဆိုင်ရွက်နု၊ ပင်တိုင်းလုကာ
ရတုသာမော၊ ဂိမှာန်တော၌
ဥသြငှက်လျှင်၊ နွေတေးဆင်၍
ပီပြင်အလှပေါ်လိမ့်တကား။ ။


**ကျောက်ဖြူ မောင်ညွန့်လွင်**

ကျွန်တော် ဘဝအတွက်အားမာန်ပြည့် ကဗျာတစ်ပုဒ်စပ်လိုက်ခြင်းဖြစ်ပေသည်။ ကိုယ့်ကဗျာလေးကိုဖတ်ပြီး ကျေနပ်သလိုဖြစ်သွား၏။ "ငါသည် အောင်မြင်သူ လူသားတစ်ယောက်ဖြစ်ရမည်" လက်သီးကို ခိုင်ခိုင်ဆုပ်ပြီး ကျွန်တော် ဟစ်ကြွေးပစ်လိုက်သည်။ တစ်နေ့တစ်လံ၊ ပုဂံဘယ်ပြေး၊ ဆိုရေးစကား၊ အရှိသားပဲဟု ကျွန်တော်စွဲမြဲစွာ ခံယူလိုက်ပေပြီ။ ဆုံးရှုံးမှုအတွက် မခံမရပ်နိုင်သောမာန်သည် ကျွန်တော်၏ခံစားချက်နှလုံးအိမ်၌ အင်ပြည့်အားပြည့် ဖြစ်နေခဲ့လေပြီ။

■ ■ ■ ■ ■ ■ ■

ဆက်လက်ဖော်ပြပါမည်။

## ဘိုကလေးပညာရေးဒီဂရီကောလိပ်၌ ဥပဒေဆိုင်ရာအခြေခံအသိပညာပေးဟောပြောပွဲကျင်းပ



ဘိုကလေး စက်တင်ဘာ ၁၁

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံခရိုင် ဘိုကလေးမြို့နယ်ရှိ ဘိုကလေးပညာရေးဒီဂရီကောလိပ် ပညာဂုဏ်ရည်ခန်းမ၌ စက်တင်ဘာလ ၁၁ ရက်တွင် ဥပဒေဆိုင်ရာအခြေခံအသိပညာပေးဟောပြောပွဲ ကျင်းပသည်။

အဆိုပါ ဥပဒေဆိုင်ရာအခြေခံအသိပညာပေးဟောပြောပွဲသို့ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးကံဝင်းနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့နယ်ဥပဒေအရာရှိ ဒေါ်ရတနာမျိုးနှင့် တာဝန်ရှိသူများ၊ ဘိုကလေးပညာရေးဒီဂရီကောလိပ် ကျောင်းအုပ်ကြီး ဒေါ်သန်းသန်းစိုး၊ ဒုတိယကျောင်းအုပ်ကြီးနှင့်ဝန်ထမ်းများ၊ ပညာရေးဒီဂရီကောလိပ်မှ သင်တန်းသား၊ သင်တန်းသူ စုစုပေါင်း ၄၅၀ ဦးခန့် တက်ရောက်ကြကြောင်း သိရသည်။

အခမ်းအနားတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးကံဝင်းက အသိပညာပေးဟောပြောပွဲသို့ တက်ရောက်လာကြသူများသည် နိုင်ငံ့ဝန်ထမ်းများနှင့် နိုင်ငံ့ဝန်ထမ်းလောင်းလျာများ ဖြစ်သည့်အားလျော်စွာ နိုင်ငံတော်၏အကျိုးစီးပွား၊ ပြည်သူများ၏အကျိုးစီးပွားကို စွမ်းစွမ်းတမံဆောင်ရွက်နိုင်ရေး နိုင်ငံ့ဝန်ထမ်းဥပဒေနှင့် နည်းဥပဒေများအား လေးစားလိုက်နာကြရန် လိုအပ်ကြောင်းနှင့် ဖွဲ့စည်းပုံအခြေခံဥပဒေ၏ အရေးပါပုံများကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ မြို့နယ်ဥပဒေအရာရှိ ဒေါ်ရတနာမျိုးက ကိုလိုနီခေတ်အတွင်း ကျင့်သုံးခဲ့ကြသည့် တရားစီရင်ရေးပုံစံများ၊ အုပ်ချုပ်မှုပုံစံများ၊ ခေတ်အဆက်ဆက် ပြဋ္ဌာန်းခဲ့သော ဖွဲ့စည်းပုံအခြေခံဥပဒေများ၏ပေါ်ပေါက်လာပုံများ၊ ဖွဲ့စည်းပုံအခြေခံဥပဒေအတွင်း ပြဋ္ဌာန်းထားသည့် အရေးပါသည့်အချက်များ၊ ဥပဒေ၏ အဓိပ္ပာယ်များအား အကျယ်တဝင့် ဟောပြောဆွေးနွေးခဲ့ကြောင်း သိရသည်။

မိုးစက်(ဘိုကလေး)

## လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန်လိုအပ်

“လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် ၎င်းတို့အဓမ္မဝင်ရောက်နေထိုင်နေသည့်မြို့၊ ရွာများ၌ တပ်မတော်၏တန်ပြန်ထိုးစစ်ဆင်မှုများကိုကာကွယ်ရန်အတွက် ပြည်သူတို့၏နေအိမ်အဆောက်အဦများ၊ အရပ်ဘက်အုပ်ချုပ်မှုဆိုင်ရာအဆောက်အဦများကိုအသုံးပြုခြင်း၊ အပြစ်မဲ့ပြည်သူလူထုကို လူသားတံတိုင်းအဖြစ်အသုံးပြုနိုင်ရေး ယာယီနေရပ်စွန့်ခွာနေရသူများကို ပြန်လည်နေထိုင်ရန်ဆွဲဆောင်စည်းရုံးခြင်း၊ အတင်းအဓမ္မလူသစ်စုဆောင်းခြင်းများကိုလုပ်ဆောင်လျက်ရှိကြောင်း၊ တပ်မတော်အနေဖြင့် နိုင်ငံတော်၏အချုပ်အခြာအာဏာကို မဖြစ်မနေကာကွယ်စောင့်ရှောက်သွားမည်ဖြစ်ပြီး အဆိုပါလက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ သတင်းရရှိမှုနှင့် အခြေအနေအရပ်ရပ်အပေါ်မူတည်၍ လိုအပ်သလိုတုံ့ပြန်ဆောင်ရွက်သွားမည်ဖြစ်သဖြင့်၎င်းတို့အဓမ္မဝင်ရောက်နေထိုင်လျက်ရှိသည့် မြို့၊ရွာများရှိပြည်သူများအနေဖြင့် ၎င်းတို့၏အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန်လိုအပ်ကြောင်း။”

(၃-၉-၂၀၂၄ ရက်နေ့တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်နှင့်ခရိုင်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများအား ပြောကြားသည့် အမှာစကားမှကောက်နုတ်ချက်)

# တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးတင်အောင်စန်း ဦးဆောင်သောကိုယ်စားလှယ်အဖွဲ့ထွက်ခွာ

ရန်ကုန် စက်တင်ဘာ ၁၁

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးတင်အောင်စန်း ဦးဆောင်သောမြန်မာကိုယ်စားလှယ်အဖွဲ့သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ အမျိုးသားကာကွယ်ရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ်ကြီးတုန်ကျွင်း (Admiral Dong Jun) ၏ ဖိတ်ကြားချက်အရ ပေကျင်းမြို့၌ ကျင်းပမည့် (၁၁) ကြိမ်မြောက် ပေကျင်းရှန်ကျန်းဖိုရမ် (11th Beijing Xiangshan Forum) သို့ တက်ရောက်ရန် ယနေ့မွန်းလွဲပိုင်းတွင် ရန်ကုန်မြို့မှ လေကြောင်းခရီးဖြင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ ထွက်ခွာသွားသည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးတင်အောင်စန်း ဦးဆောင်သောမြန်မာကိုယ်စားလှယ်အဖွဲ့အား ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံရုံးနှင့် စစ်သံရုံးမှတာဝန်ရှိသူများနှင့် တပ်မတော်အရာရှိကြီးများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ခဲ့ကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးတင်အောင်စန်းအား ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဇော်ဟိန်း၊ မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံရုံးနှင့်စစ်သံရုံးမှ တာဝန်ရှိသူများနှင့် တပ်မတော်အရာရှိကြီးများက ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်၌ ပို့ဆောင်နှုတ်ဆက်စဉ်။

# သန်းခေါင်စာရင်းဆိုင်ရာ ခရိုင်အဆင့်နည်းပြသင်တန်းများ ဖွင့်လှစ်ပို့ချနေမှု ပြည်ထောင်စုဝန်ကြီး ဦးမြင့်ကြိုင် သွားရောက်ကြည့်ရှု



နေပြည်တော် စက်တင်ဘာ ၁၁

ဗဟိုသန်းခေါင်စာရင်းကော်မရှင်ဥက္ကဋ္ဌ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်ကြိုင်သည် ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်း၊ တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက် ၁၁ နာရီခွဲတွင် ရန်ကုန်တိုင်းဒေသကြီး အင်းစိန်မြို့နယ်ခန်းမ၌ ၂၀၂၄ ခုနှစ် လူဦးရေနှင့်အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူရေးအတွက် ဖွင့်လှစ်လျက်ရှိသည့် ခရိုင်အဆင့်နည်းပြသင်တန်းသို့ သွားရောက်ကြည့်ရှုအားပေးသည်။

ထိုသို့ကြည့်ရှုစဉ်ပြည်ထောင်စုဝန်ကြီးက သန်းခေါင်စာရင်းအောင်မြင်စွာကောက်ယူနိုင်ရန်နည်းပြသင်တန်းသားများသည်အရေးကြီးသည့်အခန်းကဏ္ဍမှ ပါဝင်ဆောင်ရွက်ကြရမည်ဖြစ်ပြီး သင်တန်းပြီးဆုံးသည်နှင့် မြို့နယ်စာရင်းစစ်၊ စာရင်းကောက်သင်တန်းများတွင် ဆက်လက်ပို့ချနိုင်ရေးဆောင်ရွက်ကြရန်၊ သန်းခေါင်စာရင်းအချက်အလက်များ၏ အသုံးဝင်မှုနှင့်မေးမြန်းရမည့် မေးခွန်းများ၏အရေးပါမှုကို သိရှိနားလည်ပြီး သင်တန်းမှပို့ချချက်များကို မိမိတို့၏အတွေ့အကြုံများနှင့်ပေါင်းစပ်ကာ မြေပြင်တွင် ကြုံတွေ့ရမည့်အခက်အခဲများကို ကျော်လွှားဖြေရှင်းနိုင်ရေး အလေးထားဆောင်ရွက်ကြရန်၊ နည်းပညာအသုံးပြုမေးမြန်းကောက်ယူမည်ဖြစ်သည့်အတွက် လုပ်ငန်းစဉ်အဆင့်ဆင့်နှင့် ထုတ်ပြန်ပြဋ္ဌာန်းထားသည့် သန်းခေါင်စာရင်းဥပဒေကိုသိရှိနားလည်ပြီး စာရင်းစစ်၊ စာရင်းကောက်များနှင့် ပြည်သူများအတွက် အကာအကွယ်ပေးထားသည့်ဥပဒေပြဋ္ဌာန်းချက်များကို ရှင်းလင်းချပြကြရန် လိုအပ်ကြောင်း၊ သန်းခေါင်စာရင်း လုပ်ငန်းစဉ်သည် ပြည်သူအားလုံး ပူးပေါင်းပါဝင်မှသာ အောင်မြင်နိုင်မည်ဖြစ်သည့်အတွက် ပြည်သူများသိရှိနားလည်ပြီး လိုက်ပါပူးပေါင်းဆောင်ရွက်နိုင်ရေး ကြိုးပမ်းဆောင်ရွက်ကြရန် ရှင်းလင်းပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်က သင်တန်းဖွင့်လှစ်ရခြင်းနှင့် သန်းခေါင်စာရင်းလုပ်ငန်းစဉ်များအောင်မြင်အောင်ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်နိုင်ရေးတို့ကို ရှင်းလင်းပြောကြားပြီး သင်တန်းနည်းပြများက သန်းခေါင်စာရင်းဆိုင်ရာများကို ပို့ချဆွေးနွေးကြသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် အဖွဲ့ဝင်များနှင့်အတူ မရမ်းကုန်းမြို့နယ် အမှတ် (၃) အခြေခံပညာအထက်တန်းကျောင်းခန်းမ၌ ဖွင့်လှစ်လျက်ရှိသည့် သန်းခေါင်စာရင်းဆိုင်ရာ ခရိုင်အဆင့်နည်းပြသင်တန်းသို့ သွားရောက်ကြည့်ရှုအားပေးသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့် တိုင်းဒေသကြီးဝန်ကြီးချုပ်တို့က သင်တန်းသားများထံ သန်းခေါင်စာရင်း အထောက်အကူပြုပစ္စည်းများပေးအပ်ကြပြီး နည်းပြများ၏ သင်ခန်းစာပို့ချနေမှုများကို ကြည့်ရှုအားပေးကြသည်။

၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာသန်းခေါင်စာရင်းကောက်ယူခြင်းကို လာမည့် အောက်တိုဘာလ ၁ ရက်မှ ၁၅ ရက်အတွင်း တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ဆောင်ရွက်သွားမည်ဖြစ်ရာ ယခုအခါ သန်းခေါင်စာရင်း အောင်မြင်စွာကောက်ယူနိုင်ရေးအတွက် ခရိုင်အဆင့်သင်တန်းများကို တိုင်းဒေသကြီး၊ ပြည်နယ်အလိုက်ခရိုင်အဆင့်မြို့ကြီးများတွင်တစ်ပြိုင်တည်း ဖွင့်လှစ်လျက်ရှိပြီး သင်တန်းပြီးဆုံးပါက မြို့နယ်အလိုက် မြို့နယ်စာရင်းစစ်၊ စာရင်းကောက်သင်တန်းများ ဆက်လက်ဖွင့်လှစ်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ (၅၀၀)

# ၂၀၂၄ ခုနှစ်၊ (၂၅)ကြိမ်မြောက် ငွေရတုအထိမ်းအမှတ် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဦးတည်ချက်(၄)ရပ်

၁။ အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး၊

၂။ တိုင်းရင်းသားတို့၏ ရိုးရာယဉ်ကျေးမှုအနုပညာအမွေအနှစ်များနှင့် အမျိုးသားယဉ်ကျေးမှုစရိုက်လက္ခဏာများ မပျောက်ပျက်စေရန် ဖော်ထုတ်၊ ထိန်းသိမ်း၊ မြှင့်တင်ရေး၊

၃။ မျိုးဆက်သစ်လူငယ်များအကြားတွင် ရိုးရာယဉ်ကျေးမှုအမွေအနှစ်များကို ဖော်ထုတ်ထိန်းသိမ်းခြင်းနှင့်ထပ်တူ အမျိုးသားရေးစိတ်ဓာတ်များ ပိုမိုထွန်းကားပြန့်ပွားနေစေရေး၊

၄။ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးနှင့် တည်ငြိမ်အေးချမ်းရေးတို့အတွက် အမျိုးသားယဉ်ကျေးမှုအခန်းကဏ္ဍမှ တစ်တပ်တစ်အား ပူးပေါင်းပါဝင်ဆောင်ရွက်ရေး။

ကမ္ဘာ့ရှေးဦးပြုစုခြင်းနေ့
WORLD FIRST AID DAY
၂၀၂၄ခုနှစ်၊ စက်တင်ဘာလ (၁၄)ရက်။
“အားကစားအတွက် အမြဲကူညီ ရှေးဦးပြုစုခြင်း အသင့်ရှိသည်”
First Aid and Sports
Ready, Set, Respond

## မြန်မာ့ပင်လယ်ပြင်အခြေအနေ

နေပြည်တော် စက်တင်ဘာ ၁၁

မြစ်ဝကျွန်းပေါ်၊ ရခိုင်ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ရံဖန်ရံခါမိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းကြီးမည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် မိုင် ၄၀ အထိ တိုက်ခတ်နိုင်သည်။ လှိုင်းအမြင့်မှာ မြစ်ဝကျွန်းပေါ်၊ ရခိုင်ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ၉ ပေမှ ၁၁ ပေခန့်ရှိနိုင်သည်။ မုတ္တမကွေ့၊ မွန်-တနင်္သာရီကမ်းရိုးတန်းတစ်လျှောက်နှင့်ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံမိုးသက်လေပြင်းများ ကျရောက်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် မိုင် ၃၀ မှ ၃၅ မိုင်အထိ တိုက်ခတ်နိုင်သည်။ လှိုင်းအမြင့်မှာ မုတ္တမကွေ့၊ မွန်-တနင်္သာရီကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ၇ ပေမှ ၉ ပေခန့်ရှိနိုင်သည်။

(မိုး/ဇလ)

## ဘင်္ဂလားပင်လယ်အော် အခြေအနေ

နေပြည်တော် စက်တင်ဘာ ၁၁

ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေ အားကောင်းနေသည်။


(မိုး/ဇလ)

## မြဝတီရုပ်မြင်သံကြားအစီအစဉ်

၁၂-၉-၂၀၂၄(ကြာသပတေးနေ့)

| | | |
|---|---|---|
| ၁။ | ၆:၀၂ | နိုင်ငံတော်သီချင်း |
| ၂။ | ၇:၂၀ | မေတ္တာပို့ |
| ၃။ | ၇:၂၅ | ဓမ္မပူဇာတေး |
| ၄။ | ၇:၃၀ | ကိုယ်လက်လှုပ်ရှား အားကစား |
| ၅။ | ၉:၂၅ | ရင်မှာစွဲလန်း တော်ဝင်ပန်း |
| ၆။ | ၁၁:၃၅ | ပန်းရောင်စုံသင်းပျံ့မွှေး မြန်မာတိုင်းရင်းဆေး |
| ၇။ | ၁၃:၁၀ | အမှတ်တရနေ့ရက်များ |
| ၈။ | ၁၇:၀၀ | မြဝတီရုပ်မြင်သံကြားသတင်း |

## မိုးလေဝသ သတင်း




## နန်းစဖိကြိုးပြင်ကာကွယ်တော သတ်မှတ်



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် အစိုးရ သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနသည် ၂၀၁၈ ခုနှစ်တွင် ပြဋ္ဌာန်းထားသည့် သစ်တောဥပဒေပုဒ်မ ၆၊ ပုဒ်မခွဲ(င)အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်များကို ကျင့်သုံးလျက် စစ်ကိုင်းတိုင်းဒေသကြီး ဟုမ္မလင်းခရိုင် ဟုမ္မလင်းမြို့နယ်အတွင်း ကျရောက်နေသည့်ဧရိယာအကျယ်အဝန်း ၁၄၀၀၀ ဧကရှိသောနယ်မြေကို **“နန်းစဖိကြိုးပြင်ကာကွယ်တော”** အဖြစ် အမိန့်ကြော်ငြာစာအမှတ် (၈၀/၂၀၂၄) အရ ၁၃၈၆ ခုနှစ် တော်သလင်းလဆန်း ၄ ရက် (၂၀၂၄ ခုနှစ် စက်တင်ဘာလ ၆ ရက်) မှစ၍ သတ်မှတ်ကြောင်း ကြေညာလိုက်သည်။

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနသည် မြစ်၊ ချောင်း၊ အင်း၊ အိုင် စသည့်ရေအရင်းအမြစ်နှင့်ရေဝေရေလဲဒေသများထိန်းသိမ်းရန်၊ ဂေဟစနစ်တည်ငြိမ်မှုရှိစေရန်၊ ဒေသခံပြည်သူများ၏ အခြေခံလိုအပ်ချက်ဖြစ်သော သစ်၊ ထင်း၊ ဝါး စသည့်သစ်တောထွက်ပစ္စည်းများ ဖြည့်ဆည်းပေးနိုင်ရန်၊ ဇီဝမျိုးစုံမျိုးကွဲများ ထိန်းသိမ်းနိုင်ရန်နှင့် ရာသီဥတုသာယာမျှတစေပြီး စိုက်ပျိုးရေးလုပ်ငန်းများကို အထောက်အကူပြုစေရန် ရည်ရွယ်၍ ကြိုးဝိုင်း/ကြိုးပြင်ကာကွယ်တောများကို ဖွဲ့စည်းသတ်မှတ်ခြင်းဖြစ်ပါသည်။

နန်းစဖိကြိုးပြင်ကာကွယ်တော သတ်မှတ်ခြင်းအားဖြင့် အဆိုပါဧရိယာအတွင်း ပေါက်ရောက်လျက်ရှိသော အဖိုးတန်သစ်မျိုးဖြစ်သည့် ကျွန်း၊ ပျဉ်းကတိုး၊ ပိတောက်နှင့် အခြားဒေသမျိုးရင်းသစ်မျိုးများဖြစ်သော အင်၊ ကညင်၊ သစ်ကတိုး၊ ဖန်ခါး၊ ယမနေ၊ သဒီ၊ သပြေ၊ သစ်အယ် စသည့်သစ်မျိုးများအား ထိန်းသိမ်းနိုင်မည်ဖြစ်ခြင်း၊ ထမံသီတောရိုင်းတိရစ္ဆာန်ဘေးမဲ့တောနှင့်ထိစပ်နေသဖြင့် ရှားပါးတိရစ္ဆာန်မျိုးများဖြစ်သည့် ကျား၊ ဆင်၊ ပြောင်နှင့် ဝက်ဝံ၊ မျောက်၊ ဆတ်၊ ဂျီ၊ တောဝက်တို့၏ နေထိုင်ကျက်စားရာဒေသအား ပိုမိုထိရောက်စွာထိန်းသိမ်းနိုင်မည်ဖြစ်ခြင်း၊ ချင်းတွင်းမြစ်အတွင်း စီးဝင်သော နန်းစဖိချောင်း၊ နန်းပဂွန်ချောင်း၊ နန်းစလယ်ချောင်း၊ နန်းလှော်ချောင်း၊ နန်းခွိုက်မိုနန်ချောင်းတို့၏ ရေဝေရေလဲဧရိယာအား ထိန်းသိမ်းနိုင်မည်ဖြစ်ခြင်း၊ နုန်းအနည်အနှစ်ပို့ချမှုများ၊ ရေတိုက်စားမှုများမှ ကာကွယ်ပေးနိုင်ခြင်း၊ သစ်နှင့်သစ်မဟုတ်သော သစ်တောထွက်ပစ္စည်းများပိုမိုတိုးပွားလာစေခြင်း၊ သစ်တောဖုံးလွှမ်းမှုတိုးလာပြီး ရာသီဥတုပိုမိုကောင်းမွန်မျှတလာနိုင်ခြင်းနှင့် ဂေဟစနစ်များပိုမိုကောင်းမွန်လာစေခြင်း စသည့်အကျိုးကျေးဇူးများရရှိနိုင်မည်ဖြစ်ပါသည်။

**သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန**

# စာဆိုဗိမာန်အဆောက်အအုံသုံးထပ်(RC) ပန္နက်တင်မင်္ဂလာအခမ်းအနား ကျင်းပနိုင်ရေး ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း ကြိုတင်ကြည့်ရှုစစ်ဆေး



**ရန်ကုန် စက်တင်ဘာ ၁၁**

ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းသည် ယနေ့ မွန်းလွဲပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာတောင်ညွန့်မြို့နယ်ရှိ စာဆိုဗိမာန် အဆောက်အအုံသုံးထပ်(RC)တည်ဆောက်မည့်မြေနေရာ၌ ပန္နက်တင်မင်္ဂလာအခမ်းအနားကျင်းပနိုင်ရေး ကြိုတင်ကြည့်ရှုစစ်ဆေးသည်။

ရှေးဦးစွာ Myanmar Land & Development Ltd မှ Project Director ဒေါ်ယုယုနိုင်က စာဆိုဗိမာန်အဆောက်အအုံ တည်ဆောက်ရေးစီမံကိန်းမြေနေရာချထားမှုအခြေအနေများနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ထို့နောက် ရှင်းလင်းတင်ပြချက်များနှင့် စပ်လျဉ်း၍ ပြည်ထောင်စုဝန်ကြီးက စာဆိုဗိမာန်အဆောက်အအုံဝင်းအတွင်းအပြင် သာယာလှပစေရန် သစ်ပင်ပန်းမန်အလှပင်များ စနစ်တကျစိုက်ပျိုးထားရှိရေး၊ ပန္နက်တင်အခမ်းအနားအတွက် တည်ဆောက်ပြီး၊ တည်ဆောက်ဆဲနှင့် ဆက်လက်တည်ဆောက်သွားမည့် အဆောက်အအုံပုံစံငယ်များကို ပြသနိုင်ရေး၊ စာဆိုဗိမာန်တွင် ပေ၊ ပုရပိုက်များကို ထည့်သွင်းထားရှိမည်ဖြစ်သည့်အတွက် နိုင်ငံတကာပြတိုက်စံနှုန်းများနှင့်အညီ စနစ်တကျဖြစ်စေရန် နိုင်ငံတော်အဆင့်အဆောက်အအုံဖြစ်သည့်အပြင် အိန္ဒိယ-မြန်မာချစ်ကြည်ရေးအထိမ်းအမှတ်အဆောက်အအုံဖြစ်သည့်အတွက် စာဆိုဗိမာန်ကို စနစ်တကျဖြစ်စေရန် ညှိနှိုင်းဆောင်ရွက်သွားရေး၊ စာဆိုဗိမာန်တွင် မြန်မာနိုင်ငံ၌ ထင်ရှားကျော်ကြားခဲ့သည့် ခေတ်သုံးခေတ်မှ စာဆိုတော်ကြီးများ၊ တစ်သက်တာစာပေဆုရရှိခဲ့ကြသည့် စာပေပညာရှင်များနှင့် ကဗျာဆရာများ၏ ရုပ်တုများထားရှိရေးတို့ကို မှာကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးက စာဆိုဗိမာန်တည်ဆောက်မည့်မြေနေရာနှင့် ယခင်ဂိမ်းစီးတီးသုံးထပ်အဆောက်အအုံဟောင်းအား အဆင့်မြှင့်တင်ပြင်ဆင်ဆောင်ရွက်ကာ စာပေဗိမာန်ပြည်သူ့စာကြည့်တိုက်အဖြစ် ပြုပြင်ဆောင်ရွက်သွားမည့်အခြေအနေကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များကို မှာကြားသည်။

အဆိုပါ စာဆိုဗိမာန်အဆောက်အအုံကို အိန္ဒိယနိုင်ငံအစိုးရ၏ အကူအညီအထောက်အပံ့ဖြင့် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

စာဆိုဗိမာန်အဆောက်အအုံ သုံးထပ် (RC) အကျယ်အဝန်းမှာ အလျားပေ ၁၆၀ x အနံပေ ၁၄၀x အမြင့် ၅၇ ပေ ၈ လက်မ သုံးထပ် (RC) အဆောက်အအုံဖြစ်ပြီး ၅၂၁၂၈ စတုရန်းပေဖြစ်သည်။

နိုင်ငံတော်အကြီးအကဲက မြန်မာနိုင်ငံ၌ ပေါ်ထွန်းခဲ့သော စာပေပညာရှင်များနှင့် စာရေးဆရာများကို အသိအမှတ်ပြုချီးမြှင့်ရာရောက်စေမည့် စာဆိုဗိမာန်တစ်ခု အောင်မြင်စွာပေါ်ပေါက်ဖြစ်ထွန်းလာစေရေး သက်ဆိုင်ရာဝန်ကြီးဌာနများ၊ အဖွဲ့အစည်းများမှ စာပေအနုပညာဆိုင်ရာပုဂ္ဂိုလ်များနှင့် ပေါင်းစပ်ညှိနှိုင်းပြီး အကောင်အထည်ဖော်ဆောင်ရွက်ရန် ၂၀၂၂ ခုနှစ် စက်တင်ဘာလ ၂၄ ရက်တွင် လမ်းညွှန်မှုပြုခဲ့သည့်အတွက် စာဆိုဗိမာန် တည်ဆောက်ရေးစီမံကိန်းလုပ်ငန်းကိုပြန်ကြားရေးဝန်ကြီးဌာနကိုယ်စား ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာနက တာဝန်ယူဆောင်ရွက်လျက် အဆောက်အအုံကို ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာတောင်ညွန့်မြို့နယ် ဥယျာဉ်ရပ်ကွက်ရှိမြေတိုင်းရပ်ကွက် (၁၈-အေ)၊ မြေကွက်အမှတ် (၂၉ ၏ တစ်စိတ်တစ်ဒေသ) အခမဲ့မြေကွက်အမျိုးအစားဖြစ်သော မြေဧက ၂ ဒသမ ၁၈ ဧကပေါ်တွင် တည်ဆောက်သွားမည်ဖြစ်သည်။

စာဆိုဗိမာန်အဆောက်အအုံဒီဇိုင်းပုံစံကို ဆောက်လုပ်ရေးဝန်ကြီးဌာန မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာနက ရေးဆွဲပေးပြီး အဆောက်အအုံ၏ခန့်မှန်းတန်ဖိုးကို အဆောက်အဦဦးစီးဌာနက တာဝန်ယူတွက်ချက်ပေးခဲ့သည်။ စာဆိုဗိမာန်အဆောက်အအုံကို နှစ်နှစ်စီမံကိန်းအဖြစ် သတ်မှတ်ထားကြောင်း သိရသည်။

(၅၀၀)

# ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်အတွင်း မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ရေလှောင်တမံများတွင် ရေဝင်ရောက်မှုနှင့် ချောင်းများ၏ ရေစီးဆင်းမှုအခြေအနေ ကွင်းဆင်းစီမံဆောင်ရွက်



**နေပြည်တော် စက်တင်ဘာ ၁၁**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင်သည် ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်၊ တာဝန်ရှိသူများနှင့်အတူ ပြည်ထောင်စုနယ်မြေ နေပြည်တော်ရှိ ရေဆင်းနှင့် ပေါင်းလောင်းရေလှောင်တမံများ၊ ပင်လောင်းလမ်းဆုံနေရာ၊ ဆင်သေချောင်းနှင့် ငလိုက်ချောင်းတို့သို့သွားရောက်၍ မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ရေဝင်ရောက်မှုများဖြစ်ပေါ်နေမှုကို ထိန်းသိမ်းစီမံဆောင်ရွက်နေမှု၊ တမံများ၏ကြံ့ခိုင်မှုအခြေအနေစောင့်ကြည့်စီမံနေမှုနှင့် ချောင်းများ၏ရေစီးဆင်းမှုအခြေအနေတို့ကို ကွင်းဆင်းကြည့်ရှုစစ်ဆေးပြီး ချောင်းရေမြင့်တက်လာမှုကြောင့် ချောင်းဧရိယာအတွင်းနှင့် အနိမ့်ပိုင်းနေရာများတွင် ရေဝင်ရောက်မှုများရှိနိုင်ပါက ကြိုတင်အသိပေးကြေညာမှုများဆောင်ရွက်ရန်၊ ကူညီကယ်ဆယ်ရေးလုပ်ငန်းများကို ဆက်စပ်ဌာနအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ရန်တို့ကို တာဝန်ရှိသူများအား မှာကြားသည်။

ယနေ့နံနက် ၆ နာရီ ရေမှတ်တိုင်းတာမှုများအရ ပြည်ထောင်စုနယ်မြေ နေပြည်တော်ရှိ ရေလှောင်တမံများအနက် ပေါင်းလောင်းရေလှောင်တမံတစ်ခုသာ ရေပိုလွှဲမှ ၆ ဒသမ ၀၆ ပေ ရေကျော်စီးဆင်းနေပြီး အခြားရေလှောင်တမံများဖြစ်သော ဆင်သေရေလှောင်တမံတွင် ၁၉ ပေခန့်၊ ချောင်းမငယ်ရေလှောင်တမံတွင် ၅ ပေခန့်၊ မဒန်းရေလှောင်တမံတွင်၁၁ ပေခန့်၊ ရေဆင်းရေလှောင်တမံတွင် ၈ ပေခန့်ရှိကာ ကန်ရေပြည့်အမှတ်သို့ရောက်ရှိရန် လိုအပ်နေပြီး ငလိုက်တမံတွင် ကန်ရေပြည့်အမှတ်သို့ ရောက်ရှိနေကြောင်း သိရသည်။

ပြည်ထောင်စုဝန်ကြီးက ယခုရက်များအတွင်း မိုးသည်းထန်စွာရွာသွန်းခြင်း၊ တောင်ကျရေများ စီးဝင်လာနိုင်ခြင်းတို့ကြောင့် ရေလှောင်ပမာဏသေးငယ်သော တမံငယ်များတွင် ရုတ်တရက်ရေအလုံးအရင်းဖြင့် ဝင်ရောက်မှုများဖြစ်လာနိုင်သဖြင့် တာဝန်ရှိသူများက အနီးကပ်စဉ်ဆက်မပြတ် စောင့်ကြည့်စီမံမှုများ ဆောင်ရွက်ရန်နှင့် ရေလှောင်တမံများအတွင်းရေဝင်ရောက်မှုကို အချိန်နာရီစဉ်အလိုက် ရုံးချုပ်သို့တင်ပြရန်မှာကြားသည်။

အလားတူ ဒုတိယဝန်ကြီး ဦးဗိုလ်ဗိုလ်ကျော်သည် ရှမ်းကုန်းပြင်မြင့်နှင့် ဆက်စပ်တည်ရှိနေသော ရမည်းသင်းခရိုင်ရှိ ကျီးနီကန်နှင့်ကတင်ကန်တို့၏ ရေဝင်ရောက်မှုများ၊ မိတ္ထီလာခရိုင်အတွင်းရှိ ဆည်ကန်များ၏ရေဝင်ရောက်မှုများ၊ ဆည်ကန်များတွင် ထိန်းသိမ်းစီမံဆောင်ရွက်နေမှုများကိုကွင်းဆင်းစစ်ဆေးပြီး ဆည်တမံများအလိုက်၊ တူးမြောင်းများအလိုက် တာဝန်ရှိသူအဆင့်ဆင့်ကို စောင့်ကြည့်တာဝန်ပေးအပ်ထားသည်။

လတ်တလောဖြစ်ပေါ်နေသည့် လေပွေလှိုင်းများဖြတ်သန်းရာဒေသများနှင့် မြန်မာနိုင်ငံတစ်ဝန်းလုံးတွင် မိုးသည်းထန်စွာရွာသွန်းမှုများကြောင့် မြစ်များ၊ ချောင်းများတွင် ရေစီးဆင်းမှုများပြားခြင်း၊ ရေလှောင်တမံများတွင် ရေဝင်ရောက်မှုများလာခြင်းတို့ကြောင့် သဘာဝဘေးအန္တရာယ်ဖြစ်ပေါ်လာနိုင်ခြင်းအပေါ် ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနမှ တာဝန်ရှိသူများက အနီးကပ်စောင့်ကြည့်စီမံမှုများဆောင်ရွက်လျက်ရှိပြီး ရေကြီးရေလျှံမှုအခြေအနေများဖြစ်ပေါ်နိုင်သည့်ဒေသများ၌ ဒေသခံပြည်သူများသို့ ကြိုတင်အသိပေးကြေညာခြင်း၊ ရေဘေးကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်ခြင်းတို့ကို အချိန်နှင့်တစ်ပြေးညီ သက်ဆိုင်ရာအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

| မြို့ | အနိမ့်ဆုံး | / | အမြင့်ဆုံးအပူချိန် |
|---|---|---|---|
| နေပြည်တော် | ၂၃°c | / | ၂၆.၂°c |
| ရန်ကုန် | ၂၃°c | / | ၃၀.၅°c |
| မန္တလေး | ၂၄°c | / | ၃၄.၀°c |

လျှပ်စစ်မီးကို ချွေတာသုံးစွဲပါ

အဖိုးတန်ရေချိုကို ချွေတာကြပါစို့

UN Tourism
၂၀၂၄ ခုနှစ် ကမ္ဘာ့ခရီးသွားလုပ်ငန်းနေ့
"ခရီးသွားနှင့်ငြိမ်းချမ်းရေး လက်တွဲတူယှဉ်ဖော်ဆောင်ပေး"
WORLD TOURISM DAY 2024
TOURISM AND PEACE
၂၇-၉-၂၀၂၄
MICC-2 ၊ နေပြည်တော်

# ချိုမြိန်အရသာ မိုးသီးနှံများနှင့် ကျန်းမာရေး

ပေါက်ပေါက်









### ဒူးရင်းသီးနှင့် ကျန်းမာရေး

ဒူးရင်းသီး၏ ထူးခြားသော အနံ့အရသာကြောင့် အရှေ့တောင်အာရှနိုင်ငံများ၌ အသီးမှာဘုရင်ဟု တင်စားခေါ်ကြသည်။

ဒူးရင်းသီးအနှစ်သားသည် ပရိုတင်းဓာတ်ကြွယ်ဝရုံသာမက လူတို့ကျန်းမာရေးအတွက် အကျိုးပြုဗီတာမင်နှင့် သတ္တုဓာတ် ၁၇ မျိုးပါရှိသည့်အတွက် နာလန်ထလူနာများ ခွန်အားပြည့်ဓာတ်စာအဖြစ် မှီဝဲနိုင်သည်။ သဘာဝသကြားဓာတ်ပါရှိကာ အလွန်နူးညံ့ပြီးအစာကြေလွယ်သဖြင့် ကိုယ်အလေးချိန်မပြည့်သော ကလေးငယ်များအား ဖြည့်စွက်စာအဖြစ် ကျွေးသင့်သည်။

အသီးထဲတွင်ပါဝင်သော အဆီဓာတ်သည် တခြားသီးနှံများထက် အဆီဓာတ်ပါဝင်မှုများပြားသော်လည်း ကိုလက်စထရောကင်းသော အဆီဖြစ်သည်။ အစာကြေလွယ်သော အမျှင်ဓာတ်များ ပေါကြွယ်ဝသောကြောင့် ဝမ်းပျော့စေပြီး အူသိမ်၊ အူမထဲရှိ အကျိအချွဲများလျော့စေကာ အူမကြီးကင်ဆာဖြစ်ပွားခြင်းမှ ကာကွယ်ပေးသည်။

ခန္ဓာကိုယ်ကျန်းမာရေးအတွက် မရှိမဖြစ်လိုအပ်သည့် ဗီတာမင်ဘီဓာတ်ပေါင်းစုများ ကြွယ်ဝသောကြောင့် ကိုယ်ခံစွမ်းအားမြင့်မားကာ ပြင်ပရောဂါများ အလွယ်တကူမကူးစက်နိုင်အောင် တိုက်ထုတ်ပေးသည်။ သွေးသန့်စေသည့်အပြင် သွေးနီဥဆဲလ်များကိုထုတ်လုပ်ပေးပြီး သံဓာတ်နှင့် ဖောလစ်အက်စစ်တို့ ကြွယ်ဝသဖြင့် သွေးအားနည်းရောဂါ ဖြစ်ခြင်းမှ ကာကွယ်ပေးသည်။ ဒူးရင်းသီးထဲတွင် နှလုံးခုန်နှုန်းနှင့် သွေးဖိအားတို့ကို ထိန်းချုပ်ပေးသည့် ပိုတက်စီယမ်ဓာတ်ကြွယ်ဝစွာပါရှိသည်။ ကော့ပါးဓာတ်ပါရှိသဖြင့် သိုင်းရိုက်(လည်ပင်းအကျိတ်)ရောဂါကို ကောင်းကျိုးပြုသည်။ ပရိုတင်းဓာတ်ကြွယ်ဝသောကြောင့် ကြွက်သားများ တည်ဆောက်မှုကို ကောင်းစွာအထောက်အကူပြုသည်။ မဂ္ဂနီစီယမ်၊ ဗီတာမင်ဘီနှင့် ပိုတက်စီယမ်တို့ ကြွယ်ဝစွာပါရှိခြင်းကြောင့် အရိုးနှင့်အရိုးဆစ်များကို ကောင်းစွာပံ့ပိုးပေးသည်။

မဂ္ဂနိစ်ဓာတ်ပါရှိခြင်းကြောင့် သွေးထဲရှိ သကြားပမာဏကို ပုံမှန်ဖြစ်အောင် ထိန်းချုပ်ပေးသည်။ မီးစုန်းဓာတ်ပါရှိသဖြင့် သွားနှင့်သွားဖုံးကျန်းမာရေးကို ကောင်းစွာမြှင့်တင်ပေးသည်။ Pyridoxine ခေါ် ဗီတာမင်ဘီ-၆ နှင့် အမိုင်နိုအက်စစ်တစ်မျိုးဖြစ်သော Tryptophan တို့ပါဝင်သဖြင့် စိတ်ကျရောဂါများ၊ စိုးရိမ်ကြောင့်ကြဖြစ်ခြင်းနှင့် စိတ်ဖိစီးခြင်း စသည့်ဝေဒနာများ ပြေပျောက်စေကာ အိပ်မောကျစေ၍ ဉာဏ်ရည်တိုးတက်ကောင်းမွန်စေသည်။ ဗီတာမင်ဘီ-၂ ပါရှိသဖြင့် ခေါင်းတစ်ခြမ်းကိုက်ခြင်းကို သက်သာစေသည်။ သီအာမင်နှင့် နီအာစင်းဓာတ်များပါရှိသောကြောင့် ဒူးရင်းသီးစားပြီးနောက် ဗိုက်ဝသွားကာ စိတ်ကျေနပ်မှုရစေ၍ နောက်ထပ်အစာစားချင်စိတ်ကို ပြေပျောက်ပေးသည်။ ဓာတ်ခွဲစမ်းသပ်ချက်အရ ဓာတ်တိုးဆန့်ကျင်ပစ္စည်းတစ်မျိုးဖြစ်သော ဗီတာမင်စီ RDA ရာနှုန်းပြည့်ပါရှိသဖြင့် ခန္ဓာကိုယ်အတွက် မလိုလားအပ်သော Free radicals များကို တိုက်ထုတ်ပေး၍ ကူးစက်ရောဂါများမှကာကွယ်ပေးကြောင်း၊ ထိခိုက်ဒဏ်ရာများ အနာကျက်လွယ်စေကာ အရေပြားကို ကျန်းမာစေကြောင်းနှင့် အရွယ်တင်နုပျိုစေကြောင်း လေ့လာသိရှိရသည်။

### သကြားသီးနှင့် ကျန်းမာရေး

အရသာမှာ သကြားကဲ့သို့ ချိုမြိန်လှသောကြောင့် သကြားသီး၊ သကြားပင်ဟု အလွယ်ခေါ်ကြသည်။ သကြားသီး၏ အနံ့အရသာသည် ထူးခြားသောကြောင့် ရှေးအခါက ရှင်ဘုရင်များသာစားသုံးရန် သီးသန့်စိုက်ပျိုးကြပြီး တိုင်းသူပြည်သားများ စားသုံးပါက ကြီးလေးသော ပြစ်ဒဏ်ခံရကြောင်း အဆိုရှိခဲ့သည်။ မက္ကဆီကိုနိုင်ငံ၌ နူးညံ့ချိုမြိန်သော သကြားသီးရေခဲမုန့်မှာ အထူးရေပန်းစားသည်။ အင်ဒိုနီးရှားနိုင်ငံ၌ အချဉ်ဖောက်၍ ဝိုင်အဖြစ်သောက်သုံးကြသကဲ့သို့ မလေးရှားနိုင်ငံ၌ သံပရာရည်၊ ချင်းတို့ဖြင့် စိမ်၍လည်း သောက်သုံးလေ့ရှိကြသည်။

သကြားသီးတွင် ပိုတက်စီယမ် အမြောက်အမြားနှင့် ဆိုဒီယမ်အနည်းငယ်ပါရှိခြင်းကြောင့် နှလုံးကျန်းမာရေးကို များစွာကောင်းကျိုးပြုသည်။ နှလုံးသွေးကြောကျန်းမာရေးကို အထောက်အကူပြုပေးနိုင်သည်။ အသီးထဲတွင် ဗီတာမင်၊ သတ္တုဓာတ်နှင့် သဘာဝဖရုတ်စ်နှင့် စူးကရို့စ် သကြားဓာတ်များပါရှိသဖြင့် ခန္ဓာကိုယ်အတွက်ခွန်အားဖြစ်စေကာ အချိန်တိုအတွင်းမှာပင် လူကိုလန်းဆန်းစေသည်။ ဗီတာမင်စီအပြည့်အဝပါရှိခြင်းကြောင့်လည်း ခန္ဓာကိုယ်ထဲရှိမလိုလားအပ်သော Free radicals များကို တိုက်ထုတ်ပေးပြီး ကိုယ်ခံစွမ်းအားတိုးပွားစေသည်။ အသီးထဲတွင်ပါရှိသော ဗီတာမင်အေသည် အမြင်အာရုံကြောများပျက်စီးခြင်းမှ ကာကွယ်ပေးသည်။ အသီးထဲပါရှိသော အော်ဂဲနစ်ဓာတ်ပေါင်းက ဝမ်းသက်ခြင်းကို ကောင်းစွာကုသပေးနိုင်သည်။

အမျှင်ဓာတ်အရင်းအမြစ်တို့စုဝေးရာ သကြားသီးကို စားသုံးပေးခြင်းဖြင့် ဝမ်းချုပ်ခြင်း၊ စမြင်းခံခြင်းတို့ကို သက်သာစေသည်။ အူထဲရှိ အဆိပ်အတောက်များကို ဖယ်ရှားပေးသောကြောင့် အူမကြီးကင်ဆာဖြစ်ခြင်းမှ ကာကွယ်ပေးသည်။ ဖောလစ်အက်စစ်ပါရှိခြင်းကြောင့် သွေးနီဥများတည်ဆောက်ခြင်းကို အားပေးသဖြင့် သွေးအားနည်းသူများ စားပေးသင့်သည်။ မြန်မာ့ဆေးကျမ်းများတွင် သည်းခြေရည်နောက်ကျိခြင်း၊ နှလုံးကိုလေဝင်၍ ဆာလောင်မွတ်သိပ်ကာ နှလုံးနောက်ကျိခြင်းတို့အတွက် သကြားသီးကို ဓာတ်စာအဖြစ်လည်းကောင်း၊ အအေးမိ၊ ချောင်းဆိုးခြင်း စသောရာသီဖျားများ၊ သွေးပြန်ကြောရောဂါများ၊ အာရုံပျံ့လွင့်ခြင်း စသည့်ဝေဒနာအမျိုးမျိုးအတွက် သကြားသီးပင်၏ အရွက်ပြုတ်သောက်၍လည်းကောင်း အသုံးပြုလေ့ရှိသည်။ အဆုတ်ရောဂါဝေဒနာရှင်များသည် အပွင့်ကို အစိမ်းလိုက်ဝါးစားခြင်း သို့မဟုတ် ပြုတ်သောက်ခြင်းဖြင့် ပျောက်ကင်းစေသည်။ ဆီးကျောက်တည်ခြင်းနှင့် ဆီးအိမ်ဝေဒနာများအတွက် အစေ့ကိုထောင်းထု၍ အရည်ကျိုသောက်သင့်သည်။

### လေချူသီးနှင့် ကျန်းမာရေး

လေချူသီးကို မြန်မာနိုင်ငံ၌ လောင်ဂန်သီးဟု ခေါ်ကြပြီး ထိုမှတစ်ဆင့် လေချူသီးဟု အလွယ်ခေါ်ကြသည်။ သို့သော် ရေမြေဒေသ ကွဲပြားသွားသည့်အလျောက် နှင်းသီး၊ ကြောင်မျက်လုံး၊ စစ်ကိုင်းသီး(စစ်ကိုင်းဆီးသီး)၊ တရုတ်ဆီးသီး၊ တရုတ်နှင်းသီး၊ သမင်မျက်လုံး၊ ကြို့သီး၊ နန်းပြားသီး၊ လုံအယ်သီး၊ တောကြက်မောက်သီး၊ နဂါးမျက်လုံး၊ မိကျောင်းမျက်စိဟု အမျိုးမျိုးခေါ်လာကြသည်။ လေချူသီးက လိုက်ချီးသီး၊ ကြက်မောက်သီးတို့ထက် ပို၍ချိုမြိန်သည်။

လေချူသီးထဲတွင် Gallic အက်စစ်နှင့်အာနိသင်တူသော Polyphenol ဓာတ်မြင့်မားစွာပါရှိသည်။ ထိုဓာတ်က ခန္ဓာကိုယ်တွင်း အဆိပ်အတောက်များနှင့် Free radicals များကို လျှော့ချပေးနိုင်ပြီး ကင်ဆာအကျိတ်အဖုများကို ကောင်းစွာနှိမ်နင်းပေးသည်။ အထူးသဖြင့် ရင်သားကင်ဆာ၊ အသည်းကင်ဆာ၊ အဆုတ်ကင်ဆာနှင့် သားအိမ်ခေါင်းကင်ဆာဆဲလ်များ ကြီးထွားပြန့်ပွားမှုကို ဟန့်တားပေးသည်။ လေချူသီးနှင့် အစေ့ထဲတွင်ပါရှိသော gallic၊ epicatechin၊ ellagic အက်စစ်သုံးမျိုးဓာတုဓာတ်ပေါင်းစုက အအေးမိ၊ တုပ်ကွေး၊ ဖျားနာတို့ကို အလွယ်တကူမဖြစ်နိုင်ကြောင်း သိရသည်။ ထို့ပြင် ကိုယ်တွင်းကိုယ်ပရောင်ရမ်းနာများကို သက်သာစေကာ အစာအိမ်ရောဂါ၊ အစာမျိုလမ်းကြောင်းရောဂါတို့အတွက်ကိုလည်း ကောင်းကျိုးပြုသည်။ အရိုးပွရောဂါ၊ အရိုးပျော့ရောဂါ စသည့်အရိုးကျန်းမာရေးအတွက် လေချူသီးစားသင့်သည်။ ပိုတက်စီယမ်မြင့်မားစွာပါရှိပြီး ဆိုဒီယမ်လုံးဝမပါရှိသည့်အတွက် သွေးတိုးရောဂါကို လွန်စွာကောင်းကျိုးပြုသည်။

သွေးကို အာဟာရဓာတ်ဖြည့်ပေးနိုင်ပြီး အာရုံကြောစနစ်နိုးကြားစေသည့်အတွက် စိတ်ဖိစီးမှုများသူများ လေချူသီးစားသုံးပေးသင့်သည်။ ဦးနှောက်ကို ကျန်းမာစေပြီး သတိမေ့ရောဂါကို သက်သာပျောက်ကင်းစေသည်။ သဘာဝ Phytochemical များ လုံလောက်စွာပါရှိနေ၍ အသားအရေကြည်လင်စေပြီး အိုမင်းရင့်ရော်မှုကို တားဆီးပေးနိုင်သည်။ ထို့ပြင် အရေပြားကင်ဆာဖြစ်နိုင်ခြေအလားအလာကို လျှော့ချပေးသည်။ လေချူသီး မကြာခဏ စားသုံးပေးခြင်းဖြင့် အမြင်အာရုံတိုးတက်ကောင်းမွန်စေသည်။ သွားနှင့်သွားဖုံးကျန်းမာစေပြီး ခံတွင်းဆိုင်ရာပြဿနာများကိုလည်း ဖြေရှင်းပေးနိုင်သည်။

### ဩဇာသီးနှင့် ကျန်းမာရေး

ဩဇာသီးသည် အရသာရှိသည့်အပြင် လူသားတို့ကျန်းမာရေးကို အထောက်အကူဖြစ်စေသော အာဟာရဓာတ်များစုဝေးရာ အရင်းအမြစ်ဖြစ်သည်။ ကော့ပါးဓာတ်ချို့တဲ့သော မိခင်လောင်းသည် အချိန်မတိုင်မီ မီးဖွားပြီး သွေးဖြူဥအားနည်းကာ အရိုးကျိုးလွယ်သည်။ ထို့ကြောင့် ကိုယ်ဝန်ဆောင်များသည် ကော့ပါးဓာတ်ကြွယ်ဝသော ဩဇာသီးကို အားဖြည့်စာအဖြစ် စားသုံးသင့်သည်။ ဩဇာသီးတွင် ကယ်လိုရီပမာဏ မြင့်မားစွာပါရှိသည်။ ခန္ဓာကိုယ်သေးသွယ်ပိန်လှီသူများ ကိုယ်အလေးချိန်တက်လိုပါက ဩဇာသီးအနှစ်ကို ပျားရည်ဖြင့်ရော၍ စားသုံးပေးနိုင်သည်။ အသီးထဲရှိ ပိုတက်စီယမ်အစွမ်းက ကြွက်သားများကို ခွန်အားဖြစ်စေသည်။

ဗီတာမင်ဘီ-၆၊ ပိုတက်စီယမ်နှင့် မဂ္ဂနီစီယမ်ဓာတ်ပါရှိခြင်းကြောင့် နှလုံးကြွက်သားများကို ပြေလျော့စေပြီး နှလုံးအားနည်း၍ နှလုံးခုန်မမှန်ခြင်းနှင့် နှလုံးရောဂါဝေဒနာများအတွက် ဩဇာသီးက ကောင်းကျိုးပြုသည်။ နှလုံးရောဂါနှင့်ဆက်စပ်လျက်ရှိသော လေဖြတ်ခြင်းနှင့် သွေးတိုးရောဂါတို့ကို ကာကွယ်ပေးသည်။ အမျှင်ဓာတ်အလုံအလောက်ပါရှိခြင်းကြောင့် အစာခြေစနစ်ကိုကောင်းမွန်စေသည်။ ထမင်းစားပြီးတိုင်း အစာကြေစေရန် ဩဇာသီးစားပေးသင့်သည်။ လေပူထိုးခြင်း၊ လေနာရောဂါများနှင့် အစာအိမ်မကောင်း၍ မအီမသာဖြစ်ခြင်း၊ သွေးအန်ခြင်းတို့ကို ပျောက်ကင်းစေသည်။ မဂ္ဂနီစီယမ်အမြောက်အမြားပါရှိခြင်းကြောင့် ခန္ဓာကိုယ်ထဲရှိ ရေဓာတ်ကိုမျှတစေသည့်အပြင် အရိုး၊ အဆစ်များမှ အက်စစ်များကို ဖယ်ရှားပေးနိုင်၍ အဆစ်အမျက်ရောင်နာရောဂါအမျိုးမျိုးနှင့် ဂေါက်ရောဂါတို့ ဖြစ်ခြင်းမှကာကွယ်ပေးသည်။

အသီးစိမ်းသည် ကော့ပါးပါရှိ၍ ဝမ်းသွားခြင်းနှင့် ဂမ်းကိုက်ခြင်းတို့ကို ကောင်းစွာကုသပေးနိုင်သည့်အတွက် အသီးစိမ်းကို အခြောက်လှန်း အမှုန့်ကြိတ်ပြီး သောက်သုံးပေးသင့်သည်။ ဩဇာသီးက ဆေးလိပ်သောက်သူများ၏အဆုတ်တွင် နီကိုတင်းအဆိပ်ဓာတ်ကို ဖြေဖျောက်ပေးကာ အဆုတ်သန့်စေသည်။ ဗီတာမင်စီနှင့် ဓာတ်တိုးဆန့်ကျင်ပစ္စည်းများ ပါရှိခြင်းကြောင့် ကိုယ်ခံစွမ်းအား ကောင်းမွန်တိုးတက်စေကာ ခန္ဓာကိုယ်ထဲရှိ မလိုလားအပ်သော Free radicals များကို နှိမ်နင်းပေးသည်။ အသီးထဲတွင် ဗီတာမင်အေပါရှိသောကြောင့် ဩဇာသီးကို မှန်မှန်စားပေးခြင်းဖြင့် ဆံပင်၊ မျက်စိ၊ ခြေသည်း၊ လက်သည်းနှင့် အသားအရေတို့ကို ကောင်းကျိုးပြုပေးနိုင်သည်။ အသီးထဲတွင် ပြည့်ဝဆီ၊ ကိုလက်စထရောနှင့် ဆိုဒီယမ်တို့ပါဝင်မှုနည်းပါးပြီး ကစီဓာတ်ကြွယ်ဝခြင်းကြောင့်လည်း ခွန်အားတိုးပွားကာ ကျန်းမာရေးအတွက် ဘက်စုံကောင်းမွန်စေသည်။ နာလန်ထလူနာများ ဩဇာသီးစားပြီးနောက် အားပြန်ပြည့်စေသည်။ ဩဇာသီးထဲတွင် ကော့ပါးဓာတ်အမြောက်အမြားပါရှိ၍ သွေးထဲရှိဟေမိုဂလိုဘင်ကို တိုးပွားစေပြီး သွေးအားကောင်းစေသည်။ ထို့ကြောင့် သွေးအားနည်းရောဂါရှိသူများ မှီဝဲစားသုံးသင့်သည်။




# တပ်ကုန်းမြို့ရှိ ရေဘေးသင့်ပြည်သူများအား ထောက်ပံ့ပစ္စည်းများပေးအပ်

**နေပြည်တော် စက်တင်ဘာ ၁၁**

နေပြည်တော် တပ်ကုန်းမြို့ မြဝတီရပ်ကွက်ရှိ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ရေဘေးသင့်ပြည်သူများအား ထောက်ပံ့ပစ္စည်းများပေးအပ်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ကျင်းပရာ အခမ်းအနားသို့ နေပြည်တော်ကောင်စီဝင်များဖြစ်သည့် ဗိုလ်မှူးကြီးရဲမိုး၊ ဦးမြင့်စိုး၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးညီညီထွေးနှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာဝန်ထမ်းများ၊ ရေဘေးသင့်ပြည်သူများ တက်ရောက်ခဲ့ကြောင်းသိရသည်။

အဆိုပါ အခမ်းအနားတွင် ဗိုလ်မှူးကြီးရဲမိုးက တပ်ကုန်းမြို့ မြဝတီရပ်ကွက်ရှိရေဘေးသင့်ပြည်သူများအား အားပေးစကားပြောကြား၍ ထောက်ပံ့ပစ္စည်းများပေးအပ်သည်။

ထို့နောက် အလှူရှင်များကလှူဒါန်းသော ရေဘေးသင့်ပြည်သူများအတွက် ထောက်ပံ့ပစ္စည်းများအား မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးညီညီထွေးက လက်ခံရယူခဲ့ကြောင်းသိရသည်။ (၅၀၀)

## သာစွဌာနီ မြန်မာပြည်

❒ အညှာတံ ရွက်နုဆင့်
ခက်စုဝင့် သည်မြေ။
မြအရောင် စိမ်းလဲ့လဲ့က
ယိမ်းနွဲ့ကနေ။
သဘာဝ အလှတရားတွေ
မြန်မာ့ရေကြောင့် စိုစိုလန်း။
သွေးရောင်စုံ ရာသီအလိုက်နှင့်
နှစ်ခြိုက်မြင်ဆန်း။

❒ စုံဂနိုင် လျှိုစိမ့်စမ်းနှင့်
အေးချမ်းတဲ့ ဒါတို့ပြည်။
သီးနှံတွေ ဝေဆာပေါလို့
ပြောမကုန်ပြီ။
ရေမြေကောင်းတဲ့ မြန်ဌာနီ
တိုးတက်စည် စီးပွား။
သယံဇာပေါကြွယ်လွှန်းတဲ့
တောင်ကျွန်းတွေများ။

❒ သဘာဝကို အခြေခံအားနှင့်
ပတ္တမြား ပုလဲရတနာစုံ။
ရွှေနှင့်ငွေဘော်သတ္တုက
စုကာသာပုံ။
စားသုံး၍ ဘယ်မကုန်
အလုံးစုံ ပိုလျှံပေါ။
ဝင်ငွေရှာ နိုင်ငံအပေါင်းကိုလ
ရောင်းချ သာပြော။ ။

**မိုးမြင့်မေ(သ.က.ဟ.အ)**

## သံဖြူဇရပ်မြို့နယ် ရမ္မာဝတီ သာသနာ့အေးရိပ်သာ ကျောင်းတိုက်၌ (တစ်ရက်တာ) ကလေးအထူးတရားစခန်းဖွင့်လှစ်

**သံဖြူဇရပ် စက်တင်ဘာ ၁၁**

မွန်ပြည်နယ် သံဖြူဇရပ်မြို့ စက်သစ်ရပ်ကွက်ရှိ ရမ္မာဝတီသာသနာ့အေးရိပ်သာကျောင်းတိုက်၌ စက်တင်ဘာလ ၁၀ ရက် နံနက်ပိုင်းတွင် ဝါတွင်းကာလ (တစ်ရက်တာ) ကလေးအထူးတရားစခန်း ဖွင့်လှစ်ကြောင်း သိရသည်။

ကလေးအထူးတရားစခန်း၌ ရမ္မာဝတီသာသနာ့အေးရိပ်သာကျောင်းတိုက် ဦးစီးပဓာနနာယကဆရာတော် ဒေါက်တာအရှင်ထေရဝံသက တရားစခန်းဝင်သည့် မြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းများမှ ကျောင်းသား၊ ကျောင်းသူ ၁၅၀ ခန့်အား တရားစခန်းဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်များနှင့် ဩဝါဒစကားများမြွက်ကြားသည်။

ထို့နောက်တရားစခန်းဝင်သည့်ကျောင်းသား၊ ကျောင်းသူများအား ဆရာမ ဒေါ်စုယဉ်မွန်ဦးဆောင်၍ တစ်နေ့တာကလေးအထူးတရားစခန်း၏လုပ်ငန်းစဉ်များအားကြီးကြပ်ဆောင်ရွက်ပေးပြီး ရမ္မာဝတီသာသနာ့အေးရိပ်သာကျောင်းတိုက်မှ ဝေယျာဝစ္စအဖွဲ့ဝင်များက အစားအသောက်နှင့်အာဟာရများ ကျွေးမွေးကြောင်း သိရသည်။

(၄၀၆)

## ကျွန်းလှမြို့နယ်၌ ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီတွင် သီးနှံစုံ ဧက ၇၉၀၀၀ ကျော်စိုက်ပျိုးပြီးစီး

**ကျွန်းလှ စက်တင်ဘာ ၁၁**

စစ်ကိုင်းတိုင်းဒေသကြီး ကျွန်းလှမြို့နယ်၌ ၂၀၂၄-၂၀၂၅ ခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီတွင် သီးနှံစုံဧက ၇၉၁၀၀ ကျော်စိုက်ပျိုးပြီးစီးနေပြီး လျာထားချက်ထက် ကျော်လွန်စိုက်ပျိုးနိုင်ကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီမှာ သီးနှံစုံစိုက်ပျိုးဖို့ ၇၆၈၇၃ ဧကလျာထားပြီး လက်ရှိအချိန်ထိ ၇၉၆၃၀ ဧက စိုက်ပျိုးနိုင်ခဲ့ပါတယ်။ တောင်သူတွေနဲ့ သီးထပ်စိုက်ပျိုးကြဖို့ ဆွေးနွေးလျက်ရှိပါတယ်" ဟု မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဒေါ်မြင့်မြင့်ရီကပြောသည်။

အဆိုပါ သီးနှံစုံစိုက်ပျိုးသည့်တောင်သူများအား မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက ဒေသနှင့်ကိုက်ညီသော မျိုးကောင်းမျိုးသန့်များရရှိရေး ဆောင်ရွက်ပေးခြင်း၊ စိုက်နည်းစနစ်မှန်ကန်ရေး ကွင်းသရုပ်ပြပွဲများပြုလုပ်ခြင်း၊ သင်တန်းများ ဖွင့်လှစ်ခြင်း၊ ပိုးမွှားကျရောက်မှုကင်းထောက်ခြင်းနှင့် စိုက်ပျိုးရေးအသိပညာပေးခြင်း လုပ်ငန်းများဆောင်ရွက်လျက်ရှိသည်။

ကျွန်းလှမြို့နယ်၌ ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီတွင် စပါး ၃၄၀၉၈ ဧက၊ ပဲမျိုးစုံဧက ၁၆၉၅၀၊ ဆီထွက်သီးနှံ ၇၃၁၉ ဧက၊ ကြံ ၅၁ ဧက၊ အခြားသီးနှံ ၁၉၆၆၃ ဧက၊ နှစ်ရှည်ပင် ၁၅၄၉ ဧက စိုက်ပျိုးပြီးစီးနေပြီဖြစ်ကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

**မျိုးဝင်းညို(ကျွန်းလှ)**


## ငါးလုံးဖိုကျေးရွာ၌ ကျေးရွာတွင်းလမ်းကွန်ကရစ်ခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှုစစ်ဆေး

**မြို့သစ် စက်တင်ဘာ ၁၁**

မကွေးတိုင်းဒေသကြီး မြို့သစ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း(VDP)ဖြင့် ငါးလုံးဖိုကျေးရွာ၌ ကျေးရွာတွင်းလမ်းကွန်ကရစ်ခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှုကို တာဝန်ရှိသူများက စက်တင်ဘာလ ၁၁ ရက် နံနက်ပိုင်းတွင် ကွင်းဆင်းစစ်ဆေးသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မြို့သစ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနဦးစီးမှူး ဒေါ်ခင်ဆွေမြင့်နှင့် စီမံကိန်းတာဝန်ခံဝန်ထမ်းများသည် ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များနှင့်အတူ ကျေးရွာတွင်းလမ်း အရှည် ပေ ၅၀၀၊ အကျယ် ၁၂ ပေ၊ အမြင့် ၆ လက်မရှိသည့် ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များအား ကွန်ကရစ်လမ်းကို ဌာနမှသတ်မှတ်ထားသောစံနှုန်းများအတိုင်း ဆောင်ရွက်ရန် မှာကြားပြီး လိုအပ်သည်များပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။


ငါးလုံးဖိုကျေးရွာ၌ ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်တွင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း (VDP)



ပံ့ပိုးငွေကျပ် ၁၅ သန်းနှင့် ပြည်သူများမှ ထည့်ဝင်ငွေကျပ် ၃ ဒသမ ၂ သန်းဖြင့် ကျေးရွာတွင်းလမ်းကွန်ကရစ်ခင်းခြင်းလုပ်ငန်းနှင့် ကျေးရွာသူ၊ ကျေးရွာသားများ သောက်သုံးရန် ရေသန့်စင်စနစ်တပ်ဆင်ခြင်းလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ယယ်လေး**

# စက်မှုသင်တန်းကျောင်း (Industrial Training Center – ITC) များအား မြန်မာနိုင်ငံ အမျိုးသားအဆင့် ပညာရေးအရည်အသွေးမူဘောင်အဆင့်အတန်းသတ်မှတ်နိုင်ရေးနှင့် ရှေ့ဆက်လက် ပေါင်းစပ်ပညာသင်ကြားရန်အတွက် ချိတ်ဆက်ဖော်ဆောင်နိုင်ရေး အလုပ်ရုံဆွေးနွေးပွဲကျင်းပ



**နေပြည်တော် စက်တင်ဘာ ၁၁**

စက်မှုသင်တန်းကျောင်း (Industrial Training Center – ITC) များအား မြန်မာနိုင်ငံ အမျိုးသားအဆင့်ပညာရေး အရည်အသွေးမူဘောင်အဆင့်အတန်း သတ်မှတ်နိုင်ရေးနှင့်ရှေ့ဆက်လက်ပေါင်းစပ် ပညာသင်ကြားရန်အတွက် ချိတ်ဆက် ဖော်ဆောင်နိုင်ရေး အလုပ်ရုံဆွေးနွေးပွဲကို ယနေ့နံနက်ပိုင်းတွင် စက်မှုဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးသို့ စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်း၊ ဒုတိယဝန်ကြီး ဦးရင်မောင်ညွန့်၊ စက်မှုဝန်ကြီးဌာန၊ အလုပ်သမားဝန်ကြီးဌာန၊ ပညာရေးဝန်ကြီးဌာန၊ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနတို့မှ ညွှန်ကြားရေးမှူးချုပ်များ၊ ဦးဆောင်ညွှန်ကြားရေးမှူးများ၊ အမျိုးသားပညာရေးအဆင့်အတန်းနှင့် အရည်အသွေးအာမခံမှုကော်မတီအတွင်းရေးမှူး၊ နိုင်ငံခြားဘာသာတက္ကသိုလ် ပါမောက္ခချုပ်၊ မြန်မာနိုင်ငံ လုပ်သားများကျွမ်းကျင်မှုစံသတ်မှတ်ပြဌာန်းရေးအဖွဲ့မှပညာရှင်များ၊ ဌာနဆိုင်ရာများ၊ စက်မှုသင်တန်းကျောင်းများမှ ကျောင်းအုပ်ကြီးများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးက ယခုအခါ စက်မှုသင်တန်းကျောင်းများတွင် အရည်အသွေးပြည့်ဝသည့် သင်တန်းသားများ မွေးထုတ်နိုင်ရန် Program Standards, Program Evaluation Manual, ITC Teacher Standard Quality Assurance Framework များကိုပြုစုရေးဆွဲ၍ အကောင်အထည်ဖော်လိုက်နာဆောင်ရွက်လျက်ရှိကြောင်း၊ အလုပ်ရုံဆွေးနွေးပွဲမှ ထွက်ပေါ်လာမည့် ဆွေးနွေးဆုံးဖြတ်ချက်များနှင့် အကြံပြုဆွေးနွေးချက်များ၊ ရလဒ်များသည် စက်မှုသင်တန်းကျောင်းများ၏ ရှေ့ဆက်သွားရမည့် အကောင်အထည်ဖော်ဆောင်ရေးလုပ်ငန်းစဉ်များတွင် များစွာအကျိုးပြုပြီး TVET ကဏ္ဍမြှင့်တင်ရေးကိုလည်း အထောက်အကူပြုနိုင်မည်ဖြစ်ကြောင်း၊ နည်းပညာ၊ သက်မွေးပညာရေးနှင့် လေ့ကျင့်ရေးအစီအစဉ်များကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် ဆက်စပ်ဝန်ကြီးဌာနများနှင့်ပူးပေါင်းညှိနှိုင်းဆောင်ရွက်ခြင်းဖြင့် နိုင်ငံ၏ TVET ကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးနှင့် ရေရှည်တည်တံ့ခိုင်မြဲရေးအတွက် အကျိုးရှိမည်သာမက နိုင်ငံတွင်း၊ ဒေသတွင်းမှသည် နိုင်ငံတကာအဆင့်ထိ TVET ကဏ္ဍဆိုင်ရာ ကိစ္စရပ်များကို ကောင်းစွာချိတ်ဆက်ဆောင်ရွက်သွားနိုင်မည်ဟု ယုံကြည်ကြောင်း ပြောကြားသည်။

ထို့နောက်စက်မှုပူးပေါင်းဆောင်ရွက်ရေး ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က အလုပ်ရုံဆွေးနွေးပွဲကျင်းပရခြင်းနှင့်စပ်လျဉ်း၍လည်းကောင်း၊ အမျိုးသားပညာရေးအဆင့်အတန်းနှင့် အရည်အသွေးအာမခံမှုကော်မတီ အတွင်းရေးမှူးက မြန်မာနိုင်ငံပညာရေး အဆင့်မှုဘောင်ကို အသုံးပြုရမည့်နည်းလမ်းများနှင့် ရှေ့ဆက်လက်ဆောင်ရွက်နိုင်မည့် လမ်းကြောင်းများ ဖော်ဆောင်နိုင်ရေးအတွက် ဆောင်ရွက်ရမည့်လုပ်ငန်းစဉ်များကိုလည်းကောင်း၊ မြန်မာနိုင်ငံလုပ်သားများကျွမ်းကျင်မှုစံသတ်မှတ်ရေးအဖွဲ့ အကြံပေးပုဂ္ဂိုလ်က မြန်မာနိုင်ငံလုပ်သားများကျွမ်းကျင်မှုစံသတ်မှတ်ရေးအဖွဲ့ ဖွဲ့စည်းခဲ့မှု၊ လုပ်သားများ၏ကျွမ်းကျင်မှုများကို စစ်ဆေးအကဲဖြတ်ပေးနေမှုတို့ကိုလည်းကောင်း ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးက နိဂုံးချုပ်အမှာစကားပြောကြားပြီး တက်ရောက်လာသူများနှင့် စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်သည်။

ဖွင့်ပွဲအခမ်းအနားအပြီးတွင် အလုပ်ရုံဆွေးနွေးပွဲကိုဆက်လက်ကျင်းပရာ အဖွဲ့အလိုက်ဆွေးနွေးမှုများ ဆောင်ရွက်ပြီး တွေ့ရှိချက်များကို ဖော်ထုတ်ရှင်းလင်းခြင်း၊ တက်ရောက်လာသူများက အကြံပြုဆွေးနွေးခြင်း၊ စက်မှုသင်တန်းကျောင်းဆင်းများအတွက် ပညာများ ဆက်လက်သင်ကြားနိုင်ရေးအတွက် ဆောင်ရွက်ရမည့်နည်းလမ်းများကို ဖော်ထုတ်ခဲ့ကြောင်း သတင်းရရှိသည်။

(မြဝတီ)

# တက္ကသိုလ်ပါမောက္ခချုပ်များ၊ ပညာရေးဒီဂရီကောလိပ် ကျောင်းအုပ်ကြီးများ၊ တိုင်းဒေသကြီး၊ ပြည်နယ်ပညာရေးမှူးများနှင့် ပြည်ထောင်စုဝန်ကြီး ဒေါက်တာညွန့်ဖေ တွေ့ဆုံ



**နေပြည်တော် စက်တင်ဘာ ၁၁**

ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာညွန့်ဖေသည်ယနေ့နံနက်ပိုင်းတွင် နေပြည်တော် ပညာရေးဝန်ကြီးဌာန ရုံးအမှတ် (၁၃)ရှိအစည်းအဝေးခန်းမ၌ တက္ကသိုလ် ပါမောက္ခချုပ်များ၊ ပညာရေးဒီဂရီကောလိပ် ကျောင်းအုပ်ကြီးများ၊ တိုင်းဒေသကြီး၊ ပြည်နယ် ပညာရေးမှူးများနှင့်တွေ့ဆုံသည်။

တွေ့ဆုံပွဲသို့ ဒုတိယဝန်ကြီး ဒေါက်တာမိုးဇော်ထွန်း၊ ပညာရေးဝန်ကြီးဌာနရှိ ဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယအမြဲတမ်းအတွင်းဝန်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး တက္ကသိုလ်ပါမောက္ခချုပ်များ၊ ဒုတိယအမြဲတမ်းအတွင်းဝန်များ၊ ဒုတိယပါမောက္ခချုပ်များ၊ ပညာရေးဒီဂရီကောလိပ် ကျောင်းအုပ်ကြီးများ၊ တိုင်းဒေသကြီး၊ ပြည်နယ် ပညာရေးမှူးများနှင့် ဖိတ်ကြားထားသူများက အွန်လိုင်းဖြင့် တက်ရောက်ကြသည်။

တွေ့ဆုံပွဲတွင် ပြည်ထောင်စုဝန်ကြီးက မကြာခင် အဆင့်မြင့်ပညာဦးစီးဌာနနှင့် ဆရာ အတတ်ပညာဦးစီးဌာနအောက်ရှိ တက္ကသိုလ်၊ ဒီဂရီကောလိပ်များ၂၀၂၃-၂၀၂၄ ပညာသင်နှစ် စာမေးပွဲများ ကျင်းပတော့မည်ဖြစ်၍ စာမေးပွဲအောင်မြင်စွာကျင်းပနိုင်ရေးနှင့် စာမေးပွဲလုပ်ထုံးလုပ်နည်းများနှင့်အညီ စနစ်တကျကျင်းပဆောင်ရွက်နိုင်ရန် အလေးထားပြင်ဆင်ဆောင်ရွက်ထားကြရန်လိုအပ်ကြောင်း၊ ကျောင်းသား၊ ကျောင်းသူများ စာမေးပွဲစစ်ဆေးခြင်းကိစ္စနှင့်စပ်လျဉ်း၍ ၎င်းတို့၏ကျောင်းတက်ရောက်မှု၊ လက်တွေ့ခန်းဝင်ရောက်မှု၊ နောက်ဆုံးနှစ် ကျောင်းသားများ၊ ဘွဲ့လွန်ကျောင်းသားများ၏ Project Paper၊ Term Paper များဆောင်ရွက်မှု၊ စာမေးပွဲအဖြေလွှာစစ်ဆေးမှုစသည့်ကိစ္စရပ်များ ဆောင်ရွက်ရာတွင်လည်း ဘက်လိုက်မှုမရှိစေရေး၊ သမာသမတ်ရှိစေရေး စောင့်ထိန်းလိုက်နာဆောင်ရွက်ကြရန် အရေးကြီးကြောင်း ပြောကြားသည်။

ထို့နောက် ဒုတိယဝန်ကြီး ဒေါက်တာမိုးဇော်ထွန်းက ပညာရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် နေရာဒေသအလိုက် မိုးလေဝသသတင်းအခြေအနေကို ဂရုစိုက်ဆောင်ရွက်ရန်၊ မိုးတွင်းကာလဖြစ်၍ ကျောင်းသား၊ ကျောင်းသူများရာသီတုပ်ကွေး အန္တရာယ်မှကင်းဝေးစေရေး အထူးဂရုစိုက်ဆောင်ရွက်ရန် ပြောကြားသည်။

ယင်းနောက် အဆင့်မြင့်ပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်ဒေါက်တာဝင်းထွန်းနှင့် အခြေခံပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်စွာသွင်တို့က တက္ကသိုလ်များ၊ အခြေခံပညာကျောင်းများတွင် ဆောင်ရွက်ရမည့် လုပ်ငန်းတာဝန်များနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားကြပြီး ပြည်ထောင်စုဝန်ကြီးက နိဂုံးချုပ်အမှာစကားပြောကြားကာ အစည်းအဝေးကိုရုပ်သိမ်းခဲ့ကြောင်း သတင်းရရှိသည်။ (မြဝတီ)

# ရန်ကုန်အရှေ့ပိုင်းတက္ကသိုလ်၊ SKT International School ၊ သဃ်န်းကျွန်းပညာရေးဒီဂရီကောလိပ်နှင့် အမျိုးသားစီမံခန့်ခွဲမှုပညာဒီဂရီကောလိပ်တို့သို့ ကွင်းဆင်းကြည့်ရှုစစ်ဆေး

**ရန်ကုန် စက်တင်ဘာ ၁၁**

ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာဇော်မြင့်သည် မြန်မာနိုင်ငံ တိုင်းရင်းသားဘာသာစကားဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ်ဦးအောင်သူသူ၊ တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး ရန်ကုန်အရှေ့ပိုင်းတက္ကသိုလ်ဝင်းအတွင်း သန့်ရှင်းသာယာရေးနှင့် ဥပဓိရုပ်ကောင်းမွန်ရေး ဆောင်ရွက်ထားရှိမှုကိုလည်းကောင်း၊ သာကေတမြို့နယ် SKT International School ရှိ စာသင်ခန်းများ၊ စားသောက်ခန်းမ၊ စာကြည့်တိုက်၊ သိပ္ပံခန်း၊ အားကစားခန်း၊ Theatre ခန်းမတို့ကိုလည်းကောင်း လှည့်လည်ကြည့်ရှုပြီး လိုအပ်သည်များ မှာကြားသည်။

မွန်းလွဲပိုင်းတွင် ဒုတိယဝန်ကြီးနှင့် တာဝန်ရှိသူများသည်သဃ်န်းကျွန်းပညာရေး ဒီဂရီကောလိပ် ပညာနေခြည်ခန်းမ၌ ဆရာအတတ်ပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်၊ ကျောင်းအုပ်ကြီး၊ ဆရာ၊ ဆရာမများ၊ သင်တန်းသား၊ သင်တန်းသူများနှင့်လည်းကောင်း၊ ဗိုလ်တထောင်မြို့နယ်ရှိ အမျိုးသားစီမံခန့်ခွဲမှုပညာဒီဂရီကောလိပ်၌ အဆိုပါကောလိပ်မှ ဆရာ၊ ဆရာမများနှင့်လည်းကောင်း တွေ့ဆုံအမှာစကားပြောကြားသည်။

ထိုသို့တွေ့ဆုံစဉ် ဒုတိယဝန်ကြီးက သင်တန်းသား၊ သင်တန်းသူများသည် ဆရာ၊ ဆရာမများဖြစ်လာကြသည့်အခါ နေ့ထိုင်ပြုမူပြောဆိုဆက်ဆံမှုတွင် ကျောင်းသား၊ ကျောင်းသူများအတွက် စံနမူနာပြဖြစ်ရန် လိုအပ်ကြောင်း၊ ဥပဒေကိုလေးစားလိုက်နာတတ်ပြီး စည်းကမ်းကောင်းမွန်သည့် အလေ့အကျင့်ကောင်းများရှိလာအောင် လေ့ကျင့်ကြရမည်ဖြစ်ကြောင်း တိုက်တွန်းမှာကြားခဲ့ကြောင်း သတင်းရရှိသည်။

(မြဝတီ)





နယ်မြေခံတပ်မတော်သားများက နေပြည်တော်ကောင်စီနယ်မြေ ပုဗ္ဗသီရိမြို့နယ် ဥယျာဉ်စုကျေးရွာအုပ်စု ဆင်တဲကြီးရွာနှင့် ဇေယျာသီရိမြို့နယ် သိုက်ချောင်းကျေးရွာသို့ဆက်သွယ်ထားသော ကွန်ကရစ်လမ်း(မြို့ပတ်လမ်း)ရေကျော်သဖြင့် ကူညီကယ်ဆယ်ရေးလုပ်ငန်းများဆောင်ရွက်ပေးစဉ်။

**❖ ရှေ့ဖုံးမှအဆက်**

❖ ရှေ့ဖုံးမှအဆက်

အနည်းဆုံး သုည ဒသမ ၆၇ လက်မမှ အများဆုံး ၄ ဒသမ ၂၁ လက်မ အထိ ရွာသွန်းခဲ့ကာ နေပြည်တော်ကောင်စီနယ်မြေအတွင်း ဖြတ်သန်းစီးဆင်းလျက်ရှိသည့် ငလိုက်ချောင်း၊ ဆင်သေချောင်းနှင့် ပေါင်းလောင်းမြစ်တို့တွင် မြစ်ရေများ အဆက်မပြတ်မြင့်တက်လျက်ရှိသည်။

ထိုသို့ မိုးအဆက်မပြတ်ရွာသွန်းမှုများကြောင့် ချောင်းရေနှင့် မြစ်ရေများ အဆက်မပြတ်မြင့်တက်လာမှုနှင့်အတူ နေပြည်တော်ကောင်စီနယ်မြေအတွင်း ရေကြီးရေလျှံမှုများဖြစ်ပေါ်ခဲ့ပြီး တပ်ကုန်းမြို့နယ်တွင် ယနေ့နံနက်ပိုင်းမှစတင်၍ ရေများမြင့်တက်လာခဲ့မှုကြောင့် ဘုရင့်နောင်ရပ်ကွက်၊ အနော်ရထာရပ်ကွက်နှင့် ကျေးရွာအချို့တွင် ရေကြီးရေလျှံမှုများဖြစ်ပေါ်ခြင်း၊ တံတားအချို့ရေတိုက်စားပျက်စီးခြင်း၊ ရန်ကုန်-မန္တလေးလမ်းဟောင်း အချို့နေရာများတွင် ရေကျော်ခြင်းများဖြစ်ပေါ်လျက်ရှိသည်။

အလားတူ ဆင်သေချောင်းနှင့် ပေါင်းလောင်းမြစ်ရေ မြင့်တက်လာမှုကြောင့် ဇေယျာသီရိမြို့နယ်နှင့် ပုဗ္ဗသီရိမြို့နယ် အတွင်းရှိ လူနေရပ်ကွက်များနှင့် ကျေးရွာများတွင် ရေကြီးရေလျှံခြင်းများဖြစ်ပေါ်ခြင်းနှင့် ရန်ကုန်-မန္တလေးလမ်းဟောင်း တစ်လျှောက် ရေကျော်မှုများ ဖြစ်ပေါ်မှုကြောင့် မော်တော်ယာဉ်များသွားလာ၍ မရကြောင်းသိရသည်။ အဆိုပါ ရေကြီးရေလျှံမှုများကြောင့် ရပ်ကွက်၊ ကျေးရွာများမှ လူနှင့် တိရစ္ဆာန်များ ဘေးလွတ်ရာသို့ရွှေ့ပြောင်းပေးနိုင်ရေး သက်ဆိုင်ရာနေပြည်တော်ကောင်စီ၊ မြို့နယ်၊ ရပ်ကွက်များနှင့် ကျေးရွာများအလိုက် တာဝန်ရှိသူများ၊ တပ်မတော်သားများနှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များ၊ ပရဟိတအသင်းအဖွဲ့များက အချိန်နှင့်တစ်ပြေးညီကူညီကယ်ဆယ်ရေး လုပ်ငန်းများကို အင်တိုက်အားတိုက်ဖြင့် တက်ကြွစွာ ဆောင်ရွက်ပေးလျက်ရှိသည်။

အလားတူ မွန်ပြည်နယ်၊ ကျိုက်ထိုမြို့နယ်တွင် မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ကော့ထင်းကျေးရွာအုပ်စု၊ ရန်ကုန်-မော်လမြိုင်သွားကားလမ်း ရေကျော်မှုဖြစ်ပွားခဲ့သည်။ အဆိုပါ ကားလမ်းရေကျော်နေမှုကြောင့် ယာဉ်များပုံမှန်သွားလာနိုင်ရေး၊ ပိတ်ဆို့မှုမဖြစ်ပေါ်စေရေး၊ လမ်းကြောင်းရှင်းလင်းရေးနှင့် ရေလမ်းကြောင်းပြသရန်အတွက် ဌာနဆိုင်ရာအဖွဲ့အစည်းများနှင့် ပရဟိတအဖွဲ့များက ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ထို့အတူ မွန်ပြည်နယ်၊ ကျိုက်ထိုမြို့နယ်တွင် စက်တင်ဘာလ ၇ ရက်နေ့မှ စတင်ပြီး မိုးသည်းထန်စွာရွာသွန်း၍ တောင်ကျရေများ စီးဆင်းလာမှုကြောင့် ကဒတ်ချောင်းရေမြင့်တက်လာကာ ကျိုက်ထိုမြို့၊ ရပ်ကွက်အချို့ရှိ မြေနိမ့်ပိုင်းနေအိမ်များအတွင်းသို့ ရေများဝင်ရောက်ခဲ့ရာရေဘေးကယ်ဆယ်ရေးစခန်းသို့ ပြောင်းရွှေ့နေရာချထားပေးကြောင်း သိရသည်။

ထို့ပြင် ပေျာ်ဘွယ်မြို့နယ်တွင်လည်း မိုးသည်းထန်စွာရွာသွန်းလျက်ရှိပြီး ရပ်ကွက်၊ ကျေးရွာများတွင် ရေဝင်ရောက်မှုများဖြစ်ပေါ်လျက်ရှိပြီး ပျော်ဘွယ်မြို့၏တောင်ဘက် ၃ မိုင်ခန့်အကွာ၊ ကျောင်းကုန်းကျေးရွာအနီး ရန်ကုန်-မန္တလေး မီးရထားသံလမ်း မိုင်တိုင်အမှတ်(၂၈၅/၅ နှင့် ၂၈၅/၉)အကြား၊ အမှတ်(၁)သံလမ်းပေါ်ရှိ သံပေါင်တံတား ဒေါက်တိုင်မှာ ရေတိုက်စားမှုကြောင့် ပြုတ်ထွက်သွားသဖြင့် မီးရထားလိုင်းများပြေးဆွဲခြင်းကို ယာယီရပ်နားထားကြောင်း၊ မီးရထားများပုံမှန်ပြေးဆွဲနိုင်ရန်အတွက် သံပေါင်တံတားအား သက်ဆိုင်ရာတာဝန်ရှိသူများက အမြန်ဆုံးပြင်ဆင်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

အလားတူ ရှမ်းပြည်နယ် (တောင်ပိုင်း)၊ ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဟိုပုံးမြို့နယ်တွင် မိုးအဆက်မပြတ်ရွာသွန်းမှုကြောင့် ရေကြီးရေလျှံမှုဖြစ်ပွားကာ အခြေခံပညာစာသင်ကျောင်းအချို့ ယာယီပိတ်ထားရကြောင်း သိရသည်။

ထိုသို့ရေကြီးရေလျှံမှုများဖြစ်ပေါ်နေသည့်နေရာများသို့ ဒေသအလိုက် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များနှင့် ပရဟိတအသင်းအဖွဲ့များက ကူညီကယ်ဆယ်ရွှေ့ပြောင်းရေးလုပ်ငန်းများကို **စာမျက်နှာ ၁၂ သို့ ❖**



နယ်မြေခံတပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များနှင့် ပရဟိတအသင်းအဖွဲ့များက နေပြည်တော်ကောင်စီနယ်မြေ ပုဗ္ဗသီရိမြို့နယ် ဥယျာဉ်စုကျေးရွာအုပ်စု ဆင်တဲကြီးရွာနှင့် ဇေယျာသီရိမြို့နယ် သိုက်ချောင်းကျေးရွာသို့ဆက်သွယ်ထားသော ကွန်ကရစ်လမ်း(မြို့ပတ်လမ်း)ရေကျော်သဖြင့် ကူညီကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးစဉ်။





နယ်မြေခံတပ်မတော်သားများနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများက နေပြည်တော်ကောင်စီနယ်မြေအတွင်းရှိ ရေကြီးရေလျှံမှုဖြစ်ပွားလျက်ရှိသည့်နေရာများတွင် ကူညီကယ်ဆယ်ရေးလုပ်ငန်းများဆောင်ရွက်ပေးစဉ်။



နေပြည်တော်ကောင်စီနယ်မြေအတွင်း ရေကြီးရေလျှံမှုဖြစ်ပွားသည့်နေရာကို တွေ့ရစဉ်။



ကျိုက်ထိုမြို့နယ် ရန်ကုန်-မော်လမြိုင်သွား ကားလမ်းရေကျော်မှုကို တွေ့ရစဉ်။
ဓာတ်ပုံ-ကျိုက်ထို(ပြန်/ဆက်)





ကျိုက်ထိုမြို့နယ်အတွင်း ကဒတ်ချောင်းရေမြင့်တက်လာမှုကြောင့် ရေကြီးရေလျှံမှုဖြစ်ပွားသည့်နေရာများတွင် လူမှုကူညီရေးအသင်းအဖွဲ့များက ကူညီကယ်ဆယ်ရေးလုပ်ငန်းများဆောင်ရွက်စဉ်။
ဓာတ်ပုံ-ကျိုက်ထို(ပြန်/ဆက်)

❖ **စာမျက်နှာ ၁၁ မှအဆက်**
အချိန်နှင့်တစ်ပြေးညီ တက်တက်ကြွကြွ ကူညီဆောင်ရွက်ပေးလျက်ရှိသည်။

ယခုကဲ့သို့ မိုးအဆက်မပြတ်ရွာသွန်းမှုများကြောင့် မြစ်ချောင်းများအတွင်း ရေကြီးရေလျှံမှုများဖြစ်ပေါ်လာနိုင်သဖြင့် မြစ်ချောင်းများတစ်လျှောက်ရှိ မြေနိမ့်ပိုင်းဒေသများနှင့် ကျေးရွာများတွင် နေထိုင်ကြသော ဒေသခံပြည်သူများအနေဖြင့် ရေဘေးအန္တရာယ် သတိပြုနေထိုင်နိုင်ရေး အသိပေးနှိုးဆော်တိုက်တွန်းထားကြောင်း သတင်းရရှိသည်။

(၁၀၀)

● ကျောဖုံးမှအဆက်

ယနေ့မွန်းလွဲ ၂ နာရီခွဲအချိန် တိုင်းထွာချက်အရ စစ်တောင်းမြစ်ရေသည် တောင်ငူမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ် ၁၉ ဒသမ ၆၉ ပေ (၆၀၀ စင်တီမီတာ) အထက်သို့ ၁ လက်မခန့် (၂ စင်တီမီတာ) ကျော်လွန်ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်တစ်ရက်အတွင်း ၁ ပေခွဲခန့် မြင့်တက်လာနိုင်ပြီး ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

ယနေ့နံနက် ၇ နာရီခွဲအချိန်တိုင်းထွာချက်အရ စစ်တောင်းမြစ်ရေသည် မဒေါက်မြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ် ၃၅ ဒသမ ၁၀ ပေ (၁၀၇၀ စင်တီမီတာ) အထက်သို့ ၂ ပေခွဲခန့် (၇၀ စင်တီမီတာ) ကျော်လွန်ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်တစ်ရက်အတွင်း ၁ ပေခွဲခန့် မြင့်တက်လာနိုင်ပြီး ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

ယနေ့နံနက် ၇ နာရီခွဲအချိန် တိုင်းထွာချက်အရ သောင်ရင်းမြစ်ရေသည် မြဝတီမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ် ၃၁ ဒသမ ၅၉ ပေ (၉၆၃ စင်တီမီတာ) အထက်သို့ ၁၀ ပေခွဲခန့် (၃၁၉ စင်တီမီတာ) ကျော်လွန်ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်တစ်ရက်အတွင်း ၃ ပေခန့် မြင့်တက်လာနိုင်ပြီး ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်ဆက်လက်တည်ရှိနိုင်သည်။

သို့ဖြစ်ပါ၍ ပဲခူးမြို့၊ တောင်ငူမြို့၊ မဒေါက်မြို့နှင့် မြဝတီမြို့တို့အတွင်းရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်းနေထိုင်သူများအနေဖြင့် အထူးသတိပြုနေထိုင်ကြပါရန် အကြံပြုအပ်ပါသည်။

**(မိုး/ဇလ)**

# ထီးလင်းမြို့နယ်၌ ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံမြေပဲကို အဓိကထား၍ နှစ်စဉ်စိုက်ပျိုး

**ထီးလင်း စက်တင်ဘာ ၁၁**

မကွေးတိုင်းဒေသကြီး ဂန့်ဂေါခရိုင် ထီးလင်းမြို့နယ်၌ မိုးမြေပဲနှင့် ဆောင်းမြေပဲ စိုက်ဧက ၁၀၀၀၀ ခန့် နှစ်စဉ်စိုက်ပျိုးကြောင်း၊ ရေ၊ မြေ၊ ရာသီဥတုကောင်းမွန်သည့်အတွက် ဒေသခံတောင်သူများသည် စိုက်ပျိုးရေးလုပ်ငန်းကို စီးပွားဖြစ်လုပ်ကိုင်ကြပြီး ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံမြေပဲကို အဓိကထား၍ နှစ်စဉ်စိုက်ပျိုးကြကြောင်း သိရသည်။

ထီးလင်းမြို့နယ်အတွင်းရှိ ဝက်သက်၊ လုံးပေါင်၊ လက်ပံ၊ ဒေါသာ၊ သရခါ၊ အနောက်ဘက်၊ မြောက်ဘက်၊ ထလင်း စသည့်ကျေးရွာတို့၌ ပင်ထောင်အတောင့်သေးမျိုးများကို စိုက်ဧက ၅၀၀၀ ခန့် စိုက်ပျိုးထားရှိကြောင်း၊ မြေပဲသီးနှံကို မေလတွင် စတင်စိုက်ပျိုး၍ ဩဂုတ်လတွင် လှိုင်လှိုင်တူးဖော်ကြကြောင်း၊ စိုက်ပျိုးထုတ်လုပ်မှုကုန်ကျစရိတ်အနေဖြင့် ငွေကျပ် ၈၀၀၀၀၀ ခန့်ကုန်ကျပြီး တစ်ဧကပျမ်းမျှအထွက် ၅၅ တင်းခန့်ထွက်ရှိကြောင်း သိရသည်။

ယခုနှစ်တွင် စိုက်ပျိုးချိန်မှ တူးဖော်ချိန်အထိ ရာသီဥတုကောင်းမွန်သည့်အတွက် မြေပဲအထွက်နှုန်းကောင်းမွန်ကြောင်း၊ ဩဂုတ်လ စတုတ္ထပတ်တွင် ဒေသပေါက်ဈေးအနေဖြင့် သီးနှံအရည်အသွေးပေါ်မူတည်၍ မြေပဲတောင့်တစ်တင်းလျှင် ငွေကျပ် ၃၀၀၀၀ - ၄၀၀၀၀ ဈေးနှုန်းများဖြင့် အရောင်းအဝယ်ဖြစ်လျက်ရှိပြီး တစ်ဧကအကျိုးအမြတ်အနေဖြင့် ငွေကျပ် ၁၄၀၀၀၀၀ ခန့်ရရှိကြောင်း၊ ထီးလင်းမြို့နယ်အတွင်းမှ ထွက်ရှိသော မြေပဲများကို ကုန်သည်များက ဝယ်ယူ၍ ပခုက္ကူဈေးကွက်သို့ တင်ပို့ရောင်းချပြီး ထိုမှတစ်ဆင့် မန္တလေးမြို့သို့ တင်ပို့ရောင်းချကြောင်း သိရသည်။

**ဇော်မျိုး(မြဝတီ)**

၁၁-၉-၂၀၂၄

**ထူးခြားသည့် နေ့အပူချိန်များ**

| | | | |
|---|---|---|---|
| မြစ်ကြီးနား | ၃၈ ဒသမ ၂ ဒီဂရီဆဲလ်စီးယက် | မော်လိုက် | ၃၆ ဒသမ ၀ ဒီဂရီဆဲလ်စီးယက် |
| ကသာ | ၃၇ ဒသမ ၅ ဒီဂရီဆဲလ်စီးယက် | ရွှေဘို | ၃၆ ဒသမ ၀ ဒီဂရီဆဲလ်စီးယက် |
| ရေဦး | ၃၇ ဒသမ ၀ ဒီဂရီဆဲလ်စီးယက် | ဟုမ္မလင်း | ၃၅ ဒသမ ၃ ဒီဂရီဆဲလ်စီးယက် |
| မချမ်းဘော | ၃၆ ဒသမ ၀ ဒီဂရီဆဲလ်စီးယက် | ကန့်ဘလူ | ၃၅ ဒသမ ၃ ဒီဂရီဆဲလ်စီးယက် |
| ခန္တီး | ၃၆ ဒသမ ၀ ဒီဂရီဆဲလ်စီးယက် | ပူတာအို | ၃၅ ဒသမ ၀ ဒီဂရီဆဲလ်စီးယက် |

# နိုင်ငံတော်ကာကွယ်ခုခံပိုင်ခွင့် (National Self Defence)

မအေးစု(ဥပဒေ)

**❖ နိုင်ငံတော်ရဲ့ အချုပ်အခြာအာဏာကို ထိပါးလာမှုနဲ့ အကြမ်းဖက်မှုတွေကို တုံ့ပြန်ဆောင်ရွက်တဲ့နေရာမှာ တပ်မတော်တစ်ရပ်တည်းသာမက နိုင်ငံချစ်စိတ်၊ မျိုးချစ်စိတ်နှင့် အမျိုးဘာသာသာသနာကို ထိန်းသိမ်းကာကွယ်စောင့်ရှောက်လိုစိတ်ရှိတဲ့ ပြည်သူတွေကပါ အမျိုးသားရေးတာဝန်တစ်ရပ်အနေနဲ့ နိုင်ငံတော်အပေါ်ကျရောက်လာတဲ့ လက်နက်ကိုင် အကြမ်းဖက်တိုက်ခိုက်မှုအန္တရာယ်ကို နိုင်ငံတော်ကာကွယ်ခုခံပိုင်ခွင့် (National Self Defence) အနေနဲ့ ကျင့်သုံးဆောင်ရွက်ရာမှာ တာဝန်သိစွာ ပါဝင်လာဖို့လို. . .**

တရားသောစစ်မှုသဘောတရား(Just War Theory) အရ နိုင်ငံတစ်နိုင်ငံရဲ့ အချုပ်အခြာအာဏာပိုင်လွတ်လပ်မှုကို ထိပါးနှောင့်ယှက်လာတဲ့အခါမှာ အဲဒီနိုင်ငံအနေနဲ့ ကာကွယ်ခုခံနိုင်တဲ့အခွင့်အရေးရှိပါတယ်။ ဒီမူသဘောတရားကပဲ နိုင်ငံတစ်နိုင်ငံရဲ့ ပိုင်နက်နယ်မြေတည်တံ့ခိုင်မြဲမှုနဲ့ နိုင်ငံရေးလွတ်လပ်မှုကို မပြိုကွဲမပျက်စီးစေဖို့အတွက် ကာကွယ်ခုခံပိုင်ခွင့်အခွင့်အရေးကို ခွင့်ပြုထားတာပဲဖြစ်ပါတယ်။

**နိုင်ငံတော်ကာကွယ်ခုခံပိုင်ခွင့် (National Self Defence)** ဆိုတာဟာ နိုင်ငံတော်ကို ကာကွယ်ဖို့နဲ့ ကျရောက်လာမယ့် အန္တရာယ်တွေကိုတိုက်ဖျက်ဖို့ဖြစ်ပါတယ်။ တစ်နည်းအားဖြင့်ဆိုရရင် နိုင်ငံတစ်နိုင်ငံရဲ့ အချုပ်အခြာအာဏာ၊ အခြေခံအဆောက်အဦ၊ နိုင်ငံသားတွေရဲ့ လူမှုဘဝနဲ့ အကျိုးစီးပွားတွေကို ကာကွယ်ဖို့ပဲဖြစ်ပါတယ်။ နိုင်ငံတစ်ခုရဲ့အတွင်းရန်နဲ့ အပြင်ရန်တွေကို ကာကွယ်ဖို့ လုပ်ဆောင်တာလို့လည်း အဓိပ္ပာယ်ရပါတယ်။

နိုင်ငံတော်ကာကွယ်ခုခံပိုင်ခွင့်အတွက် နိုင်ငံတစ်ခုရဲ့အတွင်းရန်ကို ကာကွယ်တယ်ဆိုတာကတော့ နိုင်ငံအတွင်းမှာရှိတဲ့ အကြမ်းဖက်အဖွဲ့တွေ၊ အကြမ်းဖက်လုပ်ရပ်တွေ၊ လက်နက်ကိုင်တိုက်ခိုက်လာတာတွေကြောင့် နိုင်ငံတော်ရဲ့ လုံခြုံရေးနဲ့တည်ငြိမ်မှုကို ထိပါးလာတဲ့အခါ ကာကွယ်ဖို့ အခွင့်အရေးဖြစ်တဲ့ နိုင်ငံတော်ကာကွယ်ခုခံပိုင်ခွင့်ကို ကျင့်သုံးတာဖြစ်ပါတယ်။ နိုင်ငံတော်ကာကွယ်ခုခံပိုင်ခွင့်မှာ အပြင်ရန်တွေဖြစ်တဲ့ ပြည်ပနိုင်ငံတစ်ခုခုက နည်းလမ်းတစ်မျိုးမျိုးနဲ့ ထိပါးနှောင့်ယှက်လာတာတွေကို ကာကွယ်ဖို့လည်း လိုအပ်ပါတယ်။

စာရေးသူတို့နိုင်ငံဟာ လွတ်လပ်တဲ့ အချုပ်အခြာအာဏာပိုင်နိုင်ငံဖြစ်ပြီး နိုင်ငံတော်ရဲ့ အချုပ်အခြာအာဏာဟာ နိုင်ငံသားတွေထံက ဆင်းသက်ပြီး နိုင်ငံတော်တစ်ဝန်းလုံးမှာ တည်တယ်ဆိုတဲ့မူကို ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀ဝ၈ ခုနှစ်) မှာ ပြဋ္ဌာန်းထားပါတယ်။ ဒ့ါအပြင် တပ်မတော်ဟာ နိုင်ငံတော်လုံခြုံရေးနဲ့ ကာကွယ်ရေးမှာ ပြည်သူတစ်ရပ်လုံး ပါဝင်ရေးအတွက် စီမံဆောင်ရွက်ခွင့်ရှိတယ်လို့လည်း ပြဋ္ဌာန်းထားပါတယ်။

**လွတ်လပ်တဲ့ အချုပ်အခြာအာဏာပိုင်နိုင်ငံတစ်နိုင်ငံဖြစ်တာနဲ့အညီ နိုင်ငံတော်ရဲ့ ပိုင်နက်နယ်မြေတည်တံ့ခိုင်မြဲမှုနဲ့ နိုင်ငံရေးအရလွတ်လပ်မှုကို ပြိုကွဲပျက်စီးအောင် လုပ်ဆောင်လာတာတွေကို နိုင်ငံတစ်နိုင်ငံရဲ့ အခွင့်အရေးဖြစ်တဲ့ ကာကွယ်ခုခံပိုင်ခွင့်အနေနဲ့ တုံ့ပြန်ဆောင်ရွက်ခွင့် အပြည့်အဝရှိပါတယ်။** နိုင်ငံတော်အစိုးရအနေနဲ့ ထာဝရငြိမ်းချမ်းရေး၊ ဒီမိုကရေစီနဲ့ဖက်ဒရယ်စနစ်ကိုအခြေခံတဲ့ ပြည်ထောင်စုတည်ဆောက်ရေးဆိုတာတွေကို ရှေးရှုဆောင်ရွက်နေချိန်မှာ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အချို့အနေနဲ့ နိုင်ငံတော်မှာ ဖြစ်ပေါ်နေတဲ့ နိုင်ငံရေးအကျပ်အတည်းကို အခွင့်ကောင်းယူပြီး နယ်မြေချဲ့ထွင်ဖို့ လုပ်ဆောင်လာတာတွေဟာ နိုင်ငံတော်ရဲ့ ပိုင်နက်နယ်မြေတည်တံ့ခိုင်မြဲမှုနဲ့ နိုင်ငံရေးအရလွတ်လပ်မှုကို ထိပါးနှောင့်ယှက်လာကြတာပဲဖြစ်ပါတယ်။

အဲ့ဒီလိုထိပါးနှောင့်ယှက်လာကြတဲ့နေရာမှာလည်း အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေရဲ့ သတ်မှတ်ပြဋ္ဌာန်းချက်တွေအရ အကြမ်းဖက်လုပ်ရပ်တွေလို့ သတ်မှတ်ထားတဲ့ အများပြည်သူရဲ့ လုံခြုံရေး၊ အသက်အိုးအိမ်စည်းစိမ်၊ အများပြည်သူနဲ့ တစ်ဦးတစ်ယောက်ချင်းစီအတွက် အရေးကြီးတဲ့ အခြေခံအဆောက်အဦတွေ၊ နိုင်ငံပိုင်အဆောက်အအုံ၊ ယာဉ်၊ စက်ပစ္စည်းကိရိယာနဲ့ အသုံးအဆောင်ပစ္စည်းတွေကိုပြင်းထန်စွာ ထိခိုက်ဆုံးရှုံးစေအောင် ပြုလုပ်မှုတွေဖြစ်တဲ့ အများပြည်သူအသုံးပြုနေတဲ့ လမ်း၊ တံတားတွေကို မိုင်းထောင်ဖောက်ခွဲ ဖျက်ဆီးတာတွေ၊ လျှပ်စစ်တာဝါတိုင်တွေကို ဖောက်ခွဲဖျက်ဆီးတာတွေ၊ လူနေထူထပ်တဲ့ မြို့ရွာတွေကို အဝေးကနေလက်နက်ကြီးတွေနဲ့ ပစ်ခတ်တိုက်ခိုက်တာတွေ၊ Drop Bomb တွေချပြီး တိုက်ခိုက်တာတွေ၊ အပြစ်မဲ့ပြည်သူတွေကို အကြောင်းမဲ့သတ်ဖြတ်တာတွေ၊ ကျေးရွာအုပ်ချုပ်ရေးမှူးတွေကို ဖမ်းဆီးသတ်ဖြတ်တာတွေ၊ ကျောင်းဆရာမစတဲ့ အမျိုးသမီးတွေကို ဖမ်းဆီးပြီး အရှက်သိက္ခာအတွက် ငွေကြေးပေးမှပြန်လွှတ်ပေးတာတွေ၊ အတင်းအဓမ္မလူသစ်စုဆောင်းတာတွေ၊ နိုင်ငံတော်ပိုင် အဆောက်အအုံ၊ ယာဉ်၊ စက်ပစ္စည်းကိရိယာနဲ့ အသုံးအဆောင်ပစ္စည်းတွေကို ဖျက်ဆီးတာတွေစတဲ့ အကြမ်းဖက်လုပ်ရပ်တွေကို လက်နက်ကိုင်တိုင်းရင်းသားအကြမ်းဖက်သောင်းကျန်းသူအချို့နဲ့ PDF အမည်ခံအကြမ်းဖက်သမားတွေက လုပ်ဆောင်လာခဲ့ကြတာကို တွေ့ရှိရမှာဖြစ်ပါတယ်။

ဒီလုပ်ရပ်တွေဟာ နိုင်ငံတော်အတွင်း အခြေပြုပြီး နိုင်ငံတော်နဲ့ပြည်သူတွေကို အကြမ်းဖက်မှု ကျူးလွန်နေတာဖြစ်ပါတယ်။ ဒါကြောင့်လည်း တိုင်းရင်းသားလက်နက်ကိုင်သောင်းကျန်းသူအဖွဲ့အချို့ကို အကြမ်းဖက်အုပ်စုအဖြစ် ကြေညာခဲ့တာဖြစ်ပါတယ်။ ဒီလို **နိုင်ငံတော်ရဲ့အချုပ်အခြာအာဏာကို ထိပါးလာမှုနဲ့ နိုင်ငံတော်နဲ့ပြည်သူတွေအပေါ် အကြမ်းဖက်လာတာတွေကို နိုင်ငံတော်ကာကွယ်ခုခံပိုင်ခွင့်ဆိုတဲ့ အခွင့်အရေးတစ်ရပ်အနေနဲ့ တုံ့ပြန်ဆောင်ရွက်သွားရမှာပဲဖြစ်ပါတယ်။ ဒီကိစ္စဟာ တပ်မတော်အရေးကိစ္စသာမဟုတ်ဘဲ အမျိုးသားရေးကိစ္စတစ်ရပ်အနေနဲ့ ဖြစ်ပေါ်လာခဲ့ပါတယ်။ အမျိုးသားရေးကိစ္စမှာ အမျိုးသားအကျိုးစီးပွားကို ကာကွယ်ဖို့အတွက် နိုင်ငံသားတိုင်းမှာ တာဝန်ရှိလာပါတယ်။ နိုင်ငံတော်ကာကွယ်ခုခံပိုင်ခွင့်အတွက် နိုင်ငံသားတိုင်းဟာ ကျရာအခန်းကဏ္ဍက ပါဝင်လာကြဖို့ လိုအပ်လာပါတယ်။**

တိုင်းရင်းသားလက်နက်ကိုင် အကြမ်းဖက်သောင်းကျန်းသူတွေရဲ့ အကြမ်းဖက်လုပ်ရပ်တွေကြောင့် ဒေသခံတိုင်းရင်းသားပြည်သူတွေအနေနဲ့ ယာယီနေရပ်စွန့်ခွာရမှုတွေနဲ့ ရင်ဆိုင်ကြုံတွေ့နေရတဲ့အပြင် အဲဒီအကြမ်းဖက်သောင်းကျန်းသူတွေဟာ မြို့ရွာတွေမှာ အဓမ္မဝင်ရောက်နေထိုင်လာကြပြီး အဲ့ဒီလိုနေထိုင်မှုအပေါ် တပ်မတော်တန်ပြန်ထိုးစစ်ဆင်မှုကို ကာကွယ်ဖို့အတွက် ပြည်သူတွေရဲ့ နေအိမ်အဆောက်အအုံတွေ၊ အရပ်ဘက်အဆောက်အအုံတွေကို အသုံးပြုလာတာတွေ၊ လူသားတံတိုင်းအဖြစ်အသုံးပြုနိုင်ဖို့အတွက် ယာယီနေရပ်စွန့်ခွာသူတွေကို မြို့၊ ရွာတွေမှာ ပြန်လည်နေထိုင်ဖို့ ဆွဲဆောင်စည်းရုံးတာတွေကို လုပ်ဆောင်လာကြတာကို တွေ့ရှိရမှာဖြစ်ပါတယ်။ ဒီနေရာမှာ **ပြည်သူတွေအနေနဲ့ တစ်ခုသတိထားရမှာက အကြမ်းဖက်သောင်းကျန်းသူတွေရဲ့ အသုံးချခံမဖြစ်ဖို့ဆိုတာနဲ့ အကြမ်းဖက်သောင်းကျန်းသူတွေကို ဆက်နွယ်ပတ်သက်မိရင် အကြမ်းဖက်အားပေးဖြစ်သွားနိုင်တယ်ဆိုတာပဲဖြစ်ပါတယ်။ နိုင်ငံတော်နဲ့ တပ်မတော်က နိုင်ငံတော်ရဲ့ အချုပ်အခြာအာဏာကို ထိပါးလာမှုနဲ့ အကြမ်းဖက်မှုတွေကို မလွဲမသွေတုံ့ပြန်ဆောင်ရွက်သွားမှာဖြစ်တဲ့အတွက် ပြည်သူတွေအနေနဲ့ မြေစာပင်မဖြစ်ရအောင်သတိပေးလိုခြင်းဖြစ်ပါတယ်။ အကြမ်းဖက်မှုကို ပြည်သူတစ်ရပ်လုံးဆန့်ကျင်သွားရမှာပဲ ဖြစ်ပါတယ်။**

နိုင်ငံတော်ရဲ့အချုပ်အခြာအာဏာကို ထိပါးလာမှုနဲ့ အကြမ်းဖက်မှုတွေကို တုံ့ပြန်ဆောင်ရွက်တဲ့နေရာမှာ တပ်မတော်တစ်ရပ်တည်းသာမက **နိုင်ငံချစ်စိတ်၊ မျိုးချစ်စိတ်နှင့် အမျိုးဘာသာသာသနာကို ထိန်းသိမ်းကာကွယ်စောင့်ရှောက်လိုစိတ်ရှိတဲ့ ပြည်သူတွေကပါ အမျိုးသားရေးတာဝန်တစ်ရပ်အနေနဲ့ နိုင်ငံတော်အပေါ်ကျရောက်လာတဲ့ လက်နက်ကိုင် အကြမ်းဖက်တိုက်ခိုက်မှုအန္တရာယ်ကို နိုင်ငံတော်ကာကွယ်ခုခံပိုင်ခွင့် (National Self Defence) အနေနဲ့ ကျင့်သုံးဆောင်ရွက်ရာမှာ တာဝန်သိစွာ ပါဝင်လာဖို့လိုပါတယ်။** လက်ရှိအချိန်မှာ တာဝန်သိပြည်သူတွေအနေနဲ့ တပ်မတော်နဲ့လက်တွဲပြီး ပြည်သူ့စစ်အဖွဲ့တွေမှာပါဝင်တာဝန်ထမ်းဆောင်တာတွေ၊ ပြည်သူ့လုံခြုံရေးအဖွဲ့တွေမှာ ပါဝင်တာဝန်ထမ်းဆောင်လာတာတွေဟာ နိုင်ငံတော်ကာကွယ်ခုခံပိုင်ခွင့်အတွက် အားတက်ဖွယ်မြင်ကွင်းတွေပဲဖြစ်ပါတယ်။ ဒီကဏ္ဍရပ်တွေအပြင် အခြားကဏ္ဍရပ်တွေမှာလည်း ပြည်သူတွေပါဝင်လာကြဖို့ လိုအပ်ပါတယ်။ ဖြစ်ပေါ်လာတဲ့ အခြေအနေတွေအရ နိုင်ငံတော်အတွက် စစ်မှုထမ်းခြင်းနဲ့ အခြားသောလုံခြုံရေးအဖွဲ့အစည်းတွေမှာပါဝင်ခြင်းဟာ ပြည်သူတွေရဲ့ တာဝန်တစ်ခုအဖြစ် အရေးတကြီးတည်ရှိလာပါတယ်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀ဝ၈ ခုနှစ်)ရဲ့ပြဋ္ဌာန်းချက်တွေထဲမှာဆိုရင် “ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ရဲ့ လွတ်လပ်ရေး၊ အချုပ်အခြာအာဏာနဲ့ နယ်မြေတည်တံ့ခိုင်မြဲရေးတို့ကို ကာကွယ်စောင့်ရှောက်ရေးဟာ နိုင်ငံသားတိုင်းရဲ့တာဝန်ဖြစ်တယ်” လို့ ဆိုတဲ့အချက်၊ “နိုင်ငံသားတိုင်းဟာ ဥပဒေပြဋ္ဌာန်းချက်တွေနဲ့အညီ စစ်ပညာသင်ကြားဖို့နဲ့ နိုင်ငံတော်ကာကွယ်ရေးအတွက် စစ်မှုထမ်းဆောင်ဖို့ တာဝန်ရှိတယ်” လို့ဆိုတဲ့အချက်တွေကို အတိအလင်းပြဋ္ဌာန်းထားပါတယ်။

ပြည်သူတွေအနေနဲ့ ကိုယ့်နိုင်ငံအပေါ် **ရိုးသားစွာသစ္စာရှိပြီး ဥပဒေ၊ စည်းမျဉ်းစည်းကမ်းတွေကို လိုက်နာဖို့၊ လုံခြုံရေးနဲ့ဆိုင်တဲ့ ဘယ်ဥပဒေကိုမဆို လိုက်နာဖို့ဆိုတာတွေဟာ နိုင်ငံတစ်ခုရဲ့ လုံခြုံရေးစနစ်ကို ပြည့်ပြည့်ဝဝတည်ဆောက်တဲ့နေရာမှာ လွန်စွာအရေးပါလှပါတယ်။ ပြည်သူတွေအနေနဲ့ သတင်းအချက်အလက်တွေကို အမှားအမှန်ခွဲခြားတတ်ပြီးတော့ သတင်းမှားတွေကို ကာကွယ်ဖို့၊ သတင်းမှားတွေ၊ အဖြစ်မှန်နဲ့ ကွဲလွဲချက်တွေဟာ နိုင်ငံတော်ရဲ့လုံခြုံရေးကို ထိခိုက်စေနိုင်တာကြောင့် သတင်းမှားတွေ ပျံ့နှံ့မှုကကာကွယ်ဖို့အတွက် စောင့်ကြည့်သတိထားပြီး မှန်ကန်တဲ့သတင်းအချက်အလက်တွေကို အသုံးပြုကြဖို့လိုအပ်ပါတယ်။** ဒ့ါအပြင် လူမှုရေး၊ ယဉ်ကျေးမှုနဲ့ အခြေခံတန်ဖိုးတွေကို လိုက်နာပြီး ပတ်ဝန်းကျင်၊ မြို့ရွာများ တည်ငြိမ်ရေးနဲ့ ငြိမ်းချမ်းရေးကိုထိန်းသိမ်းဖို့ သတ်မှတ်ထားတဲ့ စည်းမျဉ်းစည်းကမ်းတွေနဲ့ လုပ်ငန်းစဉ်တွေကို လိုက်နာဆောင်ရွက်ဖို့ လိုအပ်ပါတယ်။ **အရေးပေါ်အခြေအနေတွေ၊ ခြိမ်းခြောက်မှုတွေနဲ့ လုံခြုံရေးထိခိုက်မှုတွေ ဖြစ်ပေါ်လာတဲ့အခါ အစိုးရနဲ့လုံခြုံရေးအဖွဲ့တွေထံကို သတိပေးတာတွေ၊ သတင်းပို့တာတွေကို ပြည်သူတွေအနေနဲ့ တာဝန်သိစွာဆောင်ရွက်ကြဖို့လိုပါတယ်။ ဒါမှသာ လုံခြုံရေးနဲ့ ကာကွယ်ရေးစနစ်အတွင်းမှာ ပြည်သူတွေပူးပေါင်းပါဝင်လာပြီး နိုင်ငံတော်ကာကွယ်ခုခံပိုင်ခွင့်ကို ထိရောက်စွာ ဆောင်ရွက်နိုင်မှာဖြစ်**သလို နိုင်ငံတော်ရဲ့ အချုပ်အခြာအာဏာကိုထိပါးလာမှုနဲ့ အကြမ်းဖက်မှုတွေကို မလွဲမသွေတုံ့ပြန်မှုပြုကြရတဲ့အခါမှာ ပြည်သူများရဲ့ ပူးပေါင်းပါဝင်မှုအားနဲ့ ဆောင်ရွက်ကြပါစို့လို့ တိုက်တွန်းရေးသားလိုက်ရပါတယ်။ ။

# “မာရဝိဇယပုံတူမြတ်စွာဘုရား” ဗုဒ္ဓါဘိသေကအနေကဇာတင် မဟာမင်္ဂလာ အခမ်းအနားသို့ ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင် တက်ရောက်ကြည်ညို



နေပြည်တော် စက်တင်ဘာ ၁၁

ပြည်ထောင်စုနယ်မြေ နေပြည်တော် ပျဉ်းမနားမြို့ မင်္ဂလာရှမ်းကန်အတွင်း အသစ်တစ်ဖန်ပြန်လည်တည်ဆောက်ပြီးစီးသည့် “ရေလယ်ဘုရားကျောင်းဆောင်” အတွင်း ကိန်းဝပ်စံပယ်တော်မူသော “မာရဝိဇယပုံတူမြတ်စွာဘုရား”ဗုဒ္ဓါဘိသေက အနေကဇာတင် မဟာမင်္ဂလာအခမ်းအနားနှင့် ရှင်ဥပဂုတ္တကိုယ်တော်မြတ်ကြီးနှင့် ကျောင်းဆောင်ဆောက်လုပ်လှူဒါန်းခြင်း အတွက် ရေစက်ချအလှူတော်မင်္ဂလာ အခမ်းအနားကို ယမန်နေ့နံနက်ပိုင်းက ကျင်းပသည်။

အခမ်းအနားသို့ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင်နှင့် နေပြည်တော်ကောင်စီဥက္ကဋ္ဌ မြို့တော်ဝန် ဦးသန်းထွန်းဦး၊ နေပြည်တော်ကောင်စီဝင်များ၊ ဒုတိယမြို့တော်ဝန်ဦးမောင်မောင်နှင့်နေပြည်တော် စည်ပင်သာယာရေး ကော်မတီဝင်များ၊ နေပြည်တော်အဆင့် ဌာနဆိုင်ရာများ၊ အလှူရှင်များ၊ မြို့မိမြို့ဖများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီးနှင့် ဧည့်သည်တော်များသည် ပျဉ်းမနားမြို့ ပါဠိတက္ကသိုလ်မင်္ဂလာဇေယျုံကျောင်းတိုက် ပဓာနနာယကဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တဝိမလဗုဒ္ဓိထံမှ ကိုးပါးသီလခံယူဆောက်တည်ကြပြီး ဆရာတော်၊ သံဃာတော်များရွတ်ပွားတော်မူသည့်ပရိတ်တရားတော်များကို နာယူကြည်ညိုကြသည်။

ထို့နောက် နေပြည်တော်ကောင်စီဥက္ကဋ္ဌက သာသနာရေးဆိုင်ရာများ လျှောက်ထားပြီး ပြည်ထောင်စုဝန်ကြီးက ဆရာတော်၊ သံဃာတော်များထံ နဝကမ္မဝတ္ထုငွေများ ဆက်ကပ်လှူဒါန်းကြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့် ဧည့်သည်တော်များသည် ပျဉ်းမနားမြို့ ပါဠိတက္ကသိုလ် မင်္ဂလာဇေယျုံကျောင်းတိုက် ပဓာနနာယက ဆရာတော်ထံမှ အနုမောဒနာတရားနာကြား၍ လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းလောင်းအမျှပေးဝေကာ ဆရာတော်၊ သံဃာတော်များအား အရုဏ်ဆွမ်းဆက်ကပ်လှူဒါန်းကြသည်။

နံနက်ပိုင်းတွင် နေပြည်တော်ကောင်စီဥက္ကဋ္ဌသည် တာဝန်ရှိသူများနှင့်အတူ တပ်ကုန်းမြို့နယ် ရန်ကုန်-မန္တလေး ပြည်ထောင်စုလမ်းမကြီးရှိ ရေကြီးရေလျှံဖြစ်ပေါ်နေသည့်နေရာများသို့ သွားရောက်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

(သတင်းစဉ်)

# လှိုင်ကော်မြို့ ဘီလူးချောင်းရေမြင့်တက်မှုကြောင့် ရေဝင်ရောက်သည့် နေရာများသို့ ကယားပြည်နယ်ဝန်ကြီးချုပ် ကွင်းဆင်းကြည့်ရှု

လှိုင်ကော် စက်တင်ဘာ ၁၁

ကယားပြည်နယ်အစိုးရအဖွဲ့ ၊ ပြည်နယ်ဝန်ကြီးချုပ် ဦးဇော်မျိုးတင်သည် ပြည်နယ်အစိုးရအဖွဲ့ဝင်များနှင့် တာဝန်ရှိသူများ လိုက်ပါ၍ ယနေ့နံနက်ပိုင်းတွင် ဘီလူးချောင်းရေမြင့်တက်မှုကြောင့် ရေဝင်ရောက်လျက်ရှိသည့် နမ့်ကွတ်ရပ်ကွက်အတွင်းရှိ နေအိမ်များ ၊ ရေစီးကွေ့ ၊ ကန္တရဝတီတံတားတို့၌ ဘီလူးချောင်းရေမြင့်တက်မှုအခြေအနေများကို သွားရောက်ကြည့်ရှုစစ်ဆေးခဲ့ကြသည်။



ရှေးဦးစွာ ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် နမ့်ကွတ်ရပ်ကွက် အတွင်းရှိ နေအိမ်အချို့၌ ဘီလူးချောင်း ရေဝင်ရောက်မှုအခြေအနေများ ၊ သက်ဆိုင်ရာတာဝန်ရှိသူများနှင့် ရပ်ကွက်နေပြည်သူများက နေအိမ်များအတွင်း ရေထပ်မံမဝင်ရောက်နိုင်ရေးအတွက် စီမံဆောင်ရွက်ထားရှိမှုများကို ကြည့်ရှုစစ်ဆေးခဲ့ကြပြီး ကယ်ဆယ်ရေးလုပ်ငန်းများဆောင်ရွက်ပေးနေသည့် တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့များနှင့် မီးသတ်တပ်ဖွဲ့ဝင်များအား ထောက်ပံ့ငွေများ ပေးအပ်ခဲ့သည်။ ဆက်လက်၍ နမ့်ကွတ်ရပ်ကွက် ရေစီးကွေ့ ၊ ကန္တရဝတီတံတားနှင့် မင်းကျောင်းကန်သာတို့ရှိ ဘီလူးချောင်းရေမြင့်တက်မှု အခြေအနေအားကြည့်ရှု၍ ရေနစ်မြုပ်မှုမရှိရန် ကာရံထားသည့် မြေထိန်းနံရံများ ကြံ့ခိုင်မှုရှိ၊ မရှိ ၊ မြေထိန်းနံရံနေရာများနှင့် နေအိမ်များတွင်ဘီလူးချောင်းရေထပ်မံဝင်ရောက်မှု မရှိစေရေးအတွက် တပ်မတော်တပ်ရင်း၊ တပ်ဖွဲ့များ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့များ၊ မီးသတ်တပ်ဖွဲ့များနှင့် ရပ်ကွက်နေပြည်သူများက သဲအိတ်များကာရံခြင်း၊ မြေထိန်းနံရံများပြုလုပ်ပေးခြင်း စုပေါင်းဆောင်ရွက်နေမှုအား ကြည့်ရှုစစ်ဆေးခဲ့ပြီး “(၂၄)နာရီ ရေကင်းစောင့်ကြည့်နိုင်ရေး ၊ စိုးရိမ်ရေမှတ် ကျော်လွန်သည့် အခြေအနေရှိပါက အမိန့်စောင့်ဆိုင်းရန်မလိုဘဲ အချိန်နှင့်တစ်ပြေးညီ ပြည်သူများသို့ ကြေညာချက်ထုတ်ပြန်အသိပေး၍ ကူညီကယ်ဆယ်ရေးလုပ်ငန်းများကို ချက်ချင်းတုံ့ပြန် ဆောင်ရွက်သွားရန်” တာဝန်ရှိသူများအား မှာကြားသည်။

ဆက်လက်၍ ယနေ့မွန်းလွဲပိုင်းတွင် ပြည်နယ်အစိုးရအဖွဲ့ဝင်များနှင့် တာဝန်ရှိသူများသည် နယ်စပ်ဒေသတိုင်းရင်းသားလူငယ်များဖွံ့ဖြိုးရေး သင်တန်းကျောင်း ခန်းမ၌ ဒေါ်နိုးကူး၊ မင်းစု၊ နမ့်ကွတ်နှင့် ရှမ်းစုရပ်ကွက်တို့မှ ရေဘေးသင့်အိမ်ထောင်စု ၁၇၇ စု ၊ လူဦးရေ ၆၃၉ ဦးတို့အတွက် အိမ်ထောင်စုတစ်စုလျှင် ဆီ ၅၀ ကျပ်သား ၊ လူတစ်ဦးလျှင် ဆန်နှစ်ပြည်နှုန်း စုစုပေါင်း ဆန်အိတ် ၅၄ အိတ် ၊ ဆီ ၈၉ ပိဿာနှင့် ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာနမှ ဆန်ဖိုးထောက်ပံ့ငွေကျပ် ၁၃၄၁၉၀၀ တို့အား ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

ပြည်နယ်(ပြန်/ဆက်)

# မူပိုင်ခွင့်ဆိုင်ရာ မေတ္တာရပ်ခံအသိပေးခြင်း

၁။ ပြန်ကြားရေးဝန်ကြီးဌာန၊ မြန်မာ့အသံနှင့်ရုပ်မြင်သံကြားသည် အကျိုးအမြတ်ရယူခြင်းမရှိသော နိုင်ငံပိုင် ပြည်သူ့ဝန်ဆောင်မှုမီဒီယာဖြစ်သည်နှင့်အညီ အများပြည်သူများ ပျော်ရွှင်မှုဖြစ်စေရန်၊ အပန်းပြေစေရန်နှင့် စိတ်ခွန်အားသစ်များရရှိနိုင်ရန်အတွက် အပတ်စဉ် သောကြာနေ့ညများတွင် Friday Night Live Show ဖျော်ဖြေရေးအစီအစဉ်ကို (MRTV–HD Channel)မှ (Free to Air – FTA)ဖြင့် အခမဲ့ထုတ်လွှင့်လျက်ရှိပါသည်။

၂။ ၂၀၂၄ ခုနှစ်၊ စက်တင်ဘာလ ၁၃ ရက် (သောကြာနေ့)ညတွင် အလင်္ကာကျော်စွာ တေးရေးဆရာကြီး ရွှေတိုင်ညွန့်၏ တေးသီချင်းများကို မြန်မာ့အသံနှင့်ရုပ်မြင်သံကြား ဆိုင်းဝိုင်းကြီးအဖွဲ့၏တီးခတ်မှုနှင့်အတူ ဌာနအဆိုရှင်များနှင့် ပြင်ပတေးသံရှင်များစုပေါင်း၍ **“မိဘမေတ္တာ”**တေးဂီတဖျော်ဖြေပွဲခေါင်းစဉ်ဖြင့် ရိုက်ကူးထုတ်လွှင့်သွားမည်ဖြစ်၍ အောက်ပါတေးသီချင်းများအား အခမဲ့အသုံးပြုသွားမည်ဖြစ်ကြောင်း မူပိုင်ခွင့်ရှိသူများအား လေးစားစွာဖြင့် မေတ္တာရပ်ခံ အသိပေးအကြောင်းကြားပါသည်–

**(၁၃–၉–၂၀၂၄)ရက်နေ့တွင် မြန်မာ့အသံနှင့်ရုပ်မြင်သံကြားအစီအစဉ်မှ “ မိဘမေတ္တာ ” တေးဂီတဖျော်ဖြေပွဲခေါင်းစဉ်ဖြင့် ရိုက်ကူးထုတ်လွှင့်မည့် တေးသီချင်း(၁၀)ပုဒ်**

| စဉ် | သီချင်းအမည် | အဆိုရှင် |
|---|---|---|
| ၁။ | ပြိုင်ပွဲကြီး | တူယှဉ်နွဲ့ပျော် ဂီတပွဲတော် ဆုရအဆိုရှင် |
| ၂။ | သုံးရောင်ခြယ် | ပြင်ပအဆိုရှင် |
| ၃။ | အောင်ဗလအလွမ်းပြေ | ပြင်ပအဆိုရှင် |
| ၄။ | သိကြားသာသနာ | ပြင်ပအဆိုရှင် |
| ၅။ | မြသဝန်ကြောင် | ဌာနအဆိုရှင် |
| ၆။ | ကက္ကရရွှေစည် | တူယှဉ်နွဲ့ပျော် ဂီတပွဲတော် ဆုရအဆိုရှင် |
| ၇။ | မိဘမေတ္တာ | တူယှဉ်နွဲ့ပျော် ဂီတပွဲတော် ဆုရအဆိုရှင် |
| ၈။ | မောင့်သက်လှယ် | ပြင်ပအဆိုရှင် |
| ၉။ | လယ်သမား | ပြင်ပအဆိုရှင် |
| ၁၀။ | ရွှေပုဆိန် | ပြင်ပအဆိုရှင် |

# ပဲခူးတက္ကသိုလ်၌ အခြေခံပညာ / အဆင့်မြင့်ပညာ ကျောင်းသားများနှင့် လူငယ်များအတွက် ဥပဒေအသိပညာပေးဟောပြောပွဲ ကျင်းပ

ပဲခူး စက်တင်ဘာ ၁၁

ပဲခူးတက္ကသိုလ် စုဝေးခန်းမ၌ စက်တင်ဘာလ ၁၁ ရက် နံနက်ပိုင်းက ပဲခူးတိုင်းဒေသကြီး အစိုးရအဖွဲ့၏ အစီအစဉ်ဖြင့် အခြေခံပညာ / အဆင့်မြင့်ပညာ ကျောင်းသားများနှင့် လူငယ်များအတွက် ဥပဒေအသိပညာပေးဟောပြောပွဲ ကျင်းပရာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးဆွေဝင်း တက်ရောက်ချီးမြှင့်ခဲ့သည်။

ရှေးဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်က နိုင်ငံတော်၏ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိကစွမ်းအားစုအဖြစ်ပါဝင်နိုင်ရေး၊ ဗလငါးတန်နှင့်ပြည့်စုံသော လူငယ်များဖြစ်စေရေး လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရေးကို အလေးထားပံ့ပိုးဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ဥပဒေ၏ အခြေခံသည် စည်းကမ်းဖြစ်ပြီး အခြေခံဥပဒေဆိုင်ရာအသိအမြင်ရရှိစေရေး ပညာပေးမှုနှင့် ထိန်းကျောင်းမှုများကို ဆောင်ရွက်ရန်လိုအပ်မည်ဖြစ်ကြောင်း၊ ဥပဒေပညာရပ်များကို သင်ကြားတတ်မြောက်ပြီးပါက လိုက်နာရမည့်အချက်များ၊ ရှောင်ရှားရမည့်အချက်များကိုသိရှိပြီး စည်းကမ်းရှိစွာ နေထိုင်တတ်သည့် အလေ့အကျင့်ကောင်းများ ပျိုးထောင်ပေးသွားရမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ပဲခူးတိုင်းဒေသကြီးဥပဒေချုပ်ရုံးမှ ရုံးအဖွဲ့မှူး ဦးကျော်နန္ဒနှင့် ဒုတိယတိုင်းဥပဒေအရာရှိ ဒေါ်မို့မို့ဝင်းရွှေတို့က ၂၀၀၈ ခုနှစ်၊ ဖွဲ့စည်းပုံအခြေခံဥပဒေမှ သိမှတ်ဖွယ်ရာများ၊ ရွေးကောက်ပွဲဆိုင်ရာ ဥပဒေမှ သိမှတ်ဖွယ်ရာများ၊ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေမှ သိမှတ်ဖွယ်ရာများ၊ လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးဥပဒေမှ သိမှတ်ဖွယ်ရာများနှင့် လောင်းကစားဥပဒေမှ သိမှတ်ဖွယ်ရာများအား ရှင်းလင်းဟောပြောခဲ့ကြသည်။

ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့သည် ပဲခူးမြို့ ကလျာဏီရပ်ကွက်ရှိ သက္ကရာဇ်(၈၃၃)ခုနှစ်တွင် ဓမ္မစေတီမင်းတရားကြီး တည်ထားကိုးကွယ်တော်မူခဲ့သည့် ရှေးဟောင်းသမိုင်းဝင်ရွှေဂူလေးစေတီတော်မြတ်အား သွားရောက်ဖူးမြော်ခဲ့ပြီး ဘက်စုံပြုပြင်မွမ်းမံနိုင်ရေး အလှူငွေများ ပေးအပ်လှူဒါန်းခဲ့သည်။ ၎င်းနောက် စက်တင်ဘာလ ၉ ရက် ညနေပိုင်းက မိုးကြိုးထိမှန်ခဲ့သည့် စေတီတော်ကြီး၏ ကိုယ်လုံးတော်နှင့် စေတီတော်ကြီး၏ လိုဏ်ဂူတော်အတွင်း ထိခိုက်မှုများအား လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ပြီး ကြံ့ခိုင်မှုရှိစေရန် ရှေးဟောင်းသုတေသနဦးစီးဌာနမှ ပညာရှင်များနှင့် ပြန်လည်စစ်ဆေးပြင်ဆင်နိုင်ရေး ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **(၄၀၁)၊ တင်စိုး(ပဲခူး)**

# ပြည်ထောင်စုကုန်စျေးနှုန်းတည်ငြိမ်ရေးကော်မတီ (၃/၂၀၂၄) အစည်းအဝေးကျင်းပ



နေပြည်တော်    စက်တင်ဘာ    ၁၁

ပြည်ထောင်စုကုန်စျေးနှုန်းတည်ငြိမ်ရေးကော်မတီ (၃/၂၀၂၄) အစည်းအဝေးကို ယနေ့မွန်းလွဲ ၁ နာရီတွင် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ရုံးအမှတ် (၃၂) အစည်းအဝေးခန်းမ၌ကျင်းပရာ ပြည်ထောင်စုကုန်စျေးနှုန်းတည်ငြိမ်ရေးကော်မတီဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်နှင့် စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန် တက်ရောက်အမှာစကားပြောကြားသည်။

အစည်းအဝေးသို့ ပြည်ထောင်စုကုန်စျေးနှုန်းတည်ငြိမ်ရေးကော်မတီ ဒုတိယဥက္ကဋ္ဌ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၊ ကော်မတီဝင် ဒုတိယဝန်ကြီးများ၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဒုတိယဥက္ကဋ္ဌ၊ ကုန်သွယ်မှုနှင့်ကုန်စည်စီးဆင်းမှုများမှန်ကန်မြန်ဆန်စေရေးဗဟိုကော်မတီ တွဲဖက်အတွင်းရေးမှူး၊ ညွှန်ကြားရေးမှူးချုပ်များ၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်ဥက္ကဋ္ဌနှင့် တာဝန်ရှိပုဂ္ဂိုလ်များ တက်ရောက်ကြပြီး တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ ဝန်ကြီးချုပ်များ၊ စီးပွားရေးရာဝန်ကြီးများ၊ စည်ပင်သာယာရေးကော်မတီအတွင်းရေးမှူးများက ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် တက်ရောက်ကြသည်။

အစည်းအဝေးတွင် ပြည်ထောင်စုကုန်စျေးနှုန်းတည်ငြိမ်ရေးကော်မတီဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်နှင့် စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက အဖွင့်အမှာစကားပြောကြားရာတွင် **ဆန်စျေးနှုန်းနှင့်စပ်လျဉ်း၍** သင့်တင့်မျှတသောစျေးနှုန်းဖြင့် ပြည်သူများ လွယ်ကူစွာဝယ်ယူစားသုံးနိုင်ရန် ဆန်စျေးကွက်စျေးနှုန်းကို လစဉ်ထုတ်ပြန်ပေးလျက်ရှိကြောင်း၊ ဆန်စက်များ ပုံမှန်လည်ပတ်ရေး၊ ဆန်ဆိုင်များ ပုံမှန်ဖွင့်လှစ်ရောင်းချရေးအတွက် သက်ဆိုင်ရာဌာနအဖွဲ့အစည်းများပူးပေါင်း၍ ကြပ်မတ်ဆောင်ရွက်ခဲ့ပါကြောင်း။

**စားသုံးဆီနှင့်စပ်လျဉ်း၍** တိုင်းဒေသကြီး၊ ပြည်နယ်များတွင် စားအုန်းဆီခွဲတမ်းတိုးမြှင့်ရရှိရေးဆောင်ရွက်ပေးခဲ့ကြောင်း၊ စားအုန်းဆီများ စားသုံးသူလက်ဝယ်သို့ စျေးနှုန်း၊ အလေးချိန်မှန်ကန်စွာရောင်းချစေရန် သက်ဆိုင်ရာဌာနအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း။

**ဆေးနှင့် ဆေးပစ္စည်းနှင့်စပ်လျဉ်း၍** တိုင်းဒေသကြီး၊ ပြည်နယ်များတွင် ဆေးဝါးပြတ်လပ်မှုနှင့် စျေးနှုန်းမြင့်တက်မှုများမဖြစ်ပေါ်စေရေးအတွက် သက်ဆိုင်ရာဝန်ကြီးဌာနများ၊ တိုင်းဒေသကြီး/ပြည်နယ်အစိုးရများ၊ ပုဂ္ဂလိကအသင်းအဖွဲ့များနှင့် ပူးပေါင်းဆောင်ရွက်ခဲ့ကြောင်း။

**စက်သုံးဆီနှင့်စပ်လျဉ်း၍** ကုန်ထုတ်လုပ်မှုနှင့် သယ်ယူပို့ဆောင်ရေးကဏ္ဍများအတွက် မရှိမဖြစ်လိုအပ်သည့် စက်သုံးဆီပြတ်လပ်မှုမရှိစေရန် နိုင်ငံတော်အနေဖြင့် ဦးစားပေးဆောင်ရွက်လျက်ရှိကြောင်း၊ ထို့ပြင် စက်သုံးဆီဝယ်ယူရန်လိုအပ်သောနိုင်ငံခြားငွေရရှိရေးအတွက် မြန်မာနိုင်ငံတော်ဗဟိုဘဏ်အနေဖြင့် သက်ဆိုင်ရာဌာနများနှင့် ပူးပေါင်းဆောင်ရွက်ပေးလျက်ရှိကြောင်း။

ဒေသအချို့တွင် စပါးခင်းများ ရေကြီးနစ်မြုပ်မှုများကြောင့် ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်အတွင်း မြန်မာ့အာမခံလုပ်ငန်းတွင်ထားရှိသည့် ရာသီဥတုညွှန်းကိန်းအခြေပြုသီးနှံအာမခံအတွက်ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီးနှင့် မွန်ပြည်နယ်တို့တွင် စုစုပေါင်းလျော်ကြေးငွေအနေဖြင့် ၁၂ ဒသမ ၂၆၅ ဘီလီယံခန့်ပေးလျော်သွားမည်ဖြစ်ကြောင်း၊ လယ်သမားများအနေဖြင့် ဆုံးရှုံးမှုမရှိစေရန် ရာသီဥတုညွှန်းကိန်းအခြေပြု သီးနှံအာမခံထားရှိရေး၊ ဆုံးရှုံးမှုများဖြစ်ပေါ်ပါက အာမခံလျော်ကြေးပေးအပ်မှုအခြေအနေများကိုလည်း ပြည်သူများသိရှိရေး အသိပညာပေးမှုများဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း၊ မိုးသည်းထန်စွာရွာသွန်းမှုကြောင့် စပါးအထွက်နှုန်းမကျဆင်းစေရန် ပြန်လည်စိုက်ပျိုးနိုင်မည့် မျိုးစပါး၊ မြေဩဇာနှင့် စိုက်ပျိုးရေးဆေးများ အချိန်မီရရှိရေးအတွက်မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်အပါအဝင် သက်ဆိုင်ရာတာဝန်ရှိသူများအားလုံးမှ ပူးပေါင်းဆောင်ရွက်သွားရမည်ဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ ပြည်ထောင်စုကုန်စျေးနှုန်းတည်ငြိမ်ရေးကော်မတီ ဒုတိယဥက္ကဋ္ဌ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက ဆန်၊ စားအုန်းဆီ၊ ဆေးနှင့် ဆေးဝါးပစ္စည်းများအပါအဝင် အခြေခံစားသောက်ကုန်များ စျေးနှုန်းတည်ငြိမ်ရေး ဆောင်ရွက်မှုနှင့် ဆက်လက်ဆောင်ရွက်မည့် အခြေအနေများကို ဆွေးနွေးတင်ပြပြီး တိုင်းဒေသကြီးနှင့် ပြည်နယ်များ၏ ဝန်ကြီးချုပ်များ၊ ကော်မတီအဖွဲ့ဝင်များက ပြည်ထောင်စုကုန်စျေးနှုန်းတည်ငြိမ်ရေးကော်မတီအစည်းအဝေးဆုံးဖြတ်ချက်များအပေါ် ဆောင်ရွက်ပြီးစီးမှု၊ အဓိကကုန်စည်စျေးနှုန်းများအပေါ် သုံးသပ်ချက်၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် စိုက်ပျိုးမွေးမြူထုတ်လုပ်မှု၊ စားသုံးမှုနှင့် စားနပ်ရိက္ခာဖူလုံမှုအခြေအနေနှင့် အခြေခံစားသောက်ကုန်စျေးနှုန်းများတည်ငြိမ်စေရေး ဆောင်ရွက်ချက်များကို ဆွေးနွေးတင်ပြကြသည်။

ထို့နောက် ပြည်ထောင်စုကုန်စျေးနှုန်းတည်ငြိမ်ရေးကော်မတီဥက္ကဋ္ဌက ဆွေးနွေးတင်ပြချက်များနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာကဏ္ဍနှင့် ဒေသအလိုက် ကုန်စျေးနှုန်းတည်ငြိမ်စေရေး ဆောင်ရွက်ရမည့်လုပ်ငန်းများနှင့် လိုအပ်ချက်များအား ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

(မဝ)

# ၂၀၂၄ ခုနှစ် အပြည်ပြည်ဆိုင်ရာ သဘာဝဘေးအန္တရာယ် ထိခိုက်ဆုံးရှုံးနိုင်ခြေလျှော့ချရေးနေ့ အကြိုအသိပညာပေးလှုပ်ရှားမှု သဘာဝဘေးအန္တရာယ်စီမံခန့်ခွဲမှုစကားဝိုင်းကျင်းပ





နေပြည်တော်    စက်တင်ဘာ    ၁၁

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်းသည် ယနေ့နံနက်ပိုင်းတွင် ပြည်ထောင်စုနယ်မြေ နေပြည်တော် ဇေယျာသီရိမြို့နယ်ရှိရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်၌ကျင်းပသည့် ၂၀၂၄ ခုနှစ် အပြည်ပြည်ဆိုင်ရာသဘာဝဘေးအန္တရာယ်ထိခိုက်ဆုံးရှုံးနိုင်ခြေလျှော့ချရေးနေ့ အကြိုအသိပညာပေးလှုပ်ရှားမှု သဘာဝဘေးအန္တရာယ်စီမံခန့်ခွဲမှုစကားဝိုင်း ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်အမှာစကားပြောကြားသည်။

အခမ်းအနားသို့ဝန်ကြီးဌာနများမှဒုတိယဝန်ကြီးများ၊ အမြဲတမ်းအတွင်းဝန်များ၊ ညွှန်ကြားရေးမှူးချုပ်များ၊ ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ် ပါမောက္ခချုပ်နှင့် တာဝန်ရှိသူများ၊ ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူများ တက်ရောက်ကြသည်။

ဦးစွာပြည်ထောင်စုဝန်ကြီးက ကုလသမဂ္ဂအထွေထွေညီလာခံက နှစ်စဉ်အောက်တိုဘာလ ၁၃ ရက်နေ့ကို အပြည်ပြည်ဆိုင်ရာ သဘာဝဘေးအန္တရာယ်လျော့ပါးရေးနေ့အဖြစ် သတ်မှတ်ပေးခဲ့ပြီး ၁၉၈၉ ခုနှစ်မှစတင်ကာ အထိမ်းအမှတ်အခမ်းအနားများနှင့် သဘာဝဘေးအသိပညာပေးလှုပ်ရှားမှုများကို ဆောင်ရွက်ခဲ့ကြကြောင်း၊ သဘာဝဘေးအန္တရာယ်ဖြစ်ပေါ်နေမှုများ လျော့ပါးစေရန်ထက် သဘာဝဘေးအန္တရာယ်များကြောင့် ထိခိုက်ဆုံးရှုံးမှုများကို လျော့နည်းစေရန်ဆောင်ရွက်ပေးခြင်းက ပိုမိုထိရောက်စေနိုင်ကြောင်း နားလည်သဘောပေါက်လာသည့်အတွက် ၂၀၁၉ ခုနှစ်မှစ၍ "အပြည်ပြည်ဆိုင်ရာသဘာဝဘေးအန္တရာယ်ထိခိုက်ဆုံးရှုံးနိုင်ခြေလျှော့ချရေးနေ့" (International Day for Disaster Risk Reduction–IDDRR) ဟူ၍ အမည်ပြောင်းလဲသတ်မှတ်ခဲ့ကြောင်း။

ယခု ၂၀၂၄ ခုနှစ်အတွက် ဆောင်ပုဒ်မှာ "အနာဂတ်မှာကြံ့ကြံ့ခံနိုင်ဖို့ မျိုးဆက်သစ်တို့ စွမ်းအားမြှင့်တင်စို့"– Empowering the Next Generation for a Resilient Future ဖြစ်ကြောင်း၊ ကျောင်းသားလူငယ်မောင်မယ်များအနေဖြင့် အနာဂတ်တွင် ဘေးဒဏ်ကို ကြံ့ကြံ့ခံရင်ဆိုင်နိုင်သော စွမ်းအားမြင့်လူ့အဖွဲ့အစည်းတစ်ရပ်ကိုဖော်ဆောင်နိုင်ရန်အတွက် သဘာဝဘေးအန္တရာယ်စီမံခန့်ခွဲမှုနှင့်သက်ဆိုင်သည့်အတွေ့အကြုံဗဟုသုတများပြည့်ဝနေရန် လိုအပ်မည်ဖြစ်ကြောင်း ပြောကြားပြီး စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကာ ဖွင့်ပွဲအခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ထို့နောက် သဘာဝဘေးအန္တရာယ်စီမံခန့်ခွဲမှုစကားဝိုင်းကို ဆက်လက်ကျင်းပရာ ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်မှ ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများ၊ ဌာနဆိုင်ရာ ဝန်ထမ်းများက သိရှိလိုသည်များကို မေးမြန်းခြင်း၊ တာဝန်ရှိသူများက ရှင်းလင်းဖြေကြားခြင်းများ ဆောင်ရွက်ကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် နေပြည်တော်ကောင်စီဥက္ကဋ္ဌနှင့် နေပြည်တော်ကောင်စီဝင်အဖွဲ့ဝင်များ၊ တာဝန်ရှိသူများနှင့်အတူ နေပြည်တော် တပ်ကုန်းမြို့နယ်အတွင်း မြို့ပေါ်ရပ်ကွက်များနှင့် ကျေးရွာအုပ်စု ၁၂ ခုရှိ ရေကြီးရေလျှံမှုဖြစ်ပွားနေသော နေရာဒေသများသို့ သွားရောက်၍ သက်ဆိုင်ရာအုပ်ချုပ်ရေးအဖွဲ့အစည်းများ၊ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့ဝင်များ၊ လူမှုကူညီရေးအသင်းအဖွဲ့များ၏ ရှာဖွေကယ်ဆယ်ရေးဆောင်ရွက်နေမှုများကို ကွင်းဆင်းကြည့်ရှုပြီး လိုအပ်သည်များဖြည့်ဆည်းပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြကြောင်း သတင်းရရှိသည်။

(မဝ)



ရန်ကုန်-မန္တလေးရထားလမ်းပိုင်း ရမည်းသင်းနှင့်အင်ကြင်းကန်ဘူတာအကြား ရထားလမ်းနှင့် တံတားများ ရေတိုက်စားမှုအခြေအနေကိုတွေ့ရစဉ်။



ရန်ကုန်-မန္တလေးရထားလမ်းပိုင်း ရွှေဒါး-ပျော်ဘွယ်ဘူတာအကြားနှင့် ပျော်ဘွယ်ဘူတာရထားလမ်း ရေကျော်မှု အခြေအနေကိုတွေ့ရစဉ်။





ရွှေညောင်-တောင်ကြီးလမ်းပိုင်း ထီးသိမ်-ပေါ်မူကြား တာပေါင်ရေတိုက်စားမှုအခြေအနေကိုတွေ့ရစဉ်။

**❒ ကျောဖုံးမှအဆက်**

အကြားလမ်းပိုင်းများနှင့် အောင်ပန်းဘူတာယာဒ်ဝင်းတို့တွင် ရေကြီးနစ်မြုပ်မှုများဖြစ်ပေါ်၍ တံတားများ ရေတိုက်စားပြီး ရထားလမ်းရေကျော်မှုများကြောင့် ရန်ကုန်-မန္တလေးနှင့် သာစည်-ရွှေညောင် ရထားခရီးစဉ်များကို စက်တင်ဘာလ ၁၁ ရက်မှစတင်၍ ယာယီရပ်နားထားကြောင်းသတင်းရရှိသည်။

အဆိုပါရေကြီးရေလျှံမှုကြောင့် ယာယီရပ်နားခဲ့သည့်ရထားများမှာ ရန်ကုန်-မန္တလေး ရထားလမ်းပိုင်းတွင် အမှတ်(၁)အဆန်နှင့် အမှတ်(၂)အစုန်၊ အမှတ်(၁၁)အဆန်နှင့် အမှတ်(၁၂) အစုန်ရထားများ၊ သာစည်-ရွှေညောင်လမ်းပိုင်းတွင် အမှတ်(၁၄၁)အဆန်နှင့် အမှတ်(၁၄၂)အစုန် ရထားများဖြစ်သည်။

မန္တလေးတိုင်းဒေသကြီးနှင့်ရှမ်းပြည်နယ်တို့အတွင်း မိုးများအဆက်မပြတ်ရွာသွန်းမှုကြောင့် ရန်ကုန်-မန္တလေး ရထားလမ်းပိုင်းအတွင်း သာစည်မြို့နယ် ရှမ်းရွာဘူတာယာဒ်ဝင်းနှင့် ရှမ်းရွာ-ပျော်ဘွယ်လမ်းပိုင်းအတွင်း ခုနစ်နေရာတို့တွင် သံလမ်းပေါ်ရေကျော်ခြင်းနှင့် ရထားလမ်း တာပေါင်ထူးပေါက်ခြင်း၊ ရှမ်းရွာနှင့် ရမည်းသင်းဘူတာအကြား ရှစ်နေရာတို့၌ ရထားလမ်းရေတိုက်စားခြင်း၊ တံတားအမှတ်(၅၁၅) အဆန်လမ်းစွန်းခံနေရာ ရေတိုက်စားခြင်း၊ တံတားအမှတ် (၅၂၉)ဒေါက်တိုင်ပြတ်ထွက်ခြင်းနှင့် မန္တလေးဘက်ခြမ်း တံတားရေတိုက်စားခြင်း၊ တပ်ကုန်း-မကျည်းပင်ဘူတာအကြား၊ မကျည်းပင် - ညောင်လွန့်ဘူတာအကြားနှင့် ညောင်လွန့်ဘူတာယာဒ်ဝင်းအတွင်း ရထားလမ်းပေါ် ရေကျော်နေခြင်း၊ ရမည်းသင်း-အင်ကြင်းကန်ဘူတာအကြား ရထားလမ်းတာပေါင် ထူးပေါက်ခြင်းတို့အပြင် ဝမ်းတွင်းမြို့နယ် သပြေတောင်း-သဲတောဘူတာအကြား တံတားအမှတ်(၆၉၁) အစုန်/အဆန် တံတားများ၏ အောက်ခြေရေထိရန် ၉ ပေ ၂ လက်မခန့်သာလိုတော့သဖြင့် ရထားဖြတ်သန်းရန် အန္တရာယ်ရှိနိုင်ခြင်းနှင့် သာစည်-ရွှေညောင် လမ်းပိုင်းအတွင်း သာစည်-လှိုင်းတက်ဘူတာအကြား တံတားအမှတ်(၃၀)၊ လှိုင်းတက်-ဘုရားငါးဆူဘူတာအကြား တံတားအမှတ်(၃၄)နှင့် (၃၅)တို့၏ တံတားတာပေါင်များ ရေတိုက်စားနေခြင်း၊

## မံလွဲယံကြိုးပြင်ကာကွယ်တောသတ်မှတ်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊ သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနသည် ၂၀၁၈ ခုနှစ်တွင် ပြဋ္ဌာန်းထားသည့် သစ်တောဥပဒေပုဒ်မ ၆၊ ပုဒ်မခွဲ(င)အရ အပ်နှင်းထားသောလုပ်ပိုင်ခွင့်များကိုကျင့်သုံးလျက် စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် ကသာမြို့နယ်အတွင်း ကျရောက်နေသည့်ဧရိယာအကျယ်အဝန်း ၁၄၅၃၄ ဧကရှိသောနယ်မြေကို **“မံလွဲယံကြိုးပြင်ကာကွယ်တော”**အဖြစ် အမိန့်ကြော်ငြာစာအမှတ် (၇၉/၂၀၂၄)အရ ၁၃၈၆ ခုနှစ် တော်သလင်းလဆန်း ၄ ရက် (၂၀၂၄ ခုနှစ် စက်တင်ဘာလ ၆ ရက်)မှစ၍ သတ်မှတ်ကြောင်း ကြေညာလိုက်သည်။

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနသည် မြစ်၊ ချောင်း၊ အင်း၊ အိုင် စသည့် ရေအရင်းအမြစ်နှင့် ရေဝေရေလဲဒေသများ ထိန်းသိမ်းရန်၊ ဂေဟစနစ် တည်ငြိမ်မှုရှိစေရန်၊ ဒေသခံပြည်သူများ၏ အခြေခံလိုအပ်ချက်ဖြစ်သော သစ်၊ ထင်း၊ ဝါး စသည့် သစ်တောထွက်ပစ္စည်းများ ဖြည့်ဆည်းပေးနိုင်ရန်၊ ဇီဝမျိုးစုံမျိုးကွဲများ ထိန်းသိမ်းနိုင်ရန်နှင့် ရာသီဥတုသာယာမှုတစေပြီး စိုက်ပျိုးရေးလုပ်ငန်းများကို အထောက်အကူပြုစေရန် ရည်ရွယ်၍ ကြိုးဝိုင်း/ကြိုးပြင် ကာကွယ်တောများကို ဖွဲ့စည်းသတ်မှတ်ခြင်းဖြစ်ပါသည်။

မံလွဲယံကြိုးပြင်ကာကွယ်တော သတ်မှတ်ခြင်းအားဖြင့် အဆိုပါဧရိယာအတွင်း ပေါက်ရောက်လျက်ရှိသော အဖိုးတန်သစ်မျိုးဖြစ်သည့် ကျွန်း၊ ပျဉ်းကတိုး၊ ပိတောက်၊ ထောက်ကြံ့နှင့် အခြားဒေသမျိုးရင်းသစ်မျိုးများဖြစ်သော အင်၊ ကညင်၊ ယမနေ၊ သတီ၊ သစ်အယ်၊ ဘင်္ဂ၊ ကြို့ စသည့်သစ်မျိုးများအားထိန်းသိမ်းနိုင်မည်ဖြစ်ခြင်း၊ ချေ၊ တောဝက်၊ တောကြောင်၊ တောကြက် စသည့်တိရစ္ဆာန်များ၊ ဇီဝမျိုးစုံမျိုးကွဲများ နေထိုင်ကျက်စားရာဒေသများ၊ နေရင်းဒေသများ ထိန်းသိမ်းနိုင်မည်ဖြစ်ခြင်း၊ မြန်မာနိုင်ငံ၏ အဓိကမြစ်ကြီးဖြစ်သည့် ဧရာဝတီမြစ်၏ ရေဝေရေလဲဒေသအား ထိန်းသိမ်းနိုင်မည်ဖြစ်ခြင်း၊ သစ်နှင့် သစ်မဟုတ်သောသစ်တောထွက်ပစ္စည်းများ ပိုမိုတိုးပွားလာစေခြင်း၊ နုန်းအနည်



အနှစ်ပို့ချမှုများ၊ ရေတိုက်စားမှုများမှ ကာကွယ်ပေးနိုင်ခြင်း၊ သစ်တောဖုံးလွှမ်းမှု တိုးလာပြီး ရာသီဥတုပိုမိုကောင်းမွန်မှုတလာနိုင်ခြင်း၊ ဂေဟစနစ်ပိုမိုတည်ငြိမ်လာစေခြင်း စသည့်အကျိုးကျေးဇူးများရရှိနိုင်မည်ဖြစ်ပါသည်။

**သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်**
**ထိန်းသိမ်းရေးဝန်ကြီးဌာန**



သာစည်-ရွှေညောင်လမ်းပိုင်း၊ လှိုင်းတက်နှင့်ဘုရားငါးဆူကြား တံတားရေတိုက်စားမှုအခြေအနေကိုတွေ့ရစဉ်။



ရန်ကုန်-မန္တလေးရထားလမ်းပိုင်း ရှမ်းရွာနှင့် ပျော်ဘွယ်ဘူတာအကြား ရထားလမ်းတာပေါင်များရေတိုက်စားပြီး ထူးပေါက်မှုအခြေအနေကိုတွေ့ရစဉ်။






ရန်ကုန်-မန္တလေး အမှတ်(၁၁)အဆန် လူစီးအမြန်ရထားစီးခရီးသည်များအား နေပြည်တော်ဘူတာမှ မန္တလေးသို့ မော်တော်ယာဉ်များဖြင့် ပို့ဆောင်ပေးနေမှုကိုတွေ့ရစဉ်။

ဘုရားငါးဆူ-ယင်းမာပင်ဘူတာအကြား တံတားအမှတ်(၄၈)၏ ရွှေညောင်ဘက်ကမ်းကပ်ခုံ ရေတိုက်စားခြင်းနှင့် ရထားလမ်းတာပေါင်အား ရေတိုက်စားနေခြင်း၊ ကလော-မြင်းဒိုက်ဘူတာအကြား ခြောက်နေရာတွင် ရထားသံလမ်းပေါ် ရေကျော်နေခြင်း၊ အောင်ပန်းဘူတာယာဒ်ဝင်းအတွင်း သံလမ်းမျက်နှာပြင်အထက် ၁၀ လက်မခန့် ရေကျော်နေခြင်းတို့ကြောင့် ယနေ့နံနက်ပိုင်းမှစတင်၍ ရထားလမ်းပိုင်းများအား ယာယီပိတ်သိမ်းခဲ့ရသည်။ ထို့အတူ တောင်ကြီးမြို့နယ်အတွင်း စက်တင်ဘာလ ၉ ရက်မှစ၍ မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ရွှေညောင်-တောင်ကြီးလမ်းပိုင်း ထီးသိမ်-ပေါမူဘူတာအကြား တောင်ကြီးမြို့သို့ ရေပေးဝေသည့် ထီးသိမ်ကန်မှ ရေများလျှံပြီး ရထားလမ်းတူးမြောင်းတာပေါင် ရေတိုက်စားမှုကြောင့် တာပေါင်ပြိုကျပြီး ရထားလမ်းပိတ်ဆို့ခြင်းတို့ဖြစ်ပေါ်ခဲ့သည်။

ရထားလမ်းပိုင်းပိတ်သိမ်းမှုကြောင့် ယနေ့နံနက် ၆ နာရီတွင် ရန်ကုန်မှ ပုံမှန်ထွက်ခွာလာသည့် အမှတ်(၁၁)အဆန်ရထားသည် နေပြည်တော်ဘူတာသို့ ယနေ့ညနေ ၅ နာရီ ၂၂ မိနစ်တွင်ရောက်ရှိပြီး ရထားဖြင့်လိုက်ပါလာသည့် ခရီးသည် ၁၁၈ ဦးအား နေပြည်တော်ဘူတာမှတစ်ဆင့် မန္တလေးသို့ မော်တော်ယာဉ်သုံးစီးဖြင့် ည ၆ နာရီတွင် ဆက်လက်ပို့ဆောင်ပေးခဲ့သည်။

ရထားလမ်းပိုင်းအတွင်း ရေကြီးရေလျှံမှုနှင့် တံတားများ ရေထိုးမှုများဖြစ်ပေါ်လျက်ရှိပြီး ရေကျသွားသည့်အချိန်တွင် ရထားလမ်း မြေသားတာပေါင်နှင့် တံတားများအား အသေးစိတ်ကြည့်ရှုစစ်ဆေးပြီး ကွဲခိုင်ရေးလုပ်ငန်းများအား ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်းနှင့် ရထားလမ်းပိုင်းနှင့် တံတားများ စစ်ဆေးပြုပြင်ပြီးပါက ရထားများ ပုံမှန်အတိုင်းပြန်လည်ပြေးဆွဲပေးသွားမည်ဖြစ်ကြောင်း မြန်မာ့မီးရထားမှ သတင်းရရှိသည်။

(သတင်းစဉ်)

## ရွှေဆံတော်ကြိုးပြင်ကာကွယ်တော သတ်မှတ်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနသည် ၂၀၁၈ ခုနှစ်တွင် ပြဋ္ဌာန်းထားသည့် သစ်တောဥပဒေ ပုဒ်မ ၆၊ ပုဒ်မခွဲ(င)အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်များကိုကျင့်သုံးလျက် မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် ဝမ်းတွင်းမြို့နယ်အတွင်းကျရောက်နေသည့် ဧရိယာအကျယ်အဝန်း ၄၁၀ ဧကရှိသောနယ်မြေကို **“ရွှေဆံတော်ကြိုးပြင်ကာကွယ်တော”** အဖြစ် အမိန့်ကြော်ငြာစာအမှတ်(၈၁/၂၀၂၄)အရ ၁၃၈၆ ခုနှစ် တော်သလင်းလဆန်း ၄ ရက် (၂၀၂၄ ခုနှစ်၊ စက်တင်ဘာလ ၆ ရက်)မှစ၍သတ်မှတ်ကြောင်း ကြေညာလိုက်သည်။

သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနသည် အပူပိုင်းဒေသဖြစ်သော ဝမ်းတွင်းမြို့၏ပတ်ဝန်းကျင်ဒေသအား အပူချိန်လျော့နည်းကျဆင်းပြီး ပူပြင်းခြောက်သွေ့မှုကာကွယ်ရန်၊ ရာသီဥတုသာယာမျှတစေပြီး စိမ်းလန်းစိုပြည်သာယာလှပစေရန်၊ သဘာဝပတ်ဝန်းကျင်ထိခိုက်ပျက်စီးမှုလျော့နည်းသက်သာစေရန်၊ မြေဆီလွှာတိုက်စားမှုများ တားဆီးကာကွယ်ရန်နှင့် အပူပိုင်းသစ်တောများထိန်းသိမ်းရန်ရည်ရွယ်၍ ကြိုးဝိုင်း/ကြိုးပြင်ကာကွယ်တောများအဖြစ် ဖွဲ့စည်းသတ်မှတ်ခြင်းဖြစ်ပါသည်။

ရွှေဆံတော်ကြိုးပြင်ကာကွယ်တော သတ်မှတ်ခြင်းဖြင့် အဆိုပါဧရိယာအတွင်း ပေါက်ရောက်လျက်ရှိသော အပူပိုင်းဒေသ၏ ဒေသမျိုးရင်းသစ်မျိုးများဖြစ်သည့် သန်း၊ ဒဟတ်၊ ရှား၊ ထနောင်း၊ တမာ၊ ဆူးဖြူ စသည့် သစ်မျိုးများအား ထိန်းသိမ်းနိုင်မည်ဖြစ်ခြင်း၊ ဒေသခံပြည်သူများအတွက် လယ်ယာလုပ်ငန်းသုံး သစ်၊ ထင်း၊ ဝါးနှင့် အခြားအပူပိုင်းဒေသထွက်သစ်တောထွက်ပစ္စည်းများ ပိုမိုရရှိနိုင်ခြင်း၊ အရိပ်နှင့်နားခိုရာနေရာများ တိုးပွားလာစေခြင်း၊ ခါ၊ ချိုး၊ တောကြောင်၊ ငုံး၊ ယုန် စသည့်တိရစ္ဆာန်များ၏ နေထိုင်ကျက်စားရာဒေသအား ထိန်းသိမ်းနိုင်မည်ဖြစ်ခြင်း၊ သဲကန္တာရဖြစ်ထွန်းမှု တိုက်ဖျက်ရေးအထောက်အကူပြုလုပ်ငန်းများဆောင်ရွက်နိုင်မည်ဖြစ်ခြင်း၊ ရေတိုက်စားမှု၊ လေတိုက်စားမှုများမှ တားဆီးကာကွယ်နိုင်မည်ဖြစ်ခြင်း၊ မြေဆီလွှာထိန်းသိမ်းရေးလုပ်ငန်းများ ဆောင်ရွက်နိုင်မည်ဖြစ်ခြင်း၊ မြေအောက်ရေထိန်းသိမ်းနိုင်ခြင်းနှင့် သစ်တောဖုံးလွှမ်းမှုတိုးလာပြီး ရာသီဥတုပိုမိုကောင်းမွန်မျှတလာနိုင်ခြင်း စသည့်အကျိုးကျေးဇူးများရရှိနိုင်မည်ဖြစ်ပါသည်။



**သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန**

MYAWADY IN ENGLISH

www.myawady.net.mm DAILY EDITION E-mail:mwddailynewspapergroup@gmail.com

# Onion from Seikpyu marketable in Mandalay



MANDALAY September 11

"Onions produced from Seikpyu of Magway Region are in high demand at Mandalay market," said Daw May The Swe, the owner of onion and potato brokerage in Mandalay.

Mandalay market is trading onions from Seikpyu of Magway Region in the last week of June. Moreover, both domestic and international markets offer to purchase onions from Seikpyu.

"Merchants purchase onions from Seikpyu at Mandalay market at present. So, Seikpyu's onion is marketable in Mandalay," she added.

On 24 August, Seikpyu's onion fetched Ks-2,300 per viss in Mandalay market.

Daw May The Swe continued, "Onion from Seikpyu as well as Taungtha and Pakokku flows into Mandalay market on a daily basis. At present, onion from Seikpyu is top in trading at Mandalay market. Onion from Myingyan and Taungtha are being traded as normalcy."

SMK

# Mawlamyinegyun sent more than 80,000 baskets of Thai Baykya paddy to Yangon market



MAWLAMYINEGYUN September 11

"Mawlamyinegyun Township of Ayeyawady Region dispatched 88,000 baskets of Thai Baykya paddy to Yangon market in July," said Daw Thuza Win, the owner of rice and paddy commodity centre in Mawlamyinegyun Township.

Local businesspersons sent 60,000 baskets of Thai Baykya paddy to Yangon market in June, compared with 88,000 baskets in July.

Daw Thuza Win explained: "Local businesspersons sold 88,000 baskets of Thai Baykya paddy to Yangon market. They send agricultural produce to Yangon market primarily. Thai Baykya paddy is involved in the non-premium rice varieties. Now, merchants in Yangon market are eager to purchase paddy from Mawlamyinegyun Township. Prices of paddy are higher. Now, Thai Baykya paddy is marketable at home."

Thai Baykya paddy sent by Mawlamyinegyun Township fetched Ks-1.9 million per 100 baskets of paddy. Higher prices of paddy can contribute improvement of livelihoods and incomes of local fishermen and those in paddy production chain.

SK

# Katha District cultivates 1,264 acres of rain-fed sesame

KATHA September 11

A total of 1,264 acres of rain-fed sesame have been planted in Katha District of Sagaing Region this year, according to statistics from the Department of Agriculture for Katha District.

During the 2024-2025 rain crops planting season, 582 acres of rain-fed sesame are planned to be planted in Katha District and 1,264 acres have been planted since May this year.

"At present, we can plant more than the designated acres for rain-fed sesame. We are also working to expand sesame cultivation, produce better yields, and cultivate GAP systems," said U Myint Soe, head of the Department of Agriculture for Katha District.

In this year, the acreage of sesame planted in Katha district is as per following: 790 acres in Katha Township, 100 acres in Indaw Township, 290 acres in Htigyaing Township, and 290 acres in Bamauk Township, totalling 1,264 acres.

In the 2024-2025 rain crops planting season, the designated acres of rain-fed sesame was as following: 109 acres in Katha Township, 120 acres in Indaw Township, 260 acres in Htigyaing Township, and 93 acres in Bamauk Township, totalling 582 acres.

SMK

# MMMC to offer diploma courses for 2025-2026 academic year

YANGON September 11

Myanmar Mercantile Marine College (MMMC) will begin offering diploma courses for cadets in January 2025 for the 2025-2026 academic year.

These two-year courses include the Mercantile Marine Cadet Course (CD/52), Mercantile Marine Engineering Cadet Course (CE/50), and Mercantile Marine Electrical Cadet Course (CME/05). Upon successful completion, cadets will be awarded diplomas in nautical studies, maritime technology, or marine electrical engineering.

Applicants must have passed the Grade-12 examination and must not be older than 21 years of age as of 31 December 2024. Those applying for the Mercantile Marine Cadet Course and Marine Engineering Cadet Course must have passed with subject combinations including chemistry and physics, and must have achieved a total score of at least 400 marks. Applicants for the Mercantile Marine Electrical Cadet Course must have passed with subject combinations including chemistry and physics, and must have a minimum total score of 390 marks.

Applications can be submitted in person until 31 August. The college will admit 130 trainees for the Mercantile Marine Cadet Course, 130 for the Marine Engineering Cadet Course, and 40 for the Mercantile Marine Electrical Cadet Course.

Applicants will be selected through personal interviews, and more detailed information can be obtained from the Office of the Registrar and the Training Department during office hours

SK

# 79,000 acres of varieties of crops planted in this monsoon in Kyunhla Township

KYUNHLA September 11

A total of 79,000 acres of varieties of crops have been planted in this year's rain crops planting season, exceeding the target in Kyunhla Township, Kanbalu District of Sagaing Region, according to the Township Agriculture Department.

"In this year's rainy season, 76,873 acres of varieties of crops have been targeted to plant, and so far, 79,630 acres have been grown in the Township," said Daw Myint Myint Yee, staff officer of the Township Department of Agriculture. "We are discussing with the farmers to plant extra crops in the Township," she added.

The Township Department of Agriculture is making field trips and providing knowledge on agricultural techniques such as good quality seeds, systematic ways of planting and prevention of pest infestation to farmers in the Township.

A total of 79,000 acres of varieties of crops including 34,098 acres of paddy, 16,950 acres of pulses, 7,319 acres of oilseed crops, 51 acres of sugarcane, 19,663 acres of other types of crops and 1,549 acres of perennials has been cultivated this monsoon in the Township.

**SMK**



# Myinmu Township cultivates 3,127 acres of rain-fed vegetable crops

MYINMU September 11

A total of 3,127 acres of vegetable crops have been planted during this year's rain crops planting season in Myinmu Township, Sagaing District, Sagaing Region, according to statistics from the Department of Agriculture for Sagaing District.

During the 2024-2025 rain crops planting season, 5,700 acres of vegetable crops have been earmarked for planting, and since May this year, 3,127 acres have been planted.

"They planted mustards, chilies, spices, potatoes, cabbages, and eggplant. We provide technology to farmers so that they can grow all the vegetables under the GAP system. We are providing farmers with techniques to minimize chemical residues and grow healthily," said Daw Thida Lwin, head of the Department of Agriculture for Sagaing District.

This year, the Department of Agriculture has provided technical training to vegetable farmers in Myinmu Township to cultivate using the GAP method, and provided them with techniques to make the vegetables produced from the farms healthy crops. It is reported that the farmers are being provided for the expansion of vegetable cultivation.

**SMK**

# Pindaya muskmelons receive orders from multiple cities



PINDAYA September 11

MUSKMELONS produced from Pindaya, Shan State, have gained orders from Kyaukse, Mandalay, and Nay Pyi Taw, including Yangon, and the price is low.

"Muskmelon is an export item; however, the trade has to rely on the domestic market for now due to massive supply, helping consumers enjoy the fruit at a low price," said farmers and traders in Pindaya Township.

"Now the supply is massive, and the price also falls. But demand is still low because we only consume domestically. Muskmelon has received orders from Kyaukse, Mandalay, Nay Pyi Taw and Yangon. For consumers, it is good because they can buy it cheaply," said a muskmelon farmer in Pindaya.

In December 2023, muskmelon prices were pretty good, and trade was also acceptable. Price is likely to change in the following months, depending on plantation acres.

"Muskmelon price was good in December 2023, and trade was also good. Exports will resume later, so we have to rely on the domestic market now. Price will change over the next month, depending on plantation acres; price will fall if supply is large or rise if supply is low," he said.

**SMK**

# Labutta Township ships 85,000 visses of loaches to Yangon market

LABUTTA September 11

"Up to 85,000 visses of loaches from Labutta Township, Ayeyawady Region were shipped to Yangon in July," said Daw Tin Htwe, owner of fishery wholesale center in Labutta Township.

During June, up to 55,000 visses of loaches from Labutta Township were sold and from July 1 to 31, up to 85,000 visses of loaches from Labutta Township, Ayeyawady Region were shipped to Yangon. The price of one viss of loach is up to Ks-19,500.

"During July, fishery products including loaches from Labutta Township were sold in Yangon market. We sold fishery products mainly in Yangon market. Yangon market is ordering more loaches. It's convenient for us including the workers," she said.

The demand is good so the truck rental business owners, fishermen and the cargo workers are getting jobs comfortably.

**SMK**

# Kawlin District cultivates 244 acres of rain fed white jute

KAWLIN September 11

A total of 244 acres of white jute have been planted during this year's rain crops planting season in Kawlin District, Sagaing Region, according to statistics from the Department of Agriculture for Kawlin District.

During the 2024-2025 rain crops planting season, In Kawlin District, 237 acres of white jute were earmarked for planting, and since May this year, the locals have planted 108 acres in Kawlin Township, 77 acres in Wuntho Township, and 59 acres in Pinlebu Township, totalling 244 acres of white jute.

"White jute can withstand drought. It can grow in any type of soil. It is also a tropical forest plant. It can plant in areas with low rainfall and stones. We can expand white jute planting in such areas," said U Win Thein, head of the Department of Agriculture for Kawlin District.

During the 2024-2025 rain crops planting season in Kawlin District, the department earmarked to plant 101 acres of white jute in Kawlin Township, 77 acres in Wuntho Township, and 59 acres in Pinlebu Township, totalling 237 acres of white jute.

**SK**

# Hezbollah official killed in Israeli raid on SE Lebanese village

BEIRUT September 11

A Hezbollah official was killed and another member severely injured on Wednesday afternoon during an Israeli raid in southeastern Lebanon's Mays al-Jabal Village, Lebanese sources told Xinhua.

Military sources, who spoke anonymously, said an Israeli drone targeted a motorcycle with two air-to-ground missiles in Mays al-Jabal, killing a Hezbollah military cadre and wounding his companion.

They added that the civil defence crew is working to transfer the casualties to the government hospital.

Meanwhile, the Emergency Operations Center of Lebanon's Public Health Ministry issued a statement and confirmed the incident and casualties.

Israeli airstrikes also targeted the municipality of Yater and the villages of Maroun al-Ras and Rachaya al Foukhar in the eastern sector of the border area in southern Lebanon, the official National News Agency reported.

Also on Wednesday, Hezbollah claimed in a series of statements that its fighters have targeted the Israeli sites of Ruwaisat Al-Qarn, Al-Alam, and Al-Raheb, as well as the Zebdine barracks in the occupied Shebaa Farms.

The exchange of fire took place as tensions mounted along the Lebanon-Israel border since October 8, 2023, following a barrage of rockets launched by Hezbollah toward Israel in solidarity with Hamas' attack on Israel the previous day. Israel then retaliated by pounding southern Lebanon, where Hezbollah builds numerous weapons caches, tunnels, and bunkers, with heavy artillery. **Xinhua**

# Over 3,000 enterprises to attend 21st China-ASEAN Expo

BEIJING September 11

Over 3,000 enterprises are expected to attend the upcoming 21st China-ASEAN Expo in Nanning, south China's Guangxi Zhuang Autonomous Region, according to information revealed at a press conference Wednesday.

Scheduled from September 24 to 28, the expo boasts an exhibition area of nearly 200,000 square meters this year, with Malaysia as the country of honor, said Tan Pichuang, vice chairman of Guangxi Zhuang Autonomous Region.

This year's expo will add a new section for strategic emerging industries, showcasing the latest developments and technologies in fields such as digital technology, new energy and intelligent connected vehicles, said Vice Minister of Commerce Li Fei. Also, the United Arab Emirates will be a Special Partner Country, the first time the expo has invited a Gulf Cooperation Council member to participate, Li said.

Since the first China-ASEAN Expo was held in 2004, the event has actively built a platform for ASEAN enterprises to enter the Chinese market.

Official data shows that China has remained ASEAN's largest trading partner for 15 consecutive years. In the first seven months of this year, bilateral trade reached 552 billion U.S. dollars, up 7.7 percent year on year. **Xinhua**

# China ready to strengthen strategic ties with Russia - Foreign Ministry

BEIJING September 11

China is ready to strengthen strategic ties with Russia, as well as enrich the strategic content of Chinese-Russian relations, the Chinese Foreign Ministry said on Wednesday.

"China is ready to strengthen strategic ties with Russia, fully implement the role of the mechanism of Chinese-Russian consultations on strategic security and the mechanism of meetings of high representatives of the BRICS countries on security issues, and also continuously enrich the strategic content of Chinese-Russian relations," Chinese Foreign Minister Wang Yi was quoted as saying by the ministry.

He also noted at a meeting with Russian Security Council Secretary Sergei Shoigu in St. Petersburg that despite the unprecedented changes in the last hundred years, Chinese-Russian relations maintain a stable and healthy development dynamic.

China is willing to work together to deepen mutual trust and cooperation among BRICS member countries, and to build the BRICS mechanism into an important platform for unity and cooperation in the Global South, the statement added.



China ready to strengthen strategic ties with Russia.

Wang added that China supports Russia's work as the BRICS chair.

**Sputnik**

# South Korea boosts Russian LNG imports to 1.2mln tonnes in January-July 2024 - Statistics



South Korea boosts Russian LNG Imports to 1.2 mln tons in January-July 2024.

MOSCOW September 11

South Korea increased imports of liquefied natural gas (LNG) from Russia between January and July of 2024 by a quarter on the same period last year, a Sputnik analysis of official figures showed on Wednesday.

South Korea purchased 1.2 million tons of Russian LNG worth US$-711 million in the first seven months of the year following a decrease in imports seen at the end of 2023, according to Korean Statistical Information Service data. It imported 953,000 tons of Russian LNG worth US$-657 million in January-July 2023.

The boost in sales saw Russia become South Korea's sixth largest LNG supplier, with a 4.6 percent share in the Asian country's total LNG imports. The top three suppliers were Australia, Qatar and the United States.

In total, South Korea imported 26.5 million tons of LNG during the first seven months of the year, marking an increase of 3.2 percent compared to the same period last year.

**Sputnik**

# Two rockets hit U.S. embassy facility, military base near Baghdad Airport

BAGHDAD September 11

Two Katyusha rockets were fired late Tuesday night at a facility belonging to the U.S. embassy and an Iraqi military base near Baghdad International Airport, according to an Interior Ministry source.

One of the rockets landed near the U.S. embassy's logistic center at the perimeter of the airport without causing casualties. The other one landed on the counter-terrorism service base near the airport, causing material damage to one of the buildings, the source told Xinhua on condition of anonymity.

No group has so far claimed responsibility for the attack.

Iraqi military bases housing U.S. troops and the U.S. embassy in the Green Zone have been frequently targeted by mortar and rocket attacks. **Xinhua**

## Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

# Swarms of tiny ROBOTS could be injected into our bodies to treat bleeds in the brain, scientists say - in breakthrough that could 'open new frontiers in medicine'

- **Nanoscale robots hav been created that can be remotely guided as a swarm**
- **They could enable precise, low-risk treatment of brain aneurisms**

Tiny magnetic robot armies could treat bleeds in the brain and 'open new frontiers in medicine', experts have found.

Researchers have created nanoscale robots – each about a twentieth of the size of a red blood cell – that can be remotely guided as a swarm.

It is hoped they could enable precise, low-risk treatment of brain aneurisms, which cause around half a million deaths a year globally.

The condition – a blood-filled bulge on a brain artery that can rupture and cause fatal bleeds – can also lead to stroke and disability.

The team, co-led by the University of Edinburgh's School of Engineering, carried out lab tests using models of aneurisms and rabbits.

They engineered magnetic nanobots made up of blood-clotting drugs encased in a coating designed to melt at precise temperatures.

Several hundred billion of the bots were injected into an artery, then remotely guided to the site of the aneurism using magnets and medical imaging.

Once the swam was in position, the researchers used magnets to cluster them together and heat them to their coatings' melting point, releasing the drug at the precise location where it could prevent or stem bleeding in the brain.

The team said the study, published in the journal Small, points to a future where tiny robots could be remotely controlled to carry out complex tasks inside the human body in a minimally invasive way.

This could include targeted drug delivery and even organ repair.

Dr Qi Zhou, who co-led the study, said: 'Nanorobots are set to open new frontiers in medicine, potentially allowing us to carry out surgical repairs with fewer risks than conventional treatments and target drugs with pinpoint accuracy in hard-to-reach parts of the body.

'Our study is an important step towards bringing these technologies closer to treating critical medical conditions in a clinical setting.'

Researchers said the study showed nanobots had the potential to transport drugs to precise locations without risk of leaking into the bloodstream, which they said was a key test of the technology's safety and efficiency.

They also said the nanobots could reduce the need for implants in the treatment of brain aneurisms, such as coils or stents.

In turn, this would reduce the risk of implants being rejected by the body, and curb reliance on anti-blood-clotting drugs, which can cause bleeding and stomach problems.




It is hoped they could enable precise, low-risk treatment of brain aneurisms (artist's impression), which cause around half a million deaths a year globally.

They added that it can also take hours of painstaking surgery to get an implant to the aneurysm, because of the need to navigate a complex network of small blood vessels in the brain.

The team also included researchers from Shanghai Sixth People's Hospital.

This group has also developed nanorobots to remove blood clots, which they said also showed their potential in the treatment of strokes.



Tiny magnetic robot armies (pictured) could treat bleeds in the brain and 'open new frontiers in medicine', experts have found.

**WHAT IS A BRAIN ANEURYSM?**

A brain aneurysm is a bulge or ballooning blood vessel.

This can leak, causing bleeding in the brain, which can be life threatening.

Symptoms of a ruptured aneurysm include:

- Sudden, severe headache
- Nausea and vomiting
- Stiff neck
- Blurred or double vision
- Sensitivity to light
- Seizure
- Drooping eyelid
- Confusion
- Loss of consciousness

An unruptured aneurysm may not have any symptoms and could not require treatment.

The causes of brain aneurysms are often unclear.

Risk factors include high blood pressure, smoking, heavy drinking and old age.

Treatment may include surgery or medication to restore blood flow and relieve pain.

**Mail Online**

HEALTH

## မှတ်ဉာဏ်လျော့ကျခြင်းအတွက် အဓိကကျသော ဘဝနေထိုင်မှုပုံစံကိုတွေ့ရှိ

လန်ဒန်ကောလိပ်တက္ကသိုလ်မှ သုတေသနပညာရှင်များသည် ဥရောပဒေသရှိ နိုင်ငံပေါင်း ၁၄ နိုင်ငံမှ အသက် ၅၀ နှစ်နှင့် အထက်ရှိသူများကို ဆယ်စုနှစ်တစ်ခုကျော်ကြာ လေ့လာသုတေသနပြုရာမှ အသက်အရွယ်ကြီးလာသည့်အခါ ဖြစ်ပေါ်လေ့ရှိသည့် မှတ်ဉာဏ်လျော့ကျရခြင်း၏ အဓိကကျသော ဘဝနေထိုင်မှုပုံစံကို တွေ့ရှိလိုက်ပြီဖြစ်သည်။


သုတေသနပညာရှင်များသည် အသက် ၅၀ နှစ်နှင့်အထက်ရှိသူ ၃၂၀၀၀ ကျော်ကို လေ့လာမှုလုပ်ရာ ဆေးလိပ်သောက်ခြင်းက မှတ်ဉာဏ်လျော့ကျခြင်းကိုဖြစ်စေသည့် အဓိကကျသော ဘဝနေထိုင်မှုပုံစံဖြစ်နေသည်ကို တွေ့ရှိခြင်းဖြစ်သည်။

ပညာရှင်များက သုတေသနတွင်ပါဝင်သူများ၏ ဆေးလိပ်သောက်မှု၊ ကိုယ်လက်လှုပ်ရှားမှု၊ အရက်သောက်မှုနှင့် ပေါင်းသင်းဆက်ဆံမှုတို့အပါအဝင် ကျန်းမာရေးနှင့် ပတ်သက်သောအပြုအမူများကို အုပ်စုများခွဲ၍ နှစ်ပေါင်းများစွာကြာ လေ့လာခဲ့ခြင်းဖြစ်သည်။

ထို့နောက် ဆေးလိပ်သောက်သူများက ဆေးလိပ်မသောက်သူများထက် မှတ်ဉာဏ်လျော့ကျမှု ၈၅ ရာခိုင်နှုန်းပိုများသည်ကို တွေ့ရခြင်းဖြစ်သည်။ အလားတူ ဆေးလိပ်သောက်သော်လည်း ကိုယ်လက်လေ့ကျင့်ခန်းလုပ်ခြင်း၊ အရက်ကိုသင့်တင့်ရုံမျှသာ သောက်ခြင်းနှင့် ပေါင်းသင်းဆက်ဆံရေးကိုပုံမှန်လုပ်ဆောင်ခြင်းရှိသူများ၏ မှတ်ဉာဏ်ကျဆင်းမှုမှာ ဆေးလိပ်မသောက်သူများနှင့် အတူတူပင်ဖြစ်ကြောင်းတွေ့ရှိရသည်။

Ref: STD

K.H



## တစ်ကိုယ်ရေသုံးပစ္စည်းများတွင်ပါသော ဓာတုပစ္စည်းများက စောစီးစွာအပျိုဖော်ဝင်မှုကိုဖြစ်စေသည်

တစ်ကိုယ်ရေသုံးပစ္စည်းများတွင်ပါဝင်သော ဓာတုပစ္စည်းများက မိန်းကလေးငယ်များစောစီးစွာအပျိုဖော်ဝင်မှုကို ဖြစ်စေကြောင်း သုတေသနပညာရှင်များက တွေ့ရှိထားသည်။

ထိုဓာတုပစ္စည်းများမှာ ဟော်မုန်းစနစ်ကိုအနှောင့်အယှက်ဖြစ်စေပြီး ဦးနှောက်အတွင်းရှိ အဓိကကျသောလက်ခံသူများကို နိုးကြားထကြွစေနိုင်စွမ်းရှိသည်။

ထို့ပြင် မိန်းကလေးငယ်များတွင် အရွယ်မတိုင်မီ စောစီးစွာအပျိုဖော်ဝင်ခြင်းကြောင့် လူမှုရေးနှင့် စိတ်ပိုင်းဆိုင်ရာပြဿနာများကိုဖြစ်ပေါ်စေကာ အဝလွန်ခြင်း၊ ဆီးချိုရောဂါဖြစ်ခြင်း၊ နှလုံးရောဂါဖြစ်ခြင်းနှင့် ရင်သားကင်ဆာဖြစ်ခြင်းတို့ကဲ့သို့သော ရောဂါများကိုလည်းဖြစ်ပေါ်စေသည်။

အဆိုပါဓာတုပစ္စည်းများတွင် အချို့ဆပ်ပြာမှုန့်များ၊ ရေမွှေးများနှင့် တစ်ကိုယ်ရေသုံးပစ္စည်းများတွင် အမွှေးနံ့အဖြစ်ထည့်သွင်းလေ့ရှိသည့်အရာများ ပါဝင်ကြောင်း အမေရိကန်အမျိုးသားကျန်းမာရေးဌာနမှ သုတေသီများကပြောသည်။

ထို့ကြောင့် ကလေးငယ်များအတွက် အသုံးပြုသည့် တစ်ကိုယ်ရေသုံးပစ္စည်းများကိုအသုံးပြုမည်ဆိုပါက သတိချပ်စေလိုကြောင်းနှင့် ယင်းအကြောင်းနှင့်ပတ်သက်၍ နောက်ထပ်လေ့လာမှုများလုပ်ရဦးမည်ဖြစ်ကြောင်း သုတေသနပညာရှင်များက သတိပေးထားသည်။

Ref: STD

K.H



BUSINESS

## ဂျပန်က မောင်းသူမဲ့ကျည်ဆန်ရထားများပြေးဆွဲရန်စီစဉ်နေ



ဂျပန်နိုင်ငံက ၂၀၃၀ ပြည့်နှစ်မတိုင်မီကာလတွင် နိုင်ငံတစ်ဝန်း၌မောင်းသူမဲ့ကျည်ဆန်ရထားများပြေးဆွဲရန်စီစဉ်နေကြောင်း အရှေ့ဂျပန်မီးရထားလမ်းကုမ္ပဏီကပြောသည်။

ပထမဆုံးသောမောင်းသူမဲ့ကျည်ဆန်ရထားများပြေးဆွဲမှုကို ၂၀၂၈ ခုနှစ်တွင် စတင်သွားမည်ဖြစ်ကြောင်း ထိုကုမ္ပဏီက ထုတ်ပြန်ထားသည်။

ထိုသို့ပြောင်းလဲလိုက်မှုအတွက် ကျည်ဆန်ရထားမောင်းသူများ အလုပ်လက်မဲ့ဖြစ်သွားမည်မဟုတ်ဘဲ ၎င်းတို့ကိုရထားမောင်းခန်းတွင် လိုက်ပါစေမည်ဖြစ်သည်ဟု ကုမ္ပဏီ၏ထုတ်ပြန်ချက်တွင်ဖော်ပြထားသည်။

ယခုကဲ့သို့ ပြောင်းလဲမှုများလုပ်ရခြင်းသည် မီးရထားလမ်းနည်းပညာတွင် စဉ်ဆက်မပြတ်တီထွင်ဆန်းသစ်မှုကို ဖော်ဆောင်ခြင်းဖြစ်ကြောင်းနှင့် အလုပ်သမားရှားပါးမှုကိုသာမက အခြားသောပြဿနာများကိုလည်း ဖြေရှင်းခြင်းဖြစ်ကြောင်း ကုမ္ပဏီကပြောသည်။

ဂျပန်နိုင်ငံသည် သက်ကြီးရွယ်အိုများပြားခြင်း၊ လူငယ်များနည်းပါးလာခြင်းတို့ကြောင့် လုပ်သားအင်အားစုကျဆင်းလာသည့်ပြဿနာများကို စီးပွားရေးလုပ်ငန်းနယ်ပယ်တိုင်းတွင် ရင်ဆိုင်နေရကြောင်း သိရသည်။

Ref: TST

K.H

## ထိုင်းနိုင်ငံ၏ EV ဈေးကွက်တွင် အရောင်းအဝယ်အေးလျက်ရှိ



ထိုင်းနိုင်ငံ၏ EV ဈေးကွက်၌ အရောင်းအဝယ်အေးလျက်ရှိနေသောကြောင့် မော်တော်ကားထုတ်လုပ်သူများက အစိုးရနှင့် ပြန်လည်ညှိနှိုင်းမှုများလုပ်ဆောင်နိုင်ရေး တောင်းဆိုထားကြသည်။

ဆွေးနွေးလိုသည့်အကြောင်းအရာမှာ EV ကားများကို သတ်မှတ်အရေအတွက်အတိုင်းထုတ်လုပ်ရန် လျာထားသည့်ကာလကို တိုးမြှင့်ပေးနိုင်ရေးဖြစ်သည်။

ထိုင်းအစိုးရသည် EV 3.0 အစီအစဉ်ကို အကောင်အထည်ဖော်နေပြီး ထိုအစီအစဉ်အရ နိုင်ငံအတွင်းလာရောက်ရင်းနှီးမြှုပ်နှံသည့်ကုမ္ပဏီများအနေဖြင့် ၂၀၂၂ ခုနှစ်နှင့် ၂၀၂၃ ခုနှစ်အတွင်း ထိုကုမ္ပဏီများက တင်သွင်းလာသည့် အရေအတွက်အတိုင်း ယခုနှစ်အတွင်းထုတ်လုပ်ရန်သတ်မှတ်ထားခြင်းဖြစ်သည်။ ထိုအစီအစဉ်အတွက် အစိုးရက အခွန်ကင်းလွတ်ခွင့်များပေးထားကြောင်း သိရသည်။

Ref: RTA

K.H

## ကမ္ဘာ့ရေနံစိမ်းဈေးနှုန်းများအနည်းငယ်ပြန်တက်

ပြီးခဲ့သည့်ရက်ပိုင်းအတွင်း ကမ္ဘာ့ရေနံစိမ်းဈေးနှုန်းကျဆင်းခဲ့ရာမှ စက်တင်ဘာလ ၁၁ ရက်တွင် အနည်းငယ်ပြန်တက်လာသည်ကိုတွေ့ရသည်။ ရေနံစိမ်းဈေးနှုန်းတက်ရသည့်အကြောင်းရင်းများအနက် တစ်ခုမှာ အမေရိကန်အစိုးရ၏ အရန်လောင်စာဆီပမာဏ နည်းပါးလာခြင်းကြောင့်ဖြစ်သည်။



ထို့ကြောင့် စက်တင်ဘာလ ၁၁ ရက် ဈေးကွက်ဖွင့်ချိန်တွင် ရေနံစိမ်းဈေးနှုန်းသည် ၁ ရာခိုင်နှုန်းကျော်မြင့်တက်သည့်ဈေးဖြင့်စတင်ခဲ့ခြင်းဖြစ်သည်။ ဘရန့်ရေနံစိမ်းဈေးမှာ ၁ ဒသမ ၆ ရာခိုင်နှုန်းဖြစ်သည့် ၁ ဒသမ ၁၀ ဒေါ်လာနှင့် WTI ရေနံစိမ်းမှာ ၁ ဒသမ ၇ ရာခိုင်နှုန်းဖြစ်သည့် ၁ ဒသမ ၁၁ ဒေါ်လာမြင့်တက်လာသည်။

ယင်းအတွက် ဘရန့်ရေနံစိမ်းတစ်စည်လျှင် ၇၀ ဒသမ ၂၉ ဒေါ်လာနှင့် WTI ရေနံစိမ်းတစ်စည်လျှင် ၆၆ ဒသမ ၈၆ ဒေါ်လာ ပေါက်ဈေးရှိလာကြောင်းတွေ့ရသည်။

Ref: RTA

K.H

# ကမ်မလာဟဲရစ်နှင့်ထရမ့်တို့ ၂၀၂၄ ခုနှစ် သမ္မတရွေးကောက်ပွဲအတွက် ပထမဆုံးအကြိမ် စကားစစ်ထိုးပွဲပြုလုပ်

ဖီလာဒဲဖီးယား၊ နိုင်ငံရေး

အမေရိကန်ဒုတိယသမ္မတ ကမ်မလာဟဲရစ်နှင့် သမ္မတဟောင်း ဒေါ်နယ်ထရမ့်တို့က ၂၀၂၄ ခုနှစ် သမ္မတရွေးကောက်ပွဲအတွက် ပထမဆုံးအကြိမ်စကားစစ်ထိုးပွဲကို စက်တင်ဘာလ ၁၀ ရက် ည ၉ နာရီတွင် ဖီလာဒဲဖီးယားမြို့၌ပြုလုပ်ကြောင်း သိရသည်။

ကမ်မလာဟဲရစ်သည် ဒီမိုကရက်တစ်ပါတီမှ ရွေးကောက်ပွဲဝင်ကိုယ်စားလှယ်ဖြစ်ပြီး ဒေါ်နယ်ထရမ့်က ရီပတ်ဘလစ်ကန်ပါတီမှကိုယ်စားလှယ်ဖြစ်သည်။ ယခုတစ်ကြိမ်ပြုလုပ်သည့်စကားစစ်ထိုးပွဲကို ABC News သတင်းဌာနကဆောင်ရွက်ပေးခြင်းဖြစ်သည်။

စကားစစ်ထိုးပွဲသည် မိနစ် ၉၀ ကြာမြင့်ပြီး နှစ်ဦးစလုံးက စီးပွားရေး၊ ကိုယ်ဝန်ဖျက်ချရေး၊ လူဝင်မှုကြီးကြပ်ရေး၊ နိုင်ငံခြားရေးမူဝါဒများနှင့်ပတ်သက်၍ အချေအတင်ပြောဆိုကာ နိုင်ငံတစ်ဝန်းမှထောက်ခံသူများ၏မဲများကိုရယူရန် ကြိုးပမ်းကြသည်။

ဟဲရစ်နှင့်ထရမ့်တို့နှစ်ဦးစလုံးက စီးပွားရေးကိုခိုင်မာစေရန်နှင့် နေထိုင်မှုစရိတ်ကိုလျှော့ချနိုင်စေရန်တို့အတွက် အစီအစဉ်များကို ကိုယ်စီထုတ်ဖော်ပြောဆိုသည်။

နိုင်ငံခြားရေးမူဝါဒနှင့်ပတ်သက်၍မူ ထရမ့်က ဂျိုးဘိုင်ဒင်၏မှားယွင်းသည့်မူဝါဒများအကြောင်းကို အကြိမ်ကြိမ်ပြောဆိုလာသောကြောင့် ဟဲရစ်က ထရမ့်ကို ယခုစကားစစ်ထိုးပွဲသည် ၎င်းနှင့်ထရမ့်တို့ကြားလုပ်ဆောင်ခြင်းဖြစ်သည်ဟု သတိပေးရသည်။

ယခုစကားစစ်ထိုးပွဲသည် ထရမ့်နှင့် ဘိုင်ဒင်တို့၏စကားစစ်ထိုးပွဲကဲ့သို့မဟုတ်ဘဲ အကြိတ်အနယ်ရှိလှကာ စစ်တမ်းများအရဆိုလျှင် ထရမ့်နှင့်ဟဲရစ်တို့သည် သူတင်ကိုယ်တင် ထောက်ခံမှုများရရှိထားသည်ကိုတွေ့ရသည်။

Ref: Xinhua





# သတင်းတိုကဏ္ဍ

## ထိုင်းဝန်ကြီးချုပ် ရာထူးမှဖြုတ်ချခံရမည့်အရေးနှင့်ရင်ဆိုင်နေရ

ထိုင်းဝန်ကြီးချုပ်အသစ်ဖြစ်သော ဖယ်ထုန်ထန်ရှင်နာဝပ်သည် ဝန်ကြီးချုပ်အဖြစ် တာဝန် ထမ်းဆောင်ပြီးမကြာမီမှာပင် ရာထူးမှဖြုတ်ချခံရမည့်အရေးနှင့်ရင်ဆိုင်နေရကြောင်းသိရသည်။

ဖယ်ထုန်ထန်ရှင်နာဝပ်သည် လူ့ကျင့်ဝတ်စံနှုန်းများကို ချိုးဖောက်ထားကြောင်းနှင့်၎င်း၏ဖခင်ဖြစ်သည့် ဝန်ကြီးချုပ်ဟောင်း သက်ဆင်ရှင်နာဝပ်၏ လွှမ်းမိုးမှုအောက်တွင်ရှိနေကြောင်း နိုင်ငံရေးတက်ကြွလှုပ်ရှားသူများနှင့်အတိုက်အခံအဖွဲ့များက ရွေးကောက်ပွဲကော်မရှင်နှင့် အာဏာအလွဲသုံးစားလုပ်မှုတိုက်ဖျက်ရေးဌာနတို့ထံသို့ တင်ပြထားခြင်းဖြစ်သည်။

ဖယ်ထုန်ထန်ရှင်နာဝပ်သည် ထိုင်းနိုင်ငံရေးတွင်လွှမ်းမိုးမှုရှိသော ရှင်နာဝပ်မိသားစုမှ တတိယမြောက်ထိပ်တန်းတာဝန်ရှိသူနှင့် နိုင်ငံ၏အသက်အငယ်ဆုံးဝန်ကြီးချုပ်ဖြစ်လာသူဖြစ်သည်။

Ref: TST

## ဗီယက်နမ်၌ ရာဂီမုန်တိုင်းကြောင့် သေဆုံးသူ ၁၇၉ ဦးရှိလာ

ဗီယက်နမ်နိုင်ငံ၌ အင်အားပြင်းတိုင်ဖွန်းမုန်တိုင်းတစ်ခုဖြစ်သော ရာဂီဝင်ရောက်တိုက်ခတ်မှုကြောင့် စက်တင်ဘာလ ၁၁ ရက်အထိ နိုင်ငံတစ်ဝန်း၌ သေဆုံးသူ ၁၇၉ ဦးအထိ ရှိလာပြီဖြစ်ကြောင်းနှင့် မြစ်ရေလျှံမှုကြောင့် ဟန္နိုင်းမြို့တွင်ရေကြီးမှုများဖြစ်ပွားနေကြောင်းသိရသည်။

ထိုမြစ်ရေကြီးမှုသည် နှစ်ပေါင်း ၂၀ အတွင်းအဆိုးဆုံးဖြစ်ပြီး ပြည်သူထောင်ပေါင်းများစွာကို ဘေးကင်းရာသို့ရွှေ့ပြောင်းနေရာချထားပေးရသည်။

စက်တင်ဘာလ ၇ ရက်တွင်တိုက်ခတ်သောထိုမုန်တိုင်းကြောင့် ယခုသီတင်းပတ်အတွင်း သံမဏိသံပေါင်တံတားတစ်စင်းကျိုးကျထားသည်။

ထို့အတူ မိုးသည်းထန်စွာရွာသွန်းမှု၊ ရေကြီးမှုနှင့် မြေပြိုမှုများကြောင့် ပျောက်ဆုံးသူ ၁၄၅ ဦးခန့်ကျန်ရှိနေသေးကြောင်း အစိုးရကထုတ်ပြန်ထားသည်။

Ref: RTA

## လာအိုနိုင်ငံမြောက်ပိုင်း၌ ရေကြီးမှုများနှင့်မြေပြိုမှုများဖြစ်ပွား

လာအိုနိုင်ငံမြောက်ပိုင်းရှိ ဒေသအများအပြား၌ ရေကြီးမှုများနှင့် မြေပြိုမှုများဖြစ်ပွားရာ ဒေသခံပြည်သူများစွာမှာ ရေဘေးဒုက္ခကိုခံစားနေရကြောင်းသိရသည်။

ရာဂီမုန်တိုင်းကြောင့် ရက်များစွာကြာမိုးသည်းထန်စွာရွာသွန်းသည့်အတွက် ရေကြီးမှုများနှင့်အတူ မြေပြိုမှုများလည်း ဖြစ်ပွားရခြင်းဖြစ်သည်။

အလားတူမြစ်ရေကြီးမှုအခြေအနေများကြောင့် မြေနိမ့်ပိုင်းရှိဒေသများတွင် မြစ်ရေဝင်ရောက်မှုများဖြစ်ပေါ်ကာ လမ်းပန်းဆက်သွယ်ရေး၊ လျှပ်စစ်ဓာတ်အားနှင့် သောက်သုံးရေပေးဝေရေးတို့တွင် ပျက်စီးမှုများရှိကြောင်း တာဝန်ရှိသူများကပြောသည်။

ထို့အတူ နေအိမ်များ၊ လယ်ယာများ ပျက်စီးရသောကြောင့် ပြည်သူများ၏ နေ့စဉ်လူနေမှုဘဝများကိုပါ ထိခိုက်စေသောကြောင့် လက်ရှိတွင် ဒေသခံများကို ကယ်ဆယ်ရေး၊ ၎င်းတို့၏ဘေးကင်းလုံခြုံစေရေးတို့အတွက် ကူညီကယ်ဆယ်ရေးလုပ်ငန်းများကို အရေးပေါ်လုပ်ဆောင်လျက်ရှိကြောင်းသိရသည်။

Ref: Xinhua

## ဖိလစ်ပိုင်၌ မီးတောင်သတိပေးမှုကြောင့် ဒေသခံများထွက်ပြေး

ဖိလစ်ပိုင်နိုင်ငံ၌ မီးတောင်မှဓာတ်ငွေ့များထွက်ရှိသည့် သတိပေးမှုကြောင့် ဒေသခံများစွာမှာ နေအိမ်များကိုစွန့်ခွာထွက်ပြေးရကြောင်း သိရသည်။

နိုင်ငံအလယ်ပိုင်းတွင်ရှိသော ကန်လာအွန်မီးတောင်သည် စက်တင်ဘာလ ၁၁ ရက်တွင် အန္တရာယ်ရှိသောဓာတ်ငွေ့များကို မှုတ်ထုတ်မှုကြောင့် အနီးဝန်းကျင်ရှိရွာများမှဒေသခံရာပေါင်းများစွာမှာ ဘေးလွတ်ရာသို့ထွက်ပြေးရပြီး စာသင်ကျောင်းများ၊ ကယ်ဆယ်ရေးစခန်းများတွင် ခေတ္တခိုလှုံနေထိုင်နေရသည်။

မီးတောင်မှ ပြင်းထန်သောဆာလဖာဓာတ်ငွေ့များထွက်လာသည်ကို ဒေသခံများကဦးစွာသိရှိခြင်းဖြစ်ကြောင်း၊ ထွက်ရှိသည့်ဓာတ်ငွေ့ပမာဏက ၉၉၈၅ တန်အထိရှိကြောင်း၊ ထို့ကြောင့် မီးတောင်သတိပေးမှုကိုထုတ်ပြန်ကာ စာသင်ကျောင်းများ၊ ခရီးသွားလုပ်ငန်းနေရာများကို ယာယီပိတ်ထားရကြောင်း တာဝန်ရှိသူများကပြောသည်ဟုသိရသည်။

Ref: RTA

## မလေးရှားရှိမိဘမဲ့ဂေဟာများမှ နှိပ်စက်ခံရသူကလေး ၄၀၂ ဦးကိုကယ်ဆယ်

မလေးရှားရဲတပ်ဖွဲ့သည် ဆီလန်ဂေါနှင့် နီဂရီဆမ်ဘီလန်ပြည်နယ်တို့ရှိ မိဘမဲ့ဂေဟာများမှနှိပ်စက်ခံရသူကလေးငယ်၄၀၂ ဦးကိုကယ်ဆယ်လိုက်ကြောင်း ရဲချုပ်က စက်တင်ဘာလ ၁၁ ရက်တွင်ပြောသည်။

ကလေးငယ်များသည် အသက်တစ်နှစ်မှ ၁၇ နှစ်ကြားရှိသူများဖြစ်ကြောင်း၊ မိန်းကလေး ၂၀၁ ဦးနှင့်ယောက်ျားလေး ၂၀၁ ဦးဖြစ်ကြောင်း၊ အချို့မှာ လိင်ပိုင်းဆိုင်ရာ မတော်မတရားပြုကျင့်ခံထားရကြောင်း ရဲချုပ်ကဆက်ပြောသည်။

ထို့ပြင် အဆိုပါအမှုများနှင့်ပတ်သက်၍ အသက် ၁၇ နှစ်မှ ၆၄ နှစ်ကြားရှိ တရားခံဟုယူဆရသူ ၁၇၁ ဦးကို ရဲတပ်ဖွဲ့ကဖမ်းဆီးထားသည်။

ဖမ်းဆီးခံရသူများတွင် ကလေးထိန်းများ၊ ဘာသာရေးဆရာများနှင့် ဂေဟာမှူးများပါဝင်ကြောင်း ဒေသတွင်းသတင်းဌာနတစ်ခုကထုတ်ပြန်ထားသည်။

Ref: RTA

# ဩစတြေးလျ၌ စစ်ဆန့်ကျင်ရေးဆန္ဒပြသူများက ရဲတပ်ဖွဲ့နှင့်ပဋိပက္ခဖြစ်

ဆစ်ဒနီ၊ ပြည်တွင်းရေး

ဩစတြေးလျနိုင်ငံ၌ စစ်ဆန့်ကျင်ရေးဆန္ဒပြသူများက စစ်လက်နက်ပစ္စည်းပြပွဲအပြင်ဘက်၌ စက်တင်ဘာလ ၁၁ ရက်တွင် ဆန္ဒပြနေစဉ် ရဲတပ်ဖွဲ့နှင့် ပဋိပက္ခဖြစ်ပွားကြောင်းသိရသည်။

ရဲတပ်ဖွဲ့က ဆန္ဒပြလူအုပ်ကြီးကို မျက်ရည်ယိုဗုံးများ၊ ရော်ဘာကျည်ဆန်များနှင့် ငရုတ်ကောင်းဆေးရည်များအသုံးပြု၍ ဆန္ဒပြမှုကိုဖြိုခွဲခဲ့သည်။

ဆန္ဒပြသူရာပေါင်းများစွာသည် နှစ်နှစ်တစ်ကြိမ်ကျင်းပသော အပြည်ပြည်ဆိုင်ရာ စစ်လက်နက်ပစ္စည်းပြပွဲအပြင်ဘက်၌ စုရုံးကာ ပါလက်စတိုင်းကိုထောက်ခံသည့် ဆောင်ပုဒ်များဟစ်ကြွေးခြင်း၊ ပါလက်စတိုင်းအလံများကို ဝှေ့ယမ်းခြင်းတို့ လုပ်ဆောင်ကြောင်းတွေ့ရသည်။

ရဲတပ်ဖွဲ့ဝင်များသည် ဆန္ဒပြသူများကို လက်ထိပ်များခတ်၍ ဖမ်းဆီးခေါ်ဆောင်ခြင်း၊ ဆန္ဒပြသူများက ရဲတပ်ဖွဲ့ဝင်များကို တွန်းထိုးခြင်း၊ ဆန္ဒပြသူအချို့က ပြပွဲသို့ တက်ရောက်လာသူများကို အော်ဟစ်ခြင်းတို့လုပ်ဆောင်ကြောင်း ABC News သတင်းဌာနကဖော်ပြထားသည်။

ယခုကဲ့သို့ ဆန္ဒပြသူများနှင့်ရဲတပ်ဖွဲ့ဝင်များကြား ပဋိပက္ခဖြစ်ပွားမှုသည် ၂၀၀၀ ပြည့်နှစ်နောက်ပိုင်း အကြီးမားဆုံးဖြစ်စဉ်ဖြစ်ကြောင်း ဒေသတွင်းသတင်းဌာနများကဖော်ပြထားသည်။

Ref: RTA



# အမေရိကန်က ယူကရိန်းကို တာဝေးပစ်ဒုံးကျည်များ အသုံးပြုခွင့်ပေးဖွယ်ရှိ

ကီယက်၊ စစ်ရေး

အမေရိကန်နှင့်ဗြိတိန်နိုင်ငံတို့မှ နိုင်ငံခြားရေးဝန်ကြီးများသည် စက်တင်ဘာလ ၁၁ ရက်တွင် ယူကရိန်းနိုင်ငံသို့လာရောက်ပြီး အနောက်အုပ်စု၏လက်နက်များကို အသုံးပြုမှုတားမြစ်ချက်အချို့ ဖြေလျှော့ပေးနိုင်ရေး ဆွေးနွေးသွားမည်ဖြစ်ကြောင်း သိရသည်။

ထို့ကြောင့် အမေရိကန်သည် ယူကရိန်းအနေဖြင့် ရုရှားကိုတိုက်ခိုက်ရာ၌ တာဝေးပစ်ဒုံးကျည်များကို အသုံးပြုခွင့်ပေးဖွယ်ရှိကြောင်း လွှတ်တော်အမတ်တစ်ဦး၏ပြောဆိုမှုကိုကိုးကား၍ Axios သတင်းဌာနကဖော်ပြထားသည်။

အမေရိကန်ဦးဆောင်သော အနောက်အုပ်စုသည် ယူကရိန်းနိုင်ငံကိုလက်နက်များထောက်ပံ့ပေးထားသော်လည်း လက်နက်အချို့ကို ရုရှားနိုင်ငံအတွင်းပိုင်းသို့ တိုက်ခိုက်ရာ၌ အသုံးပြုခွင့်တားမြစ်ထားသည်။ ယခုအခါ ထိုတားမြစ်ချက်ကို ဖြေလျှော့ပေးမည်ဆိုပါက ရုရှား-ယူကရိန်းအရေးတွင် အနောက်အုပ်စု၏တိုက်ရိုက်ပါဝင်ပတ်သက်မှုရှိလာမည်ဖြစ်ကြောင်း သိရသည်။

Ref: RT

# နိုင်ငံ့ဝန်ထမ်းတက္ကသိုလ်(အောက်မြန်မာပြည်) ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးသင်တန်းအမှတ်စဉ်(၁၀)နှင့် အဆင့်မြင့်အရာထမ်းသင်တန်းအမှတ်စဉ်(၂၄)သင်တန်းဆင်းပွဲကျင်းပ

ရန်ကုန် စက်တင်ဘာ ၁၁

ဝန်ထမ်းအဖွဲ့အစည်း အကြီးအမှူး သင်တန်းအမှတ်စဉ်(၁၀)နှင့် အဆင့်မြင့် အရာထမ်းသင်တန်း အမှတ်စဉ်(၂၄)တို့၏သင်တန်းဆင်းပွဲအခမ်းအနားကို ယနေ့ နံနက် ၈ နာရီတွင် နိုင်ငံ့ဝန်ထမ်းတက္ကသိုလ် (အောက်မြန်မာပြည်)ရှိ ကေတုမတီခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ ပြည်ထောင်စုရာထူး ဝန်အဖွဲ့ဥက္ကဋ္ဌ ဦးအောင်သော်၊ အဖွဲ့ဝင် ဦးစိုးတင့်၊ အဖွဲ့ဝင် သူရဦးဘိုနီ၊ ဥက္ကဋ္ဌရုံး အဖွဲ့မှ ညွှန်ကြားရေးမှူးချုပ်၊ နိုင်ငံ့ဝန်ထမ်း တက္ကသိုလ်(အောက်မြန်မာပြည်)မှပါမောက္ခချုပ်နှင့်ဒုတိယပါမောက္ခချုပ်များ၊ တက္ကသိုလ် သင်ကြား/ စီမံဌာနများမှ တာဝန်ရှိပုဂ္ဂိုလ်များနှင့် သင်တန်းသား၊ သင်တန်းသူများ တက်ရောက်ကြသည်။

ပြည်ထောင်စုရာထူးဝန်အဖွဲ့ ဥက္ကဋ္ဌ ဦးအောင်သော်က သင်တန်းဆင်းအမှာစကားပြောကြားရာတွင် ဝန်ကြီးဌာနနှင့် အဖွဲ့အစည်းများမှ ဌာနအကြီးအကဲများ၊ တက္ကသိုလ်မှ ဆရာ၊ ဆရာမများနှင့် ပြည်တွင်းကျွမ်းကျင်ပညာရှင်များက လက်ရှိ အကောင်အထည်ဖော်ဆောင်ရွက်နေသော လုပ်ငန်းစဉ်များ၊ မူဝါဒများနှင့် လုပ်ထုံးလုပ်နည်းများကို လုပ်ငန်းအတွေ့အကြုံများနှင့်ပေါင်းစပ်ပြီး ပို့ချဆွေးနွေးခဲ့ကြောင်းပြောကြားသည်။

ဝန်ထမ်းအဖွဲ့အစည်း အကြီးအမှူး သင်တန်း အမှတ်စဉ်(၁၀)သို့ သင်တန်းသား ၁၇ ဦး၊ သင်တန်းသူ လေးဦး စုစုပေါင်း ၂၁ ဦးနှင့် အဆင့်မြင့်အရာထမ်းသင်တန်း အမှတ်စဉ်(၂၄)သို့ သင်တန်းသား ၂၃ ဦး၊ သင်တန်းသူ ၁၉ ဦး စုစုပေါင်း ၄၂ ဦး တက်ရောက်ကြပြီး သင်တန်းကာလမှာ ဇူလိုင်လ ၁၅ ရက်မှ စက်တင်ဘာလ ၁၁ ရက်အထိဖြစ်ကြောင်း သတင်းရရှိသည်။

(၅၀၀)




# ကမ္ဘာ့ဆေးလိပ်မသောက်ရေးနေ့အထိမ်းအမှတ် ဆွေးနွေးဟောပြောပွဲအခမ်းအနား ကျင်းပ

ရန်ကုန် စက်တင်ဘာ ၁၁

၂၀၂၄ ခုနှစ် ကမ္ဘာ့ဆေးလိပ်မသောက်ရေးနေ့ (ကမ္ဘာ့ဆေးရွက်ကြီးမသုံးစွဲသောနေ့) အထိမ်းအမှတ် ဆွေးနွေးဟောပြောပွဲအား ယနေ့နံနက် ၉ နာရီခွဲတွင် ရန်ကုန်တိုင်းဒေသကြီး ဗဟန်းမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၌ ကျင်းပခဲ့သည်။



အခမ်းအနားတွင် ရန်ကုန်တိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာနန္ဒဝင်းက အဖွင့်အမှာစကားပြောကြားပြီး ပြည်သူ့ကျန်းမာရေးဖောင်ဒေးရှင်းဥက္ကဋ္ဌ ဒေါက်တာသန်းစိန်က ဆွေးနွေးပွဲ ကျင်းပရခြင်းအကြောင်း ရှင်းလင်းတင်ပြသည်။

“နောက်ပိုင်းလူငယ်တွေက ဆေးလိပ်သောက်ခြင်း၊ Vape တွေ လည်ပင်းမှာ ဆွဲထားတယ်ဆိုရင် ဒါတွေက သူတို့အတွက် ပစ္စည်းတစ်ခုလို သတ်မှတ်လာတဲ့အခါမှာ စိန်ခေါ်မှုအသစ်တစ်ခုဖြစ်လာပါတယ်။ အသက်၁၈ နှစ်မပြည့်တဲ့သူတွေကို ဆေးလိပ်ရောင်းခြင်းမပြုဖို့၊ ကျောင်းပရိဝုဏ်တွေရဲ့ ပေ ၁၀၀ အတွင်းမှာ ဆေးလိပ်ရောင်းချခြင်းမပြုဖို့တားမြစ်ထားပြီးဖြစ်ပါတယ်။ ဒါနဲ့ပတ်သက်ပြီး ကျန်းမာရေးဝန်ကြီးဌာန၊ ပြန်ကြားရေးဝန်ကြီးဌာန၊ အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာနနဲ့အတူ ကျန်တဲ့ မိတ်ဖက်အဖွဲ့အစည်းတွေနဲ့ပူးပေါင်းဆောင်ရွက်သွားမှာဖြစ်ပါတယ်။ ဆေးလိပ်နဲ့ ဆေးရွက်ကြီးထွက်ပစ္စည်းတွေကို ထိန်းချုပ်ရေးလုပ်တဲ့နေရာမှာ လူငယ်တွေကိုယ်တိုင် ပါဝင်ဖို့အတွက်လည်း အခွင့်အလမ်းတွေ ဖန်တီးပေးဖို့လိုအပ်ပါတယ်”ဟု ရန်ကုန်တိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာနန္ဒဝင်းက ပြောသည်။

ယင်းနောက် အီးစီးကရက် E-Cigarette နှင့်လူငယ်အကြောင်း ခေါင်းစဉ်ဖြင့် ပါမောက္ခ ဒေါက်တာမြင့်ဟန်က ရှင်းလင်းပြောကြားခဲ့ပြီး တက်ရောက်လာသူများက ဆွေးနွေးခြင်း၊ အမေးအဖြေများပြုလုပ်ခြင်းတို့အား ဆောင်ရွက်ခဲ့ကြသည်။ ၂၀၂၄ ခုနှစ် ကမ္ဘာ့ဆေးလိပ်မသောက်ရေးနေ့ (ကမ္ဘာ့ဆေးရွက်ကြီးမသုံးစွဲသောနေ့) အထိမ်းအမှတ်အဖြစ် သတ်မှတ်ထားသည့်ဆောင်ပုဒ်မှာ "Protecting Children From Tobacco Industry Interference" ဖြစ်ပြီး မြန်မာဘာသာဖြင့် “ဆေးလိပ်ဆေးရွက်ကြီးလွှမ်းမိုးမှုအန္တရာယ် သတိပြုကာကွယ် တို့လူငယ်” ဖြစ်ကြောင်းသိရသည်။

လင်းခန့်

# တည်ထောင်ခွင့်ပြုပြီးနိုင်ငံရေးပါတီများ မှတ်ပုံတင်ခွင့် ဆက်လက်လျှောက်ထားလျက်ရှိ

နေပြည်တော် စက်တင်ဘာ ၁၁

နိုင်ငံရေးပါတီ တည်ထောင်လိုသူများက ယင်းတို့တည်ထောင်လိုသော ပါတီအမည်ကိုဖော်ပြ၍ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ လျှောက်ထားလျက်ရှိကြရာ ယနေ့အထိ ပါတီတည်ထောင်ခွင့်လျှောက်ထားလာသည့်အဖွဲ့ ၁၇ ဖွဲ့ရှိပြီး လျှောက်ထားသည့်အဖွဲ့များအနက် နိုင်ငံရေးပါတီ ၁၄ ပါတီကို တည်ထောင်ခွင့်ပြုပြီးဖြစ်သည်။

အဆိုပါ တည်ထောင်ခွင့်ပြုပြီး နိုင်ငံရေးပါတီ ၁၄ ပါတီအနက် ဦးကြင်ဝမ်းခေါင်းဆောင်သည့် **လူမှုစီးပွားမြှင့်တင်ရေးပါတီ**က ပါတီတည်ထောင်ခွင့်ပြုသည့်နေ့ရက်မှစ၍ ရက်ပေါင်း ၃၀ အတွင်း နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းနည်းဥပဒေ ၇ နှင့်အညီ ကော်မရှင်သို့ ယနေ့တွင် နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ပေးပါရန် လျှောက်ထားလာသည်။

ယင်းသို့ မှတ်ပုံတင်ခွင့်ပြုရန် လျှောက်ထားသည့် နိုင်ငံရေးပါတီ ၁၄ ပါတီအနက် ပါတီ ၁၁ ပါတီကို မှတ်ပုံတင်ခွင့်ပြုခဲ့ပြီး ကျန်ပါတီများကို မှတ်ပုံတင်ခွင့်ပြုနိုင်ရေး ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ဆက်လက်စိစစ်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

# နေပြည်တော်၊ ပြည်နယ်နှင့်တိုင်းဒေသကြီးများမှ တရားမဝင်သစ်နှင့် ယာဉ်၊ ယန္တရားများဖမ်းဆီးရမိ



နေပြည်တော် စက်တင်ဘာ ၁၁

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန သစ်တောဦးစီးဌာနသည် တရားမဝင်သစ်နှင့်သစ်တောထွက်ပစ္စည်းများ ရှာဖွေဖော်ထုတ်ဖမ်းဆီးရေးအား ပြည်သူပူးပေါင်းပါဝင်မှုဖြင့် လူထုအခြေပြုစောင့်ကြပ်ကြည့်ရှုသတင်းပို့စနစ် (Community Monitoring and Reporting System-CMRS) အပါအဝင် နည်းလမ်းမျိုးစုံဖြင့် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ **စက်တင်ဘာလ ၂ ရက်မှ ၈ ရက်အထိ** နေပြည်တော်၊ ပြည်နယ်နှင့်တိုင်းဒေသကြီးသစ်တောဦးစီးဌာနများမှ ပေးပို့လာသောစာရင်းများအရ တရားမဝင် **ကျွန်း (၁၇ ဒသမ ၁၅၇၄) တန်၊ သစ်မာ (၁၆ ဒသမ ၄၄၁၆)တန်၊ အခြား (၁၀ ဒသမ ၃၅၄၄)တန်၊ စုစုပေါင်း (၄၃ ဒသမ ၉၅၃၄)တန်၊ ယာဉ်/ ယန္တရား (၁၃)စီး၊ တရားခံ (၁၄) ဦး** ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

(သတင်းစဉ်)

# စက်တင်ဘာလ၏မိုးရေချိန်စံချိန်သစ်များ

| စဉ် | စခန်းအမည် | စံချိန်သစ်တင်သည့်ရက်စွဲ | မိုးရေချိန်စံချိန်သစ် | | ယခင်စံချိန်ကျိုးခဲ့သည့်ရက်စွဲ | မိုးရေချိန်စံချိန်ဟောင်း | | စခန်းဖွင့်သည့်နှစ်မှစ၍လွန်ခဲ့သောနှစ်ပေါင်း |
|---|---|---|---|---|---|---|---|---|
| | | | မီလီမီတာ | လက်မ | | မီလီမီတာ | လက်မ | |
| ၁။ | သာစည်(လှိုင်းတက်) | ၁၁-၉-၂၀၂၄ | ၃၀၂ | ၁၁.၈၉ | ၂၆-၉-၁၉၇၈ | ၁၂၂ | ၄.၈၀ | ၅၁ |
| ၂။ | ရမည်းသင်း | ၁၁-၉-၂၀၂၄ | ၂၈၅ | ၁၁.၂၂ | ၅-၉-၂၀၁၂ | ၁၁၃ | ၄.၄၅ | ၆၀ |
| ၃။ | ပင်လောင်း | ၁၁-၉-၂၀၂၄ | ၂၁၈ | ၈.၅၈ | ၁၀-၉-၂၀၂၄ | ၁၀၆ | ၄.၁၇ | ၅၈ |
| ၄။ | ဘားအံ (စိုက်ပျိုးရေးမိုးလေဝသ) | ၁၁-၉-၂၀၂၄ | ၁၈၇ | ၇.၃၆ | ၁၀-၉-၂၀၀၄ | ၁၈၁ | ၇.၁၂ | ၄၁ |
| ၅။ | လှိုင်လင် | ၁၁-၉-၂၀၂၄ | ၁၆၅ | ၆.၅၀ | ၂၅-၉-၁၉၉၅ | ၁၁၂ | ၄.၄၁ | ၅၈ |
| ၆။ | တောင်ကြီး | ၁၁-၉-၂၀၂၄ | ၁၅၅ | ၆.၁၁ | ၈-၉-၁၉၈၇ | ၁၀၆ | ၄.၁၇ | ၇၄ |
| ၇။ | တပ်ကုန်း | ၁၁-၉-၂၀၂၄ | ၁၀၇ | ၄.၂၁ | ၁၂-၉-၁၉၉၈ | ၈၄ | ၃.၃၁ | ၄၁ |

(မိုး/ဇလ)

# ၂၀၂၄ ခုနှစ် စက်တင်ဘာလ ဒုတိယ (၁၀) ရက်ပတ်အတွက် စိုက်ပျိုးရေးမိုးလေဝသခန့်မှန်းချက်

**နေပြည်တော် စက်တင်ဘာ ၁၁**

**ဘင်္ဂလားပင်လယ်အော်အခြေအနေ**

ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် လေဖိအားနည်းရပ်ဝန်း နှစ်ကြိမ်ဖြစ်ပေါ်နိုင်ပြီး တစ်ကြိမ်တွင် ပိုမိုအားကောင်းလာကာ မုန်တိုင်းငယ်အဖြစ်သို့ ရောက်ရှိနိုင်သည်။ အနောက်တောင် မုတ်သုံလေသည် ၂၀၂၄ ခုနှစ် စက်တင်ဘာလ ၁၅ ရက်နေ့မှ ၂၀ ရက်နေ့အတွင်း မြန်မာနိုင်ငံမြောက်ပိုင်းဒေသများမှ ဆုတ်ခွာသွားဖွယ်ရာရှိသည်။ အနောက်တောင်မုတ်သုံလေသည် ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် အားအသင့်အတင့်ရှိနိုင်သည်။

**မိုးရွာသွန်းနိုင်မှုအခြေအနေ**

နေပြည်တော်၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး (အနောက်ပိုင်း)၊ ရှမ်းပြည်နယ်နှင့် ကယားပြည်နယ်တို့တွင် ရွာသွန်းမြဲထက်ပိုနိုင်ပြီး စစ်ကိုင်းတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး(အရှေ့ပိုင်း)၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် ရွာသွန်းမြဲခန့် မိုးထစ်ချုန်းရွာနိုင်သည်။

**အမြင့်ဆုံးအပူချိန်အခြေအနေ**

တနင်္သာရီတိုင်းဒေသကြီး၊ ချင်းပြည်နယ်နှင့် ရှမ်းပြည်နယ်တောင်ပိုင်းတို့တွင် ၇၄ ဒီဂရီဖာရင်ဟိုက်မှ ၈၅ ဒီဂရီဖာရင်ဟိုက်အတွင်းနှင့် နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်(အရှေ့ပိုင်းနှင့်မြောက်ပိုင်း)၊ ရခိုင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် ၈၆ ဒီဂရီဖာရင်ဟိုက်မှ ၉၆ ဒီဂရီဖာရင်ဟိုက်အတွင်း အသီးသီးရှိနိုင်သည်။

**အနိမ့်ဆုံးအပူချိန်အခြေအနေ**

ချင်းပြည်နယ်တွင် ၅၃ ဒီဂရီဖာရင်ဟိုက်ခန့်၊ ပဲခူးတိုင်းဒေသကြီးတောင်ပိုင်း၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ကယားပြည်နယ်တို့တွင် ၆၃ ဒီဂရီဖာရင်ဟိုက်မှ ၇၂ ဒီဂရီဖာရင်ဟိုက်အတွင်းနှင့် နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး (အရှေ့ပိုင်းနှင့်အနောက်ပိုင်း)၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် ၇၃ ဒီဂရီဖာရင်ဟိုက်မှ ၈၂ ဒီဂရီဖာရင်ဟိုက်အတွင်း အသီးသီးရှိနိုင်သည်။

**လေထုစိုထိုင်းဆအခြေအနေ**

နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး (အရှေ့ပိုင်းနှင့်အနောက်ပိုင်း)၊ ဧရာဝတီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ကယားပြည်နယ်တို့တွင် ၇၇ ရာခိုင်နှုန်းမှ ၈၈ ရာခိုင်နှုန်းအတွင်းနှင့် ပဲခူးတိုင်းဒေသကြီးတောင်ပိုင်း၊ ရန်ကုန်တိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ချင်းပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် ၈၉ ရာခိုင်နှုန်းမှ ၉၉ ရာခိုင်နှုန်းအတွင်း အသီးသီးရှိနိုင်သည်။

**ပင်ငွေ့ရေငွေ့ပြန်နှုန်းအခြေအနေ**

တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် ၁၂ မီလီမီတာမှ ၂၂ မီလီမီတာအတွင်း၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ချင်းပြည်နယ်၊ ရှမ်းပြည်နယ်(အရှေ့ပိုင်းနှင့်တောင်ပိုင်း)၊ ရခိုင်ပြည်နယ်နှင့် ကယားပြည်နယ်တို့တွင် ၂၃ မီလီမီတာမှ ၃၃ မီလီမီတာအတွင်းနှင့် နေပြည်တော်၊ မကွေးတိုင်းဒေသကြီး၊ ကချင်ပြည်နယ်နှင့် ရှမ်းပြည်နယ်မြောက်ပိုင်းတို့တွင် ၃၄ မီလီမီတာမှ ၄၄ မီလီမီတာအတွင်း အသီးသီးရှိနိုင်သည်။

**မြေဆီလွှာအောင်းရေအခြေအနေ**

နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ချင်းပြည်နယ်၊ ရှမ်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် (ပြည့်ဝ)အခြေအနေနှင့် စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီးနှင့် ကယားပြည်နယ်တို့တွင် (စိုစွတ်)အခြေအနေ အသီးသီးရှိနိုင်သည်။ **(မိုး/ဇလ)**

# အသက်မွေးဝမ်းကျောင်းအထောက်အကူပြု မုန့်မျိုးစုံပြုလုပ်နည်းသင်တန်းဖွင့်လှစ်

**နမ့်စန် စက်တင်ဘာ ၁၁**

ရှမ်းပြည်နယ် (တောင်ပိုင်း) နမ့်စန်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ အသက်မွေးဝမ်းကျောင်းအထောက်အကူပြု မုန့်မျိုးစုံပြုလုပ်နည်းသင်တန်းဖွင့်ပွဲကို စက်တင်ဘာလ ၁၁ ရက် နံနက်ပိုင်းတွင် ကျင်းပသည်။

ရှေးဦးစွာ နမ့်စန်ခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးခွန်မြင့်သောင်းက အဖွင့်အမှာစကား ပြောကြားသည်။

ဆက်လက်၍ နမ့်စန်မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးစိုင်းမြတ်ဟိန်းစိုးက သင်တန်းတွင် သင်ကြားပို့ချမည့် သင်ခန်းစာများကို ရှင်းလင်းပြောကြားကာ အခမ်းအနားသို့ တက်ရောက်လာသော ခရိုင်/မြို့နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများက သင်ထောက်ကူပစ္စည်းများကို သင်တန်းသူများထံသို့ ထောက်ပံ့ပေးအပ်သည်။

အဆိုပါသင်တန်းကို နမ့်စန်မြို့နယ်အတွင်းရှိ ဝမ်ကျောင်းကျေးရွာ၊ ထင်းရှူးမြိုင်ကျေးရွာ၊ အမှတ် (၁) ကျေးရွာ၊ ဝမ်ကုန်းကျောင်းကျေးရွာနှင့် အမှတ်(၅) ကျေးရွာတို့မှ သင်တန်းသူ ၂၀ ဦးတက်ရောက်ကြပြီး သင်တန်းတွင် မုန့်မျိုးစုံပြုလုပ်နည်း၊ နို့ခဲ၊ မလိုင်၊ ဒိန်ချဉ်နှင့်နို့ခြောက်ပြုလုပ်နည်း အမျိုးမျိုးကို လုပ်ငန်းထူထောင်နိုင်သည် အထိ ကျွမ်းကျင်နည်းပြများက ၁၀ ရက်ကြာ (အခမဲ့) သင်ကြားသွားမည်ဖြစ်ပြီး အမှန်တကယ်လုပ်ငန်းထူထောင်မည့် ထူးချွန်သူများအားဦးစီးဌာနမှ ဆောင်ရွက်နေသည့် မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေများကို ထုတ်ချေးသွားမည်ဖြစ်ကြောင်း သိရသည်။ **ချိုသန်းညွန့်(ကျေးလက်)**



## သဇင် (FM)အသံလွှင့်အစီအစဉ် ၁၂-၉-၂၀၂၄(ကြာသပတေးနေ့)

| | | |
|---|---|---|
| ၁။ | ၀၆:၃၀ | ခံစားနားဆင်မြန်မာသံစဉ် |
| ၂။ | ၁၀:၀၀ | Internet Pages |
| ၃။ | ၁၄:၃၀ | Live For You |
| ၄။ | ၁၇:၀၀ | အနုပညာခရီးလမ်း |
